

မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) ဖြင့်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော
“မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း – မဲခေါင်နိုင်ငံများနှင့်ပူးပေါင်း၍
စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ခြင်းစီမံကိန်း”
(Improvement of Agriculture Trade Facilitation to Encourage Supply Chain of Myanmar's Agriculture Products in Collaboration with LMC Countries) ၏
အထောက်အပံ့ဖြင့် ဆောင်ရွက်သည်။

MLCSF
2023

MOALI

MEKONG-LANCANG COOPERATION

DEPARTMENT OF PLANNING

မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း – မဲခေါင်နိုင်ငံများနှင့်ပူးပေါင်း၍
စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ခြင်းစီမံကိန်း

# မြန်မာ့အစေ့ထုတ်ပြောင်း၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပို့ကုန်အလားအလာအား သုတေသနပြုလေ့လာခြင်း

ဒေါက်တာသိင်္ဂီမြင့်
နှင့်
စိုက်ပျိုးစီးပွားပညာရှင်များအဖွဲ့

၂၀၂၅ ခုနှစ်၊ ဇွန်လ

Mekong-Lancang Cooperation

မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း-မဲခေါင်
နိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု
မြှင့်တင်ခြင်းစီမံကိန်း

# မြန်မာ့အစေ့ထုတ်ပြောင်း၏
# ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပို့ကုန်အလားအလာအား
# သုတေသနပြုလေ့လာခြင်း


ဒေါက်တာသိင်္ဂီမြင့်

နှင့်

စိုက်ပျိုးစီးပွားပညာရှင်များအဖွဲ့


၂၀၂၅ ခုနှစ်၊ ဇွန်လ

Mekong-Lancang Cooperation

# မာတိကာ


အကျဉ်းချုပ် ........ vii
Abstract ........ x
၁။ နိဒါန်း ........ ၁
၁.၁။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါမှု ........ ၂
၁.၂။ ပြည်တွင်းနှင့် ပြည်ပပို့ကုန် ဈေးကွက်တွင် အစေ့ထုတ်ပြောင်း၏ အရေးပါမှု ........ ၃
၁.၃။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ပါဝင် ဆောင်ရွက်မှု အခန်းကဏ္ဍများ ........ ၆
၁.၄။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ........ ၇
၂။ သုတေသနဆောင်ရွက်ရခြင်း ရည်ရွယ်ချက် ........ ၁၀
၂.၁။ သုတေသန၏ ရည်ရွယ်ချက်များ ........ ၁၀
၂.၂။ သုတေသနတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကြုံတွေ့နိုင်သော အဟန့် အတားများ ........ ၁၀
၂.၃။ သုတေသနဆောင်ရွက်ရခြင်း၏ မျှော်မှန်းရလဒ်များ ........ ၁၁
၃။ သုတေသနဆောင်ရွက်သော နည်းလမ်းများ ........ ၁၂
၃.၁။ အချက်အလက်ကောက်ယူသည့် နည်းလမ်းများ ........ ၁၂
၃.၁.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် နည်းလမ်းများ........ ၁၂
၃.၁.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် နည်းလမ်းများ........ ၁၃
၃.၂။ ကောက်ယူသော အချက်အလက်များ........ ၁၄
၃.၂.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် အချက်အလက်များ ........ ၁၄
၃.၂.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် အချက်အလက်များ ... ၁၄
၃.၃။ တွက်ချက်သည့် နည်းလမ်းများ........ ၁၆
၃.၃.၁။ မူရင်းအချက်အလက် (Primary data) များအား တွက်ချက်သည့် နည်းလမ်းများ...... ၁၆
၃.၃.၂။ ဆင့်ပွားအချက်အလက် (Secondary data) များအား တွက်ချက်သည့် နည်းလမ်းများ ... ........ ၁၇
၃.၄။ သုတေသနအဖွဲ့ဝင်များ ........ ၁၉
၃.၅။ သုတေသနဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့်ကာလ ........ ၁၉
၄။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ခြုံငုံသုံးသပ်ချက်များ ........ ၂၁
၄.၁။ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုဆိုင်ရာ တွက်ချက်မှုများ ........ ၂၁
၄.၂။ အဓိက စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ........ ၂၄
၄.၃။ ပြည်တွင်းစားသုံးမှုနှင့် ပိုလျှံမှု........ ၂၅
၄.၄။ ထုတ်လုပ်မှုဆိုင်ရာ ကြုံတွေ့ရသော စိန်ခေါ်မှုများ........ ၂၆
၅။ ဈေးကွက်နိုင်းယှဉ်မှုများနှင့် ပို့ကုန်အလားအလာများ........ ၂၈
၅.၁။ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များ........ ၂၈

၅.၂။ မြန်မာနိုင်ငံမှ တင်ပို့သည့် အစေ့ထုတ်ပြောင်း၏ ကုန်သွယ်မှုဆိုင်ရာ ကုန်ကျ စရိတ်များ........ ၃၁
၅.၃။ ဈေးနှုန်းယှဉ်ပြိုင်မှုများနှင့် Norminal Protection Rate (NPR).......................................... ၃၂
၅.၄။ ထုတ်လုပ်နိုင်စွမ်းအားနှင့် အရည်အသွေးဆိုင်ရာ ယှဉ်ပြိုင်မှုများ.......................................... ၃၄
၅.၅။ ပို့ကုန်ကုန်သွယ်မှု အလားအလာ ဆန်းစစ်တွက်ချက်ခြင်း................................................. ၃၉
၅.၆။ ကမ္ဘာ့ဈေးကွက်ဆိုင်ရာ နှိုင်းယှဉ်အားသာချက်များ (Revealed Comparative Advantage-RCA and Revealed Symmetric Comparative Advantage-RSCA) .......................................... ၄၀
၆။ ထုတ်ကုန်ယှဉ်ပြိုင်မှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှု............................၄၂
၆.၁။ အဓိကကုန်သွယ်သည့်နိုင်ငံများနှင့် ပို့ကုန်ဈေးကွက်ရှယ်ယာများ......................................... ၄၃
၆.၂။ ပြည်တွင်းဈေးကွက်နှင့် ပို့ကုန်ဈေးကွက် ဝယ်လိုအား........................................................ ၄၅
၆.၃။ ဈေးကွက်ဆိုင်ရာ ကွင်းဆက် (ထုတ်လုပ်သူ-ပြည်တွင်းဈေး-ပို့ကုန်) .................................. ၄၈
၆.၄။ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ (SWOC analysis) ...................................................... ၅၁
၇။ သုံးသပ်တင်ပြချက်များ.............................................................................................................. ၅၃
၈။ မူဝါဒထောက်ခံချက်များ ............................................................................................................ ၅၆
(က) အခြေခံအဆောက်အဦ .................................................................................................... ၅၆
( ခ ) ဌာနဆိုင်ရာ အဖွဲ့အစည်းများ ......................................................................................... ၅၆
( ဂ ) စွမ်းဆောင်ရည်မြှင့်တင်ခြင်း ........................................................................................... ၅၆
(ဃ) နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု ............................................................................. ၅၆
( င ) မူဝါဒဖော်ဆောင်မှု........................................................................................................ ၅၇
( စ ) မဟာဗျူဟာနည်းလမ်းများ.............................................................................................. ၅၇
၉။ ကိုးကားချက်များ ..................................................................................................................... ၅၉
၁၀။ နောက်ဆက်တွဲများ.................................................................................................................. ၆၁

# ဇယားများ


ဇယား (၁) ဆင့်ပွားအချက်အလက် (Secondary Data) များရယူခြင်းနှင့် ၎င်းတို့၏ ဇာစ်မြစ်များ........၁၆
ဇယား (၂) သုတေသနဆောင်ရွက်ချက်များ ဆောင်ရွက်သည့် ကာလ.............................................. ၂၀
ဇယား (၃) ပြောင်းထုတ်လုပ်မှု အများဆုံးနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ ၂၁
ဇယား (၄) အာရှဒေသရှိ အစေ့ထုတ်ပြောင်း တင်သွင်းမှုအများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)................. ၂၈
ဇယား (၅) အာရှတိုက်၏ အစေ့ထုတ်ပြောင်း တင်ပို့မှုအများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)..................... ၂၉
ဇယား (၆) မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်း တင်ပို့မှုအများဆုံး အာရှနိုင်ငံများ (၂၀၂၃ ခုနှစ်) ............ ၃၀
ဇယား (၇) အစေ့ထုတ်ပြောင်း တစ်တန်အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ (၂၀၂၃ ခုနှစ်). ၃၁
ဇယား (၈) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း လက်ကားဈေးများ (အမေရိကန်ဒေါ်လာ/တန်)........................................................................... ၃၃
ဇယား (၉) မြန်မာ့အစေ့ထုတ်ပြောင်း၏ National Protection Rate (NPR) (၂၀၂၃ ခုနှစ်) ............... ၃၄
ဇယား (၁၀) မြန်မာနှင့်အာရှနိုင်ငံများ၏အစေ့ထုတ်ပြောင်းထုတ်လုပ်မှုအခြေအနေ (မီလီယံတန်/နှစ်) .. ၃၅
ဇယား (၁၁) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်းအထွက်နှုန်း အခြေအနေ (တန်/ဟက်တာ) ၃၆
ဇယား (၁၂) မြန်မာနှင့် အာရှနိုင်ငံများမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း ..................................................................................... ၃၇
ဇယား (၁၃) မြန်မာနိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ ဈေးနှုန်းအခြေအနေများကို နှိုင်းယှဉ်ခြင်း (FOB Price) ................................................ ၃၉
ဇယား (၁၄) မြန်မာ့အစေ့ထုတ်ပြောင်း၏ ပို့ကုန်ကုန်သွယ်မှုအလားအလာ (Trade Potential)၊ ၂၀၂၃ ခုနှစ် ...................................................................................................... ၄၀
ဇယား (၁၅) မြန်မာ့အစေ့ထုတ်ပြောင်း၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (RCA and RSCA) ..... ၄၁
ဇယား (၁၆) နှစ်အလိုက် အစေ့ထုတ်ပြောင်းတင်ပို့မှုအခြေအနေ ...................................................... ၄၇

# ပုံများ


ပုံ (၁) သုတေသန ဆောင်ရွက်ရန်အတွက် အဓိက လုပ်ငန်းစဉ်များ.............................................. ၁၂

ပုံ (၂) မြန်မာနိုင်ငံ၏ နှစ်အလိုက် အစေ့ထုတ်ပြောင်းစိုက်ဧရိယာ နှင့် စုစုပေါင်းအထွက်တန်ဖိုးများ (၂၀၁၂-၂၀၁၃ ခုနှစ် မှ ၂၀၂၂-၂၀၂၃ ခုနှစ်).................................................................... ၂၂

ပုံ (၃) ဒေသအလိုက် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု ရာခိုင်နှုန်း (၂၀၂၂-၂၀၂၃ ခုနှစ်) .........၂၄

ပုံ (၄) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း လက်ကားဈေးများ (US$/Ton).......................၃၂

ပုံ (၅) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း ထုတ်လုပ်မှုအခြေအနေ ............................. ၃၄

ပုံ (၆) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း အထွက်နှုန်း အခြေအနေ ............................ ၃၆

ပုံ (၇) မြန်မာနှင့် အာရှနိုင်ငံများမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း ............................................................................................................. ၃၈

ပုံ (၈) မြန်မာ့အစေ့ထုတ်ပြောင်းဝယ်ယူသော နိုင်ငံများ၏အချိုး................................................... ၄၄

ပုံ (၉) တရုတ်နိုင်ငံရှိ မြန်မာ့အစေ့ထုတ်ပြောင်း၏ ဈေးကွက်ဝေစုအချိုး ........................................ ၄၅

ပုံ (၁၀) ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာ့အစေ့ထုတ်ပြောင်း၏ ဈေးကွက်ဝေစုအချိုး .................................... ၄၅

ပုံ (၁၁) ထိုင်းနိုင်ငံရှိ မြန်မာ့အစေ့ထုတ်ပြောင်း၏ ဈေးကွက်ဝေစုအချိုး .......................................... ၄၅

ပုံ (၁၂) လအလိုက် အစေ့ထုတ်ပြောင်း တစ်တန်ဈေးနှုန်းများ (၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ) ........................................................................ ၄၆

ပုံ (၁၃) မြန်မာနိုင်ငံရှိ အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်.................................................. ၄၉

Mekong-Lancang Cooperation

# နောက်ဆက်တွဲများ


နောက်ဆက်တွဲ (က) မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် တွေ့ဆုံဆွေးနွေးမှုနှင့် အချက်အလက်ကောက်ခံခဲ့သော စာရင်းများ ........................................ ၆၁

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများ လေ့လာခြင်း သုတေသနအတွက် Key Informant Interview (KII-Government Official) ဆောင်ရွက်ခဲ့သည့် အရာရှိကြီးများစာရင်း........................................................................................ ၆၂

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် အုပ်စုလိုက်တွေ့ဆုံဆွေးနွေး (FGD) ခဲ့သည့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအသင်းအဖွဲ့များစာရင်း ........................................................................................................ ၆၄

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် အုပ်စုလိုက်တွေ့ဆုံဆွေးနွေး (FGD) ခဲ့သည့် မန္တလေးမြို့ရှိ သက်ဆိုင်ရာအသင်းအဖွဲ့များစာရင်း ........................................................................................................ ၆၄

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် ပါဝင်ဖြေကြားပေးသည့် နိုင်ငံအလိုက် စီးပွားရေးသံမှူးများ ........................................ ၆၅

အစေ့ထုတ်ပြောင်း တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ KII နည်းလမ်းဖြင့် ဆွေးနွေးမေးမြန်းခြင်းတွင် ပါဝင်သည့်လုပ်ငန်းရှင်များ .................. ၆၆

နောက်ဆက်တွဲ (ခ) မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်/ နိုင်ငံအလိုက် အစေ့ထုတ်ပြောင်းတင်ပို့မှု အခြေအနေ ........................................................................................................ ၆၇

Mekong-Lancang Cooperation

*ဤသုတေသနစာတမ်းကို မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) အစီအစဉ်၏ "မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း-မဲခေါင်နိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ခြင်းစီမံကိန်း" မှ ထုတ်ဝေခြင်းဖြစ်သည်။ ဤသုတေသနစာတမ်းတွင် ပါရှိသော အချက်အလက်များ၊ သုံးသပ်ချက်များသည် သုတေသနပညာရှင်အဖွဲ့၏ အလုံးစုံတာဝန်ယူမှုဖြင့် ကိန်းဂဏန်း အချက်အလက်များကို ကောက်ယူဆန်းစစ်၍ သုတေသနပြု ရေးသားထားခြင်းဖြစ်ပြီး မည်သည့်အဖွဲ့အစည်းကိုမှ ကိုယ်စားပြု ရေးသားထားခြင်းမဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။*

# အကျဉ်းချုပ်

မြန်မာနိုင်ငံမှ ပြည်ပသို့ အဓိက တင်ပို့သည့် စိုက်ပျိုးရေး ထွက်ကုန်များမှာ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ရော်ဘာ၊ အသားနှင့် ရေထွက်ကုန်ပစ္စည်းများ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် အစေ့ထုတ်ပြောင်းသည် ပြည်တွင်းတိရစ္ဆာန်စာ ဖူလုံမှုသာမက ပြည်ပတင်ပို့မှုအတွက်ပါ အဓိကအားထား နေရသော သီးနှံတစ်မျိုး ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ခုနှစ်တွင် အစေ့ထုတ်ပြောင်းစိုက်ဧက ဟက်တာ (၄) သိန်းကျော် စိုက်ပျိုးခဲ့ပြီး တစ်ဟက်တာ ပျမ်းမျှအထွက်နှုန်း (၃.၆၄) မက်ထရစ်တန်ခန့်ဖြင့် အထွက်တန်ချိန်ပေါင်း မက်ထရစ်တန် (၁.၅၃) သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီတွင် စိုက်ဧက ဟက်တာ (၆) သိန်း အထိစိုက်ပျိုးခဲ့ပြီး တစ်ဟက်တာ ပျမ်းမျှအထွက်နှုန်း (၃.၈၃) မက်ထရစ်တန်ခန့်ဖြင့် အထွက်တန်ချိန်ပေါင်း မက်ထရစ်တန် (၂.၃၀) သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပြောင်းအဓိကစိုက်ပျိုးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မြန်မာပြည် အလယ်ပိုင်းဒေသများ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံရှိ အစေ့ထုတ်ပြောင်းထုတ်လုပ်မှု၏ (၄၀) ရာခိုင်နှုန်းခန့်ကို ပြည်တွင်း တိရစ္ဆာန်အစာ စပ်ရုံများတွင် အဓိကအသုံးပြုကြပြီး ထုတ်လုပ်မှု၏ (၆၀) ရာခိုင်နှုန်းမှာ ပြည်ပသို့ တင်ပို့နေသည်ကို တွေ့ရှိရပါသည်။ ပြည်ပသို့ အစေ့ထုတ်ပြောင်း တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ကုန်သွယ်မှုများသာမက ပင်လယ်ရေကြောင်းမှတစ်ဆင့် ထိုင်း၊ တရုတ်၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ဗီယက်နမ် အစရှိသည့် နိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချလျက် ရှိပါသည်။

အာရှဒေသတွင် တရုတ်နိုင်ငံသည် အစေ့ထုတ်ပြောင်းထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်ပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် တရုတ်နိုင်ငံသည် အစေ့ထုတ်ပြောင်း အထွက်နှုန်း အမြင့်ဆုံးနိုင်ငံများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာရှဒေသရှိ အစေ့ထုတ်ပြောင်း တင်သွင်းမှု အများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယနှင့် တတိယအများဆုံးနိုင်ငံများမှာ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် အာရှဒေသတွင် အစေ့ထုတ်ပြောင်း တင်ပို့မှု အများဆုံးနိုင်ငံမှာ တူကီယဲနိုင်ငံဖြစ်ပြီး ဒုတိယနှင့် တတိယအများဆုံးနိုင်ငံများမှာ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်၍ မြန်မာနိုင်ငံသည် အာရှတိုက်၏ အစေ့ထုတ်ပြောင်း တင်ပို့မှုအများဆုံး နိုင်ငံများတွင် စတုတ္ထအဆင့်အဖြစ် ရပ်တည်လျက် ရှိပါသည်။

၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ ထွက်ရှိသော အစေ့ထုတ်ပြောင်းများကို အဓိက ဝယ်ယူသည့် နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဒုတိယနှင့် တတိယအဆင့်တို့တွင် ရှိပါသည်။ ၂၀၂၃ ခုနှစ်အတွင်း လအလိုက် အစေ့ထုတ်ပြောင်း၏ လက္ကားဈေးနှုန်းများအရ မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း လက္ကားဈေးနှုန်များသည် မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်း တင်ပို့သည့် နိုင်ငံများဖြစ်သည့် တရုတ်၊ ဖိလစ်ပိုင် နှင့် ထိုင်းနိုင်ငံတို့၏ အစေ့ထုတ်ပြောင်း လက္ကားဈေးထက် နိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။ မြန်မာ့အစေ့ ထုတ်ပြောင်း၏ လက္ကားဈေးနှုန်းသည် အခြားနိုင်ငံများ၏ လက္ကားဈေးထက် နည်းနေသောကြောင့် အခြား နိုင်ငံများနှင့် ယှဉ်ပြိုင်၍ မြန်မာ့အစေ့ထုတ်ပြောင်းအား တင်ပို့ရောင်းချနိုင်သည်ကို တွေ့ရှိရပါသည်။

သို့သော် အာရှနိုင်ငံများမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် မြန်မာနိုင်ငံမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ FOB ဈေးနှုန်းမှာ အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့အစေ့ထုတ်ပြောင်း၏ ကုန်သွယ်မှုအလားအလာ အကောင်းဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်တိုင်ပေ၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ ဖြစ်ကြပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀) နှစ်တာကာလအတွင်း မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့အစေ့ထုတ်ပြောင်း၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် တန်ဖိုးများဖြစ်သည့် RCA ၏ တန်ဖိုးများမှာ (၄) ထက်ကြီးပြီး RSCA တန်ဖိုးများမှာ (၀.၆) ထက်ကြီးသောကြောင့် မြန်မာ့အစေ့ထုတ်ပြောင်း၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်မှာ များပြားနေသည်ကို တွေ့ရှိရပါသည်။ နှိုင်းယှဉ်အားသာချက်များအရ မြန်မာနိုင်ငံသည် အစေ့ထုတ်ပြောင်း တင်ပို့ရာတွင်လည်း ထိုင်းနိုင်ငံ တစ်နိုင်ငံတည်းသာမက အခြား အလားအလာကောင်းသော တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများသို့လည်း တင်ပို့ရောင်းချသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုအချိန်တွင် GACC စာချုပ်များ ချုပ်ဆိုပြီး တရုတ်နိုင်ငံသို့ အစေ့ထုတ်ပြောင်း ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှုကဏ္ဍများတွင် လက်ရှိ ရင်ဆိုင်ရသော အခက်အခဲများမှာ သီးနှံမျိုးစေ့နှင့် သွင်းအားစုများ၏ ဈေးနှုန်းများ မြင့်တက်ခြင်း၊ အလုပ်သမားခ မြင့်တက်ခြင်းနှင့် လုပ်သားရှားပါးခြင်းတို့ ဖြစ်ပါသည်။ နိုင်ငံတကာဈေးကွက်တွင် ပြောင်းတစ်တန်၏ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်းသည် ဈေးကွက်ယှဉ်ပြိုင်မှုကို အဓိက အားနည်းစေပါသည်။ ထို့အပြင် ပြောင်းတင်ပို့ရောင်းချခြင်း လုပ်ငန်းများ၌ မိုးလေဝသအခြေအနေများ၊ ငွေပေးချေသော ဘဏ်စနစ်များ၊ သယ်ယူပို့ဆောင်စရိတ် (Logistic cost) များ မြင့်မားခြင်း၊ ရေကြောင်းဖြင့်တင်ပို့ရာတွင် ဆိပ်ကမ်း၌ စောင့်ဆိုင်းရချိန် ကြာရှည်၍ ကုန်ကျစရိတ်မြင့်မားခြင်း စသောအခက်အခဲများကို ရင်ဆိုင်ရလျက်ရှိပါသည်။

ယခုလက်ရှိ ပြောင်းသီးနှံ ပြည်ပသို့တင်ပို့ရာတွင် မီးခိုးနံ့ကိစ္စရပ်များ ကြုံနေရခြင်း၊ ဈေးအတက်အကျများခြင်းနှင့် ရေကြောင်းလမ်း ကြန့်ကြာမှုများကြောင့် သီးနှံ၏အရည်အသွေး ထိခိုက်ခြင်းများ ကြုံတွေ့နေရပါသည်။ သီးနှံများ တင်ပို့ရောင်းချမှု လုပ်ငန်းများမှာ လွန်ခဲ့သော (၅) နှစ်နှင့် ခြုံငုံကြည့်လျှင် ပို၍ခက်ခဲလာကြောင်း တွေ့ရှိရပါသည်။ အကြောင်းမှာ ပြည်တွင်းဈေးကွက် ဈေးအတက်အကျများခြင်း၊ ငွေလဲလှယ်မှုကိစ္စရပ်များ အဆင်မပြေဖြစ်ရခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ကုန်ကျစရိတ်များ တိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ယခုကာလတွင် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် သတင်းအချက်အလက် ရရှိနိုင်မှုနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် ကုန်သွယ်မှု အသိုက်အဝန်း၌ နိုင်ငံတကာ စီးပွားရေးသံမှူးများနှင့် အသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်နိုင်မှု ပိုမို အားကောင်းလာကြောင်း တွေ့ရှိရပါသည်။ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများမှ မြန်မာ့အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်စေရန် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်လာပါသည်။

မြန်မာနိုင်ငံသည် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ရန် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုမှု အားနည်းခြင်း၊ မျိုးစေ့ အရည်အသွေးမြင့်မားမှု အားနည်းခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် မြန်မာ့အစေ့ထုတ်ပြောင်း အထွက်နှုန်းမှာ အခြား

နိုင်ငံများနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ အနာဂတ်တွင် မြန်မာ့အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန် အရည်အသွေးမြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုး နိုင်ရန် ပံ့ပိုးကူညီခြင်း၊ ခေတ်မီစိုက်ပျိုးနည်းပညာများနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ အသုံးပြုနိုင်ရန် ပံ့ပိုး ကူညီခြင်းစသည့် လုပ်ငန်းဆောင်ရွက်ချက်များကို ပံ့ပိုးလုပ်ဆောင်ပေးရန် လိုအပ်လျက် ရှိပါသည်။

မြန်မာ့အစေ့ထုတ်ပြောင်း ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်နှင့် ပို့ကုန်လမ်းကြောင်းများ အဆင်ပြေချောမွေ့စေရန်တို့ လိုအပ်ပါသည်။ မြန်မာ နိုင်ငံ၏ အစေ့ထုတ်ပြောင်း တင်ပို့ရောင်းချမှုတွင် ၂၀၂၃-၂၀၂၄ ခုနှစ်၌ တရုတ်နိုင်ငံသို့ နယ်စပ်မှ တင်ပို့မှုများ အဆင်မပြေခဲ့သောကြောင့် ရေကြောင်းမှ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခြင်း ပိုမိုများခဲ့ကြောင်း သိရှိရပါ သည်။ ထို့ကြောင့် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် ပိုမိုအဆင်ပြေချောမွေ့ လွယ်ကူစေရန်အတွက် တင်ပို့ရောင်းချ၍ရနိုင်သော နယ်စပ်လမ်းကြောင်းများကို စီမံဆောင်ရွက်ပေးနိုင်ပါက GACC Protocol ရေးထိုးထားသော အကျိုးရလဒ်အား ခံစားရရှိနိုင်မည် ဖြစ်ပါသည်။

ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့ရာ၌ မိုးရာသီတွင် ဆိပ်ကမ်းမှ ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့ စွာ တင်ပို့နိုင်သည့် အကာအကွယ်များ/ အဆောက်အဦများ ဆောက်လုပ်ပေးရန် လိုအပ်လျက် ရှိပါသည်။ ထို့ပြင် ကုန်ပစ္စည်းများ တင်ပို့မှုလုပ်ငန်းစဉ်များကို ကျွမ်းကျင်လုပ်သားများနှင့် အချိန်မြန်စွာ ဆောင်ရွက် နိုင်ပါက လေလွင့်ဆုံးရှုံးမှုများ နည်းပါးနိုင်သည့်အတွက်ကြောင့် ကျွမ်းကျင်လုပ်သားများလည်း မွေးထုတ် ပေးရန် အလေးထားဆောင်ရွက်သင့်ပါသည်။ ငွေကြေးမူဝါဒများကို ထိန်းညှိ၍ သတ်မှတ်ကာလများတွင် ကုန်ပစ္စည်းများကို လွယ်ကူလျင်မြန်ချောမွေ့စွာ တင်ပို့နိုင်ရန် အလေးထားဆောင်ရွက်သင့်ပါသည်။

**အဓိကဝေါဟာရများ။** အစေ့ထုတ်ပြောင်း၊ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး၊ ယှဉ်ပြိုင်နိုင်စွမ်းအား၊ ကုန်သွယ်မှုအလားအလာ၊ ဈေးကွက်နှိုင်းယှဉ် အားသာချက်၊ RCA ၊ RSCA

## Abstract

The main agricultural exports from Myanmar include rice, various pulses, maize, groundnut, sesame, rubber, meat, and aquatic products. In Myanmar's agricultural sector, maize is a key crop, crucial not only for meeting domestic livestock feed demand but also for export.

Myanmar cultivated over 400,000 hectares of maize in the 2012-2013 fiscal year, achieving an average yield of about 3.64 metric tons per hectare and producing approximately 1.53 million metric tons in total. By the 2022-2023 growing season, the cultivated area expanded to 600,000 hectares, with an average yield of around 3.83 metric tons per hectare, resulting in a total production of about 2.30 million metric tons. This growth reflects increased cultivation and improved productivity over the decade. The major corn-producing regions in Myanmar include: Shan State, Sagaing Region, Kachin State and Central Myanmar.

In Myanmar, approximately 40% of maize production is primarily used by domestic animal feed processing plants, while the remaining 60% is exported. Regarding maize exports, from the 2017-2018 fiscal year to the 2023-2024 fiscal year, Myanmar has been exporting maize both through border trade and normal trade. The main maize export destinations from Myanmar include Thailand, China, Philippines, India and Vietnam.

China is the largest maize producer in Asia, while Bangladesh and China have the highest maize yields in the region. In terms of maize imports in Asia: China is the largest importer, followed by Japan (second) and South Korea (third). For maize exports in Asia, Turkey is the top exporter, followed by India (second) and Pakistan (third). Myanmar ranks fourth among Asia's largest maize-exporting countries.

In 2023, Thailand was the top buyer of Myanmar's maize exports, while the Philippines and China ranked as the second and third largest importers, respectively. An analysis of monthly wholesale maize prices of Asia in 2023 revealed that Myanmar's domestic wholesale maize prices were lower than domestic wholesale maize prices of key export destinations of Myanmar such as China, the Philippines, and Thailand. This competitive pricing advantage has enabled Myanmar to effectively export its maize in the international market compared to other countries.

However, a comparison of FOB prices for maize exports among Asian countries reveals that Myanmar's corn exports command the highest FOB prices. Myanmar's maize exports show the strongest trade potential with China (including Taiwan region), Vietnam and China

(mainland). Over the 10-year period from 2014 to 2023, Myanmar's maize exports demonstrated strong global market competitiveness, with Revealed Comparative Advantage (RCA) values consistently above 4 and Revealed Symmetric Comparative Advantage (RSCA) values exceeding 0.6. These metrics confirm Myanmar's highly competitive position in the global maize market. Given these comparative advantages, Myanmar should expand exports beyond Thailand and target other high-potential markets such as: China, the Philippines, etc. Currently, efforts are underway to increase maize exports to China through GACC (General Administration of Customs of the People's Republic of China-GACC) agreements, further strengthening Myanmar's trade opportunities in this sector.

Myanmar's maize cultivation and export sector currently faces several key challenges: high prices of seeds and agricultural inputs as well as increased labor costs and shortage of workers. The higher production costs per ton of maize could be weakening competitiveness in the international market. Furthermore, the maize export business is encountering difficulties including unfavorable weather conditions, issues with banking payment systems, rising transportation (logistic) costs, and extended port delays that result in higher expenses for maritime shipments.

At present, maize exports are encountering challenges including smoke-related odor problems, price instability, and shipping delays, leading to quality deterioration of the crop. Compared to the past five years, the export industry has grown more challenging due to domestic price volatility, difficulties in foreign exchange transactions, and increased operational costs across the entire supply chain from farming to final shipment.

Currently, it has seen greater access to trade-related data and more efficient trade facilitation efforts, supported by stronger engagement from international trade communities, including economic diplomats and associations from Myanmar. Investments are being made by government, global institutions, and private stakeholders to boost Myanmar's maize sector development.

Although Myanmar is rich in natural resources for maize production, the country's yield remains lower compared to other nations due to limited adoption of modern farming techniques and low-quality seeds. To enhance Myanmar's maize production, in the future it is crucial to support farmers with high-quality certified seeds, advanced cultivation technologies, and post-harvest handling methods.

Strengthened collaboration between the government and private sector and improvement in export route are essential to facilitate efficient trade of maize in Myanmar. In the 2023-2024 fiscal year, Myanmar's maize exports faced challenges in cross-border shipments to China via land routes, leading to a significant shift toward sea trade exports to Thailand. Therefore, if the government can manage border routes that are accessible for export to make exporting goods to China to be more convenient and easier, the benefits of signing the GACC Protocol would be obtained.

In exporting goods abroad, it is necessary to build structures that can facilitate the smooth export of goods from the port during the rainy season. In addition, if the export process can be carried out quickly and efficiently with skilled workers, there will be less wastage, so it is important to focus on producing skilled workers. Myanmar's Monetary policy should be adjusted as necessary to be focused on the smooth export of goods during certain periods.

**Key words:** maize, trade facilitation, trade potential, pricing competitive advantage, RCA, RSCA

## ၁။ နိဒါန်း

မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိရေး ပြည်ပပို့ကုန် တင်ပို့မှုနှင့် ပြည်တွင်း အသားတင် ကုန်ထုတ်လုပ်မှုတွင် အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတွင် အရေးပါသော ကဏ္ဍအနေဖြင့် ပါဝင်လျက်ရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တိုင်းပြည်၏ GDP တွင် စိုက်ပျိုးရေးကဏ္ဍ၏ ပါဝင်မှုနှုန်းသည် (၂၃.၇) ရာခိုင်နှုန်းခန့် ရှိပါသည်။ စိုက်ပျိုးရေး ထုတ်ကုန်များကို ပြည်တွင်းတွင် အဓိကစားသုံးကြပြီး ပမာဏအနည်းငယ်ကိုသာ ပြည်ပသို့ တင်ပို့လျက် ရှိပါသည်။

ပြည်ပသို့ အဓိကတင်ပို့သည့် စိုက်ပျိုးရေးထွက်ကုန်များမှာ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ရော်ဘာ၊ အသားနှင့် ရေထွက်ကုန်ပစ္စည်းများ ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး ထွက်ကုန်များ ပြည်ပတင်ပို့မှုသည် စုစုပေါင်းတင်ပို့မှု၏ (၂၆.၂၁) ရာခိုင်နှုန်းအထိ ရှိပါသည်။ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ (၂၆,၃၃၈.၃၆) သန်းအနက် လယ်ယာထွက်ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ (၅,၃၅၅.၀၂) သန်း ရှိခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၄,၆၁၈.၄၅) သန်းအနက် လယ်ယာထွက်ကုန်စုစုပေါင်း အမေရိကန် ဒေါ်လာ (၃,၈၃၁.၃၁) သန်း ရှိခဲ့ပါသည် (အစီရင်ခံစာ၊ လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊ ၂၀၂၄)။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် အစေ့ထုတ်ပြောင်းသည် ပြည်တွင်းတိရစ္ဆာန်စာ ဖူလုံမှုသာမက ပြည်ပတင်ပို့မှုအတွက်ပါ အဓိကအားထားနေရသော သီးနှံတစ်မျိုး ဖြစ်ပါသည်။ ပြောင်းစိုက်ဧကများ နှစ်စဉ် တိုးပွားသကဲ့သို့ ထုတ်လုပ်မှုလည်း တိုးမြင့်လျက်ရှိပါသည်။ အဆိုပါ မြန်မာ့လယ်ယာကဏ္ဍ ပို့ကုန်၊ သွင်းကုန် နှင့် ရေထွက်ပစ္စည်းများ တင်ပို့မှုဆိုင်ရာ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လအထိ ပြောင်းတင်ပို့မှုမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် (၁,၉၂၁,၇၁၅.၁၈) နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အနည်းငယ် လျော့ကာ တန်ချိန် (၁,၈၁၁,၅၀၁.၅၄)၊ အမေရိကန်ဒေါ်လာ (၂၈၆.၄၈) သန်းတင်ပို့လျက် ရှိပါသည်။ ပြောင်း တင်ပို့မှုမှာ အဓိကအားဖြင့် ပင်လယ်ရေကြောင်းမှ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ပြီး နယ်စပ် ကုန်သွယ်ရေးကို ကော့သောင်းနှင့် တာချီလိတ်စခန်းတို့မှ တင်ပို့ပါသည်။

မြန်မာနိုင်ငံ၏အဓိကပြောင်းစိုက်ပျိုးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မြန်မာပြည်အလယ်ပိုင်းဒေသများ ဖြစ်ပါသည်။ အဆိုပါ ဒေသ များမှ အစေ့ထုတ်ပြောင်း ထွက်ကုန်များကို ပြည်တွင်း၏ အဓိကဈေးကွက်များဖြစ်သော ရန်ကုန်၊ မန္တလေး ဈေးကွက်များကို ပံ့ပိုးပေးလျက်ရှိပါသည်။ ရန်ကုန်ဈေးကွက်သို့ ဧရာဝတီတိုင်းနှင့် မြန်မာပြည် အောက်ပိုင်း ဒေသများမှ အဓိက ပံ့ပိုးပေးလျက်ရှိပြီး မန္တလေးဈေးကွက်သို့ ရှမ်းပြည်နယ်၊ မြန်မာပြည်အလယ်ပိုင်းနှင့် ကချင်ပြည်နယ်တို့မှ အဓိက ပံ့ပိုးပေးနေကြပါသည်။ အစေ့ထုတ်ပြောင်း အဓိကထွက်ရှိရာ ဒေသဖြစ်သော ရှမ်းပြည်နယ်မြောက်ပိုင်းမှ အစေ့ထုတ်ပြောင်းများသည် ပြည်တွင်းဈေးကွက်ထက် တရုတ်ဈေးကွက်သို့ အများအပြား တင်ပို့ရောင်းချလျက် ရှိပါသည်။

အရည်သွေးကောင်း၍ ဝယ်လိုအားမြင့်မားလာသော အစေ့ထုတ်ပြောင်းများကို တင်ပို့ရောင်းချ နိုင်ရန် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအား အထူးပြုကာ မြန်မာနိုင်ငံမှ ပြောင်းများကို တရုတ်နိုင်ငံသို့

တင်ပို့ရန် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်အား မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တို့အကြား ၃၁-၁-၂၀၂၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံမှ တရားဝင်တင်ပို့ခွင့်ရရှိသော ကုမ္ပဏီများအနေဖြင့်လည်း တရုတ်နိုင်ငံသို့ ပြောင်းပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်း လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်တင်းနိုင်ရေးနှင့် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ပြောင်းစိုက်ပျိုးဧရိယာများကို ပိုမိုတိုးချဲ့ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## ၁.၃။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါမှု

အစေ့ထုတ်ပြောင်းသီးနှံသည် မြန်မာ့လယ်ယာကဏ္ဍအတွက် ပြည်တွင်းတိရစ္ဆာန်စာ ဖူလုံမှုအတွက်သာမက ပြည်ပတင်ပို့မှုအတွက်ပါ အဓိက အားထားစိုက်ပျိုးရသော သီးနှံတစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသော နှံစားသီးနှံများအနက် ဆန်စပါးပြီးလျှင် ဒုတိယ အရေးအပါဆုံး နှံစားသီးနှံတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို မိုးရာသီ၌ အဓိကစိုက်ပျိုးကြပြီး တိရစ္ဆာန်စာအဖြစ် အသုံးပြုရန် အလေးထား စိုက်ပျိုးကြပါသည်။

အစေ့ထုတ်ပြောင်းသည် မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍအတွက် အခြေခံအကျဆုံး အစာကုန်ကြမ်းတစ်ခုဖြစ်ပြီး မွေးမြူရေးအစာစပ်ရာတွင် ၎င်းကို (၄၀-၅၅) ရာခိုင်နှုန်းအထိ ထည့်သွင်းအသုံးပြုလေ့ ရှိကြပါသည် (Agribusiness Bulletin၊ ၂၀၂၃)။ အစေ့ထုတ်ပြောင်းသည် ဆီကြိတ်ဖတ်များကဲ့သို့ အသားဓာတ်ပါဝင်မှုမများသော်လည်း ကစီဓာတ်အတွက် လိုအပ်ခြင်း၊ အစာစပ် ဖော်မြူလာများတွင် အဓိက အသုံးပြုသည့် ကုန်ကြမ်းဖြစ်ခြင်း၊ အခြားကုန်ကြမ်းများထက် ဈေးနှုန်းတွက်ချေကိုက်ပြီး ပြည်တွင်း၌ပင် အလွယ်တကူ ရရှိနိုင်ခြင်း၊ အစာစပ်စက်ရုံများ၏ သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှုရှိခြင်း စသည်တို့ကြောင့် ပြည်တွင်းတိရစ္ဆာန်စာ ဈေးကွက်တွင် အသုံးများခြင်း ဖြစ်ပါသည်။

အစေ့ထုတ်ပြောင်းသည် ပြည်တွင်း ပြည်ပလိုအပ်ချက်မြင့်မားသော သီးနှံတစ်ခုဖြစ်သကဲ့သို့ပင် အခြားသီးနှံများထက် ဈေးကွက်ခိုင်မာသောကြောင့် တောင်သူများ တိုးချဲ့စိုက်ပျိုးရန် ပိုမို စိတ်ဝင်စားလာကြပြီး မြေလွတ်မြေရိုင်းများတွင်ပါ တိုးချဲ့စိုက်ပျိုးလာကြပြီး စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသော အစေ့ထုတ်ပြောင်းမျိုးများမှာ တောင်ပေါ်ဒေသများတွင် ဆင်းရွှေလီစပ်မျိုး၊ ဇကေရီ၊ ရေဆင်းစပ်မျိုး (၃)၊ ရေဆင်းစပ်မျိုး (၅)၊ (၈၈၈) မျိုး၊ (၉၉၉) မျိုးတို့ဖြစ်ပြီး မြေပြန့်ဒေသများတွင် မူရွှေဝါ (၁)၊ စူဝမ် (၃)၊ ရေဆင်းစပ်မျိုး (၂)၊ ရေဆင်းစပ်မျိုး (၄) တို့ ဖြစ်ကြပါသည်။ အစေ့ထုတ်ပြောင်းသည် မြေဆီလွှာထဲမှ အာဟာရသုံးစွဲမှုများသော သီးနှံတစ်ခုဖြစ်သဖြင့် မြေဆီသြဇာ ထက်သန်သည့် မြေများတွင် စိုက်ပျိုးပါက အထွက်နှုန်း ပိုမိုကောင်းမွန်နိုင်ပါသည် (Agribusiness Bulletin၊ ၂၀၂၃)။

လယ်ယာစီးပွားနှင့်ကုန်သွယ်မှုဌာနခွဲ၊ စီမံကိန်းဦးစီးဌာန၏ အစီရင်ခံစာများအရ ပြောင်းတင်ပို့မှု နိုင်ငံခြားဝင်ငွေရရှိမှုသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ မိနီဘတ်ဂျတ်အထိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုတန်ဖိုးများ၏ (၁၀) ရာခိုင်နှုန်းခန့်သာ အများဆုံးရရှိခဲ့သော်လည်း ၂၀၂၂-၂၀၂၃

ဘဏ္ဍာနှစ်မှစတင်ပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုတန်ဖိုး၏ (၁၃) ရာခိုင်နှုန်းခန့်ကို အစေ့ထုတ်ပြောင်းတင်ပို့မှုမှ တိုးတက်ရရှိလာနေသည်ကို တွေ့ရှိရပါသည်။ ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းအင်းများအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်း တင်ပို့မှု ပမာဏအနေဖြင့် တန်ချိန်အနည်းဆုံး (၁.၄၃) သန်းမှ အများဆုံး တန်ချိန် (၂.၆၁) သန်းကျော်ထိ တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာ့အစေ့ထုတ်ပြောင်း တင်ပို့မှုအနေနှင့် ထိုင်း၊ တရုတ်၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ဗီယက်နမ် အစရှိသည့်နိုင်ငံများသို့ အများဆုံးတင်ပို့ခဲ့သည်ကို တွေ့ရှိရပါသည်။ အစေ့ထုတ်ပြောင်းတင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေရရှိမှုမှာလည်း အနည်းဆုံး အမေရိကန်ဒေါ်လာ (၂၇၇) သန်းကျော်မှ အမြင့်ဆုံး အမေရိကန်ဒေါ်လာ (၅၉၃) သန်းကျော်အထိ ရရှိခဲ့သဖြင့် မြန်မာနိုင်ငံ၏ အားထားရသော အဓိက သီးနှံတစ်ခုအဖြစ် ရပ်တည်နေသည်ကို တွေ့ရှိရပါသည် (ဆွေးနွေးပွဲ အစီရင်ခံစာ၊ စီမံကိန်းဦးစီးဌာန၊ ၂၀၂၄)။

## ၁.၂။ ပြည်တွင်းနှင့် ပြည်ပပို့ကုန် ဈေးကွက်တွင် အစေ့ထုတ်ပြောင်း၏ အရေးပါမှု

ကမ္ဘာတစ်ဝှမ်းတွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်သော နိုင်ငံပေါင်း (၁၆၅) ရှိပြီး FAOSTAT ၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများမှာ အမေရိကန်၊ တရုတ်၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ကြပါသည်။ အဆိုပါ နိုင်ငံ (၅) နိုင်ငံ၏ ထုတ်လုပ်မှုသည် ကမ္ဘာ့ပြောင်းထုတ်လုပ်မှု (၁.၄) ဘီလီယံမက်ထရစ်တန်၏ (၇၇) ရာခိုင်နှုန်းခန့် ရှိပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့အစေ့ထုတ်ပြောင်းထုတ်လုပ်မှု နိုင်ငံများစာရင်းတွင် အဆင့် (၄၅) အဖြစ် ရပ်တည်လျက်ရှိပါသည်။

ကမ္ဘာ့ဘဏ် (World Integrated Trade Solution) ၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ်၌ ကမ္ဘာ့ဈေးကွက်သို့ နိုင်ငံပေါင်း (၈၆) နိုင်ငံမှ အစေ့ထုတ်ပြောင်း မက်ထရစ်တန်ချိန် (၁၉၂.၃၄) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၄၉.၇) ဘီလီယံတင်ပို့ခဲ့သည်ကို တွေ့ရှိရပြီး အဓိက တင်ပို့ခဲ့သောနိုင်ငံများမှာ ဘရာဇီး၊ အမေရိကန်၊ ယူကရိန်း၊ အာဂျင်တီးနားနှင့် ဥရောပသမဂ္ဂတို့ ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်မှာ မြန်မာနိုင်ငံသည် အစေ့ထုတ်ပြောင်း တင်ပို့မှုအနေဖြင့် ကမ္ဘာ့အဆင့် (၁၆) တွင် ရပ်တည်လျက် ရှိပါသည်။ အစေ့ထုတ်ပြောင်းတင်သွင်းမှု ကမ္ဘာ့အဆင့် (၂၅) တွင် ရပ်တည်လျက်ရှိပြီး အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ဈေးကွက်သို့ အစေ့ထုတ်ပြောင်း တင်ပို့နေသော နိုင်ငံများမှာ မလေးရှား၊ ကနေဒါ၊ အီတလီ၊ ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အစေ့ထုတ်ပြောင်းထုတ်လုပ်မှု၏ (၄၀) ရာခိုင်နှုန်းခန့်ကို ပြည်တွင်း တိရစ္ဆာန်အစာစပ်ရုံများတွင် အဓိကအသုံးပြုကြပြီး ထုတ်လုပ်မှု၏ (၆၀) ရာခိုင်နှုန်းမှာ ပြည်ပတင်ပို့နေသည်ကို တွေ့ရှိရပါသည်။ ပြည်ပသို့ အစေ့ထုတ်ပြောင်း တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ကုန်သွယ်မှုများသာမက ပင်လယ်ရေကြောင်းမှတဆင့်ဖြင့် နိုင်ငံပေါင်း (၁၉) နိုင်ငံသို့ တင်ပို့ခဲ့ပါသည်။

မြန်မာ့အစေ့ထုတ်ပြောင်း တင်ပို့မှုပမာဏအခြေအနေများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မြန်မာ့ပြောင်းတင်ပို့မှု၏ (၉၇) ရာခိုင်နှုန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ မြန်မာ့ပြောင်းတင်ပို့မှု စုစုပေါင်းပမာဏ၏ (၄၅) ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်ကို လေ့လာတွေ့ရှိ ရပါသည်။ ၂၀၂၄

ခုနှစ်တွင်ပြုလုပ်ခဲ့သော အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲ အစီရင်ခံစာအရ ၂၀၁၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အာဖရိကဝက်တုပ်ကွေးရောဂါသည် အခြားသော အာရှနိုင်ငံများအထိ ပျံ့နှံ့ကူးစက်ခဲ့ပြီး မြန်မာ့ပြောင်း ဝယ်လိုအားများသော တရုတ်နိုင်ငံတွင်လည်း ဖြစ်ပွားခဲ့သောကြောင့် တိရစ္ဆာန်အစာအတွက် တရုတ်နိုင်ငံ၏ ပြောင်းဝယ်လိုအား လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြောင်းလဲလာသော နယ်စပ်ကုန်သွယ်မှု မူဝါဒများအရ တရုတ်နိုင်ငံသို့ မြန်မာ့အစေ့ထုတ်ပြောင်း တင်ပို့မှုပမာဏ လျော့နည်းခဲ့ပါသည်။

တရုတ်နိုင်ငံသို့ တင်ပို့ခြင်းထက် ထိုင်းနိုင်ငံသို့ပြောင်းတင်ပို့မှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ပြီး ပိုမိုများပြားခဲ့တာကို တွေ့ရှိရပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာ့ပြောင်းတင်ပို့မှု၏ (၇၃) ရာခိုင်နှုန်းကို ထိုင်းနိုင်ငံကို တင်ပို့ခဲ့ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာ့ပြောင်း တင်ပို့မှုပမာဏ၏ (၈၆) ရာခိုင်နှုန်းထိ ထိုင်းနိုင်ငံကို တိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစတင်ပြီး ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများသို့ မြန်မာ့ပြောင်း တင်ပို့မှုပမာဏ သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ အဆိုပါနှစ်မှာ မြန်မာ့ပြောင်းတင်ပို့မှု၏ (၄၈) ရာခိုင်နှုန်းကို ထိုင်းနိုင်ငံ၊ (၂၃) ရာခိုင်နှုန်းကို ဖိလစ်ပိုင်နှင့် (၂၁) ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံ စသည်ဖြင့် အဓိက တင်ပို့ရောင်းချခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပြောင်းတင်ပို့နိုင်ရေးကို အထောက်အကူဖြစ်စေရန် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ် (Sanitary and Phytosanitary- SPS Protocol) ကို ၃၁-၁-၂၀၂၂ ရက်နေ့မှာ မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China-GACC) တို့ တရားဝင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ တရားဝင် တင်ပို့ခွင့်ရသော ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံသို့ ပြောင်းပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။

၂၀၂၄ ခုနှစ်တွင် ပြုလုပ်ခဲ့သော အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲအရ အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (ASEAN Free Trade Agreement) ပေါ်မူတည်၍ ထိုင်းနိုင်ငံသည် မြန်မာ့ပြောင်းသီးနှံကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း အကန့်အသတ်မရှိ တင်သွင်းခွင့်နှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ခွန်များ ကင်းလွတ်ခွင့်ပေးခဲ့ပါသည်။ ယခုလက်ရှိကာလမှာလည်း ထိုင်းနိုင်ငံ၏ ပြည်တွင်းပြောင်းထုတ်လုပ်မှုသည် ထိုင်းပြည်တွင်း တိရစ္ဆာန်အစာထုတ်လုပ်မှု၊ သုံးစွဲမှုတို့မှာ မလုံလောက်သည့်အတွက် ပြည်ပမှ အမြောက်အများ တင်သွင်းရန် လိုအပ်နေဆဲ ဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ ပြောင်းတင်သွင်းမှု၏ (၉၅) ရာခိုင်နှုန်းကျော်သည် မြန်မာနိုင်ငံမှ အဓိက မှာယူတင်သွင်းနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုင်းနိုင်ငံသည် မြန်မာ့ပြောင်း တင်ပို့မှုအတွက် အလားအလာကောင်းသည့် ဈေးကွက်တစ်ခုဖြစ်လာနေသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် မြန်မာ့အစေ့ထုတ်ပြောင်းဈေးကွက် ဝယ်လိုအားသည် တရုတ်နှင့် ထိုင်းနိုင်ငံတို့အပြင် အခြား ဒေသတွင်းနိုင်ငံများဖြစ်သော ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှား အစရှိသည့် နိုင်ငံများတွင် အစေ့ထုတ်ပြောင်း တင်ပို့နေခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းတင်ပို့နိုင်မှုနှင့် ၎င်းမှ နိုင်ငံခြားဝင်ငွေရရှိမှုသည် လျော့ကျသွားခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ၂၀၂၄ မေလကုန်အထိ ပြောင်းတင်ပို့မှုတန်ချိန် (၀.၈၇)

သန်းကျော်ရှိပြီး အမေရိကန်ဒေါ်လာ (၁၉၆) သန်းကျော် ရရှိထားပြီးဖြစ်တဲ့အတွက် ပြည်ပသို့ ပြောင်းတင်ပို့မှု ယခင်နှစ်များထက် မြင့်မားနိုင်ချေ ရှိနေပါသည်။ ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့သို့ ပိုမိုတင်ပို့ခဲ့ပြီး နယ်စပ်မှ တန်ချိန် (၂၂,၄၅၈) ကို ကော့သောင်းနှင့် တာချီလိတ်စခန်းတို့မှ တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းလိုအပ်ချက်အရ ပြည်ပနိုင်ငံများမှ အစေ့ထုတ်ပြောင်း တင်သွင်းမှုများ ရှိသော်လည်း တင်သွင်းမှုပမာဏအနေဖြင့် အနည်းငယ်သာရှိတာကို ကုန်သွယ်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ တွေ့ရှိရပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ (မီနီဘတ်ဂျက်) ကာလအတွင်း တင်သွင်းခဲ့သော ပမာဏနှင့်တန်ဖိုးများအရ အများဆုံး ပြောင်းတန်ချိန် (၁၂,၀၀၀) ကျော်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၃၈) သန်းကျော်အထိ တင်သွင်းခဲ့ရသည်ကို တွေ့ရပါသည်။ အဓိကတင်သွင်းသော နိုင်ငံများမှာ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ပြောင်းများကို နယ်စပ်မှ တင်သွင်းခြင်းမပြုဘဲ ပင်လယ်ရေကြောင်း အသုံးပြုကာ တင်သွင်းခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင်ပြုလုပ်ခဲ့သော အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲအရ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ပြည်တွင်းစားသောက်ကုန် ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရန် အိန္ဒိယနိုင်ငံမှ ပြောင်းအပါအဝင် အခြား နေကြာဆီကြမ်း၊ ပန်းဂျုံစေ့ဆီနှင့် နို့မှုန့်တို့ကို အကောက်ခွန်နှုန်းကိုတာ (TRQ) စနစ်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ရာ တင်သွင်းသူများအနေဖြင့် အခွန်နည်းပါးခြင်း သို့မဟုတ် အခွန်လုံးဝမပေးရခြင်း စသည့် အကျိုးရလဒ်များ ခံစားရမည်ဖြစ်သည်။ အိန္ဒိယအစိုးရမှ ပြောင်းတန်ချိန် (၅၀၀,၀၀၀) တင်သွင်းခွင့်ပြုခဲ့ရာ မြန်မာ့ပြောင်းသီးနှံ တင်ပို့မှုအတွက် အိန္ဒိယနိုင်ငံဈေးကွက်ရရှိမှု အလားအလာကောင်းများရှိနေသည်ကို တွေ့မြင်ရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းအင်းများအရ ၂၀၂၄ ခုနှစ်၊ မေလနောက်ဆုံးအပတ်အတွက် ပြည်တွင်း အစေ့ထုတ်ပြောင်းဈေးကွက်အနေဖြင့် ရန်ကုန်ဈေးကွက်တွင် ပြောင်းဆံ တစ်ပိဿာလျှင် ကျပ် (၁,၂၇၀) မှ (၁,၃၀၀) ကြား ပေါက်ဈေးရှိပြီး တစ်ပိဿာလျှင် ယခင်ထက် (၅၀) ကျပ် ဈေးတက်လာကြောင်း၊ မန္တလေးဈေးကွက်တွင် ပြောင်းဖူးစေ့ (CP) တစ်အိတ်လျှင် ကျပ် (၆၅,၀၀၀) ပေါက်ဈေးရှိပြီး၊ တစ်အိတ်လျှင် (၄,၀၀၀) ကျပ်စီ အသီးသီး ဈေးမြင့်တက်လာကြောင်း သိရှိရပါသည်။ ၂၀၂၄ ခုနှစ်၊ မေလနောက်ဆုံးပတ်အတွင်း အစေ့ထုတ်ပြောင်း ပြည်တွင်းဈေးနှုန်းများမှာ ရန်ကုန်ဈေးကွက်၌ အစေ့ထုတ်ပြောင်းတစ်တန်လျှင် (၇၉၆,၁၀၀) ကျပ်၊ မန္တလေးဈေးကွက်၌ (၇၃၇,၃၀၀) ကျပ်/တန်၊ ရှမ်း (တောင်) ဈေးကွက်၌ (၅၅၁,၂၀၀) ကျပ်/တန်နှင့် ရှမ်း (မြောက်) ဈေးကွက်၌ (၅၃၅,၈၀၀) ကျပ်/တန်ရှိကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ် မေလနောက်ဆုံးပတ်အတွက် နိုင်ငံတကာအစေ့ထုတ်ပြောင်း ဈေးကွက်တွင် ရရှိသော ဈေးနှုန်းများကိုကြည့်လျှင် မြန်မာ့အစေ့ထုတ်ပြောင်းသည် မက်ထရစ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၂၆၀) ရရှိနေပြီး၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ အစေ့ထုတ်ပြောင်းဈေးသည် မက်ထရစ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၃၉) နှင့် အမေရိကန်ဒေါ်လာ (၂၉၅) အသီးသီးရရှိနေတာကို တွေ့ရပါသည် (ဆွေးနွေးပွဲ အစီရင်ခံစာ၊ စီမံကိန်းဦးစီးဌာန၊ ၂၀၂၄)။

## ၁.၃။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍများ

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သော ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်နိုင်ငံများနှင့် ကုန်သွယ်ရေးသဘောတူစာချုပ် (၄) ခုနှင့် ထိုင်း၊ လာအို၊ တရုတ်နိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးသဘောတူစာချုပ် (၃) ခု ချုပ်ဆိုထားသည်။ မဲခေါင်-လန်ချန်းအဖွဲ့ဝင်များ (ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်) နှင့် ချုပ်ဆိုသည့် ကုန်သွယ်ရေးသဘောတူစာချုပ်ပါ အချက်များမှာ-

(၁) နှစ်နိုင်ငံ၏ အစိုးရအကြား ကုန်သွယ်မှုဆက်ဆံရေး တိုးတက်ဖွံ့ဖြိုးစေရန်၊

(၂) တင်ပို့ခြင်း၊ တင်သွင်းခြင်းကို လွယ်ကူအောင် ပြုလုပ်ပေးရန်နှင့် နိုင်ငံအသီးသီး၏ စည်းမျဉ်းဥပဒေများနှင့်အညီ လိုင်စင်များထုတ်ပေးခြင်းကို လွယ်ကူအောင် ပြုလုပ်ပေးရန်၊

(၃) တင်ပို့/ တင်သွင်းခြင်းနှင့် သက်ဆိုင်သော အကောက်ခွန်နှုန်းများ၊ အခွန်အခများနှင့် အကောက်ခွန်စည်းကြပ်မှု နည်းလမ်းများနှင့်စပ်လျဉ်း၍ တစ်ဘက်အစိုးရသို့ တန်းတူ အခွင့်အရေးအား ပေးရန်၊

(၄) တစ်ဖက်နိုင်ငံ၏ ကုန်သည်သင်္ဘောများကို အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ဝင်ရောက်စဉ်၊ ထွက်ခွာစဉ်နှင့် ဆိုက်ကပ်နေစဉ်၊ စာချုပ်ဝင်နိုင်ငံ မဟုတ်သည့် အခြားနိုင်ငံ၏ သင်္ဘောများအား သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများဖြင့် ပေးသည့် အခွင့်သာဆုံးနိုင်ငံအား ပေးသည့် အခွင့်အရေးမျိုး ပေးရန်၊

(၅) ကုန်စည်များ ရောင်းချခြင်း၊ ဝယ်ယူခြင်းနှင့်ပတ်သက်၍ ငွေပေးချေမှုအားလုံးကို နှစ်နိုင်ငံအစိုးရတို့ လက်ခံနိုင်သည့် လဲလှယ်နိုင်သော ငွေအမျိုးအစားဖြင့် ပေးချေရန်တို့ ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည် (ညီညီအောင်၊ ၂၀၂၄)။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် မြန်မာနိုင်ငံ၏ နှစ်အလိုက် အထူးရန်ပုံငွေစီမံကိန်းများ ရရှိခဲ့သည့် အခြေအနေ၊ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍများအား အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(၁) အထူးရန်ပုံငွေ (၂၀၁၇) တွင် စီမံကိန်း (၁၀) ခု၊ အမေရိကန်ဒေါ်လာ (၂.၄) သန်းခန့် (စိုက်ပျိုးရေးကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးကဏ္ဍ)၊

(၂) အထူးရန်ပုံငွေ (၂၀၁၈) တွင် စီမံကိန်း (၁၉) ခု၊ အမေရိကန်ဒေါ်လာ (၇.၃) သန်းခန့် (စိုက်ပျိုးရေးကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ လူမှုဖူလုံရေးကဏ္ဍ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ သတင်းအချက်အလက်ကဏ္ဍ၊ စွန့်ဦးတီထွင်မှုကဏ္ဍ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍ၊ နယ်စပ်ကုန်သွယ်ရေးကဏ္ဍ၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးကဏ္ဍ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ)၊

(၃) အထူးရန်ပုံငွေ (၂၀၂၀) တွင် စီမံကိန်း (၂၂) ခု၊ အမေရိကန်ဒေါ်လာ (၆.၃) သန်းခန့် (စိုက်ပျိုးရေးကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သတင်းအချက်အလက်ကဏ္ဍ၊ တရားဥပဒေ စိုးမိုးရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ)

(၄) အထူးရန်ပုံငွေ (၂၀၂၁) တွင် စီမံကိန်း (၂၁) ခု၊ အမေရိကန်ဒေါ်လာ (၆.၁) သန်းခန့် (သမားရိုးကျမဟုတ်သော လုံခြုံရေး၊ လုပ်ငန်းခွင်ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှု၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးကဏ္ဍ)၊

(၅) အထူးရန်ပုံငွေ (၂၀၂၂) တွင် စီမံကိန်း (၂၀) ခု၊ အမေရိကန်ဒေါ်လာ (၅.၀) သန်း (ယဉ်ကျေးမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးကဏ္ဍ၊ စွမ်းဆောင်ရည်မြှင့်တင်မှုကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ တိုင်းရင်းသားရေးရာကဏ္ဍနှင့် သက်မွေးပညာရပ်ကဏ္ဍ)၊

(၆) အထူးရန်ပုံငွေ (၂၀၂၃) တွင် စီမံကိန်း (၁၄) ခု၊ အမေရိကန်ဒေါ်လာ (၃.၈) သန်း (စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သုတေသန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အရည်အသွေးမြှင့်တင်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍ)။

ထိုသို့သော စီမံကိန်းများသည် မဲခေါင်ဒေသနိုင်ငံများအတွက် အကျိုးကျေးဇူးရရှိစေနိုင်ပြီး မဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စီမံကိန်းများ ဖြစ်ကြပါသည်။

## ၁.၄။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံရှိ လယ်ယာထွက်ကုန်များ၏ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး စွမ်းဆောင်ရည်နှင့် အိမ်နီးနားချင်းနိုင်ငံအချို့၏ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး စွမ်းဆောင်ရည်များအား လေ့လာတင်ပြခြင်း၊ စွမ်းဆောင်ရည်ဆိုင်ရာ သဘောတူညီများ၏ အရေးပါမှု၊ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ စသည့် ဌာနအသီးသီးမှ တင်ပြပြဋ္ဌာန်းထားသော သတင်းအချက်အလက်များအပေါ်အခြေခံ၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၏ မဏ္ဍိုင်လေးခုမှာ (၁) ပွင့်လင်းမြင်သာခြင်း (ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူများ သိရှိအသုံးပြုနိုင်ရေးအတွက် အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ထုတ်ပြန်ခြင်း)၊ (၂) ရိုးရှင်းလွယ်ကူခြင်း (မလိုလားအပ်သော ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များ၊ နည်းလမ်းများကို ပယ်ဖျက်၍ ရိုးရှင်းလွယ်ကူအောင် ဆောင်ရွက်ခြင်း)၊ (၃) သဟဇာတဖြစ်ခြင်း (ကုန်သွယ်မှုဆိုင်ရာ ပြည်တွင်းလုပ်ငန်းစဉ်များကို နိုင်ငံတကာမှ ကျင့်သုံးနေသော ဥပဒေ၊ စံသတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် သဟဇာတဖြစ်အောင် ဆောင်ရွက်ခြင်း) နှင့် (၄) စံသတ်မှတ်ချက် ကိုက်ညီမှု (ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များကို နိုင်ငံတကာ အသိအမှတ်ပြု စံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်း) တို့ ဖြစ်ပါသည်။

မြန်မာ၏ ကုန်သွယ်ဖက်နိုင်ငံများသည် စီးပွားရေး တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ (WTO's Protocol on the Application of Sanitary and Phytosanitary Measures- SPS Protocol) နှင့်အညီ ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းလာကြပါသည်။ ယခုအခါ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများကို ကုန်သွယ်မှုပြုရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရန်အတွက် SPS Protocol များကို နှစ်နိုင်ငံလက်မှတ်ရေးထိုး လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံအကြား SPS Protocol လက်မှတ်ရေးထိုးပြီးဖြစ်သော ကုန်ပစ္စည်းများမှာ ဆန်/ဆန်ကွဲ၊ ပိုးအိမ်ခြောက်၊ အစေ့ထုတ်ပြောင်း၊ ငှက်ပျော၊ နာနတ် နှင့် ပဲပုပ်၊ အသား/ငါး ထွက်ကုန်ပစ္စည်းများတွင် ကျွဲနွားအရှင်၊ သဘာဝမှ ဖမ်းဆီးရရှိသော ရေထွက်ကုန် ပစ္စည်းများနှင့် မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများ စုစုပေါင်း (၉) ခု ဖြစ်ပါသည်။

အဆိုပါ လက်မှတ်ရေးထိုးထားသော အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ် (SPS Protocol) များအရ လယ်ယာ၊ သား၊ ငါးထွက်ကုန်များ၏ ဈေးကွက်အခွင့်အလမ်း ဖော်ဆောင်နိုင်ရန် လုပ်ငန်းစဉ်များ၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ နည်းပညာနှင့် အသိပညာ တိုးမြင့်လာနိုင်စေရန်အတွက် စီမံကိန်း၏ သုတေသနများနှင့် စူးစမ်းလေ့လာတွေ့ရှိချက်များကို မြန်မာနိုင်ငံရှိ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် အကြံပြုပံ့ပိုးပေးမည့် အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးကြောင့် အကျိုးကျေးဇူးရမည့် ကဏ္ဍများမှာ (၁) အစိုးရကဏ္ဍ (ကုန်သွယ်မှုအခွန်တိုးမြင့်ရရှိခြင်း၊ အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ အသုံးပြုလာနိုင်ခြင်းနှင့် ကုန်သည်များ လိုက်နာဆောင်ရွက်မှု မြင့်မားလာစေခြင်း)၊ (၂) ပုဂ္ဂလိကကဏ္ဍ (ကြိုတင်ခန့်မှန်း တွက်ဆနိုင်စွမ်း မြင့်မားလာစေခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် ပိုမိုမြန်ဆန်လာစေခြင်း၊ သယ်ယူပို့ဆောင်စရိတ်များကို လျော့ကျလာစေခြင်းနှင့် ကမ္ဘာ့ဈေးကွက်တွင် ပို့ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားလာစေခြင်း)၊ (၃) စီးပွားရေးကဏ္ဍ (ကုန်စည်တင်ပို့မှုနှုန်း မြင့်မားလာစေခြင်း၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းအား တိုးမြင့်လာစေခြင်းနှင့် နိုင်ငံတကာကုန်သွယ်မှုတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပါဝင်နိုင်စွမ်း တိုးတက်လာစေခြင်း) နှင့် (၄) ကုန်သွယ်ရေးကဏ္ဍ (ကုန်ကျစရိတ်နှင့် နှောင့်နှေးမှုများကို လျှော့ချနိုင်ခြင်း၊ အကောက်ခွန်ခွင့်ပြုချက်များ ပိုမိုမြန်ဆန်စွာ ရရှိနိုင်ခြင်း၊ ထိရောက်မှု တိုးမြင့်လာစေခြင်း) တို့ ဖြစ်ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၏ အချက်အလက်များအရ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ပြောင်းအချိန်မီ တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များမှာ (က) စိုက်ပျိုးရေးဦးစီးဌာနက စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest -EOI) ခေါ်ယူခြင်း၊ (ခ) လျှောက်ထားလာသည့် ကုမ္ပဏီများ၏ ပြောင်းသိုလှောင်ရုံ၊ ပြောင်းအခြောက်ခံစက်နှင့် နေလှန်းကွင်းများကို မြန်မာနိုင်ငံရှိ ကုန်စည်များ၏ အရည်အသွေး၊ ဘေးကင်းလုံခြုံမှုနှင့် စံချိန်စံညွှန်းကိုက်ညီမှုကို စစ်ဆေးပေးသောအဖွဲ့က မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ (ဂ) တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မည့် ကုမ္ပဏီများ၏ သိုလှောင်ရုံများတွင် SPS Protocol ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးပြီး စစ်ဆေး

တွေ့ရှိချက်များကို လုပ်ငန်းအဖွဲ့ (Working Task Force) သို့ တင်ပြခြင်း၊ (ဃ) လုပ်ငန်းအဖွဲ့မှ ရွေးချယ် အတည်ပြုပြီးသည့် ကုမ္ပဏီများ၏ ပြောင်းသိုလှောင်ရုံ၊ ပြောင်းအခြောက်ခံစက်နှင့် နေလှန်းကွင်းများ စာရင်းနှင့် စစ်ဆေးချက်မှတ်တမ်း (မူရင်း) များအား စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးပို့ခြင်း၊ (င) စိုက်ပျိုးရေး ဦးစီးဌာနက ကုမ္ပဏီများ၏ ပြောင်းသိုလှောင်ရုံ၊ ပြောင်းအခြောက်ခံစက်နှင့် နေလှန်းကွင်းများစာရင်းအား GACC Website တွင် တရားဝင် မှတ်ပုံတင်နိုင်ရန်အတွက် အသေးစိတ်အချက်အလက်များနှင့် နောက်ဆုံး စစ်ဆေးမှုအစီရင်ခံစာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြခြင်း၊ (စ) စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြောင်းတင်ပို့ခွင့် ရရှိရေးအတွက် ကုမ္ပဏီများ၏ တရားဝင် မှတ်ပုံတင်ပြုလုပ်ရန် လိုအပ်သည့် အချက်အလက်များနှင့် စစ်ဆေးမှုအစီရင်ခံစာအား နိုင်ငံခြားရေးဝန်ကြီး ဌာနသို့ ပေးပို့ခြင်းနှင့် (ဆ) နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောင်းတင်ပို့ခွင့်ရရှိရေးအတွက် ကုမ္ပဏီများ၏ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များပြုလုပ်ရန် လိုအပ်သည့် အချက်အလက်များနှင့် စစ်ဆေးမှုအစီရင်ခံစာအား GACC သို့ ပေးပို့ခြင်း အစရှိသည်တို့ ဖြစ်ပါသည်။

# ၂။ သုတေသနဆောင်ရွက်ရခြင်း ရည်ရွယ်ချက်

## ၂.၁။ သုတေသန၏ ရည်ရွယ်ချက်များ

အစေ့ထုတ်ပြောင်းသီးနှံ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများအား လေ့လာခြင်းသုတေသနကို ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) အစေ့ထုတ်ပြောင်းကုန်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့စေရေးကို ရှေးရှု၍ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းချမှုကဏ္ဍနှင့် ဆက်စပ်အဖွဲ့အစည်းများနှင့် ဌာနများ၏ မူဝါဒများ၊ အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ ပံ့ပိုးနေမှု အခြေအနေများကို သုံးသပ်တင်ပြရန်၊

(၂) မြန်မာနိုင်ငံနှင့် အခြားသော အာဆီယံနိုင်ငံများမှ စိုက်ပျိုးထုတ်လုပ်ရောင်းချနေသော ပြောင်းသီးနှံများ၏ ဈေးနှုန်းများ၊ ထုတ်လုပ်မှုများနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများ ဆန်းစစ်လေ့လာရန်၊

(၃) မြန်မာနိုင်ငံနှင့် အစေ့ထုတ်ပြောင်း ကုန်သွယ်မှုပြုလုပ်လျက်ရှိသော မိတ်ဖက်နိုင်ငံများ၏ ဘဏ္ဍာနှစ်အလိုက် အစေ့ထုတ်ပြောင်းကုန်သွယ်ရေး အချက်အလက်ပေါ်မူတည်၍ ရှေ့အလားအလာကို ဆန်းစစ်တွက်ချက် လေ့လာရန်၊

(၄) လက်ရှိချမှတ်ကျင့်သုံးနေသော ကုန်သွယ်မှုဆိုင်ရာ နည်းဗျူဟာများ၊ မူဝါဒများအပေါ် အခြေခံပြီး ရေရှည်တည်တံ့သော အစေ့ထုတ်ပြောင်းသီးနှံ ကုန်သွယ်မှု တိုးတက်မြင့်မားရန် အထောက်အကူပြုနိုင်သော အကြံပြုချက်များကို Strength, Weakness, Opportunities and Challenges (SWOC) analysis နည်းလမ်းဖြင့် ရှာဖွေ ဖော်ထုတ်ရန်၊

(၅) ကုန်သွယ်ဘက်နိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ကိုက်ညီမှုရှိသော မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးကို အထောက်အကူဖြစ်စေရန် ဖွဲ့စည်းထားသော ကုန်သွယ်မှုဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းရပ်များ ပိုမိုလည်ပတ်နိုင်ရေး စသည့် ကိစ္စရပ်များနှင့် သက်ဆိုင်သော ဆွေးနွေးအကြံပြု တင်ပြချက်များ စုစည်းဖော်ထုတ်ရန်။

## ၂.၂။ သုတေသနတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကြုံတွေ့နိုင်သော အဟန့်အတားများ

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းသီးနှံသည် မွေးမြူရေးကဏ္ဍအတွက် အဓိက အရေးပါရုံ သာမက ထုတ်လုပ်မှု၊ အသုံးပြုမှု၊ ပြည်တွင်းဈေးကွက်နှင့် နိုင်ငံခြားကုန်သွယ်မှုများအပါအဝင် အမျိုးမျိုးသော ကွင်းဆက်တလျှောက်တွင် အရည်အသွေးကောင်းသော ကုန်ပစ္စည်း၊ ဝယ်လိုအားကောင်းသော ပို့ကုန်တစ်ခုအဖြစ် ရပ်တည်နေပါသည်။ ထို့ကြောင့် ထုတ်လုပ်မှု၊ ဈေးကွက်အနေအထား၊ အသုံးပြုမှု၊ ပြည်တွင်းဈေးကွက်နှင့် နိုင်ငံခြား ကုန်သွယ်မှုမူဝါဒ အပြောင်းအလဲများသည် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ

အတွက် များစွာထိခိုက်မှု ရှိပါသည်။ သို့ဖြစ်ပါ၍ တစ်ကမ္ဘာလုံး အနေအထားနှင့် မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းသီးနှံ ကုန်သွယ်မှု အနေအထားများအား အခြေခံပြီး ထုတ်လုပ်မှု၊ စားသုံးမှု၊ ဈေးကွက်အနေအထားများ၊ ယှဉ်ပြိုင်မှုများအား လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။

ယခုသုတေသနတွင် လက်ရှိ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များအကြား ဈေးနှုန်းကွဲပြားမှုများ အပါအဝင် လက်ရှိအခြေအနေ၊ ဈေးကွက်ယှဉ်ပြိုင်မှု အနေအထားများ၊ ကုန်သွယ်မှု လျှင်မြန်ချောမွေ့မှုဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတကာမှ တင်ပို့မှု၊ ကုန်ပစ္စည်း၏ ဝယ်လိုအားလိုအပ်ချက်များအပြင် ကုန်သွယ်မှု လျှင်မြန်ချောမွေ့မှုဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ ပိုမိုအောင်မြင် မြန်ဆန်စေရန် နည်းဗျူဟာများနှင့် အကြံပြုဆွေးနွေးချက်များကို လေ့လာဖော်ထုတ် ဆန်းစစ်မည် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သော အဟန့်အတားများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှု အားနည်းခြင်း၊ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရာတွင် အခက်အခဲများ ကြုံတွေ့ခြင်း၊ နိုင်ငံအတွင်း ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများကြောင့် ကုန်သွယ်မှုများ ပုံမှန်အခြေအနေ မဟုတ်သည့် အချိန်ကာလဖြစ်နေခြင်း စသည်တို့ ကြုံတွေ့ခဲ့ကြပါသည်။


## ၂.၃။ သုတေသနဆောင်ရွက်ရခြင်း၏ မျှော်မှန်းရလဒ်များ

မြန်မာနိုင်ငံမှ အဓိက စိုက်ပျိုးရေး ပို့ကုန်သီးနှံဖြစ်သည့် အစေ့ထုတ်ပြောင်း၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများ လေ့လာခြင်း စီမံကိန်းသုတေသနမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ -

- မဲခေါင်-လန်ချန်းနိုင်ငံများ၊ အခြားအာဆီယံနိုင်ငံများနှင့် အစေ့ထုတ်ပြောင်းသီးနှံ ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး ထောက်ပံ့ပေးနိုင်ရန်၊
- အစေ့ထုတ်ပြောင်းသီးနှံ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ပါဝင်ပတ်သက်သူများကို နည်းပညာဆိုင်ရာ အသိပညာမြှင့်တင်ပေးရေး အထောက်အကူပြုနိုင်ရန်၊
- အစေ့ထုတ်ပြောင်းသီးနှံ ကုန်သွယ်မှုတွင် အစိုးရ-ပုဂ္ဂလိက ပါဝင်ပတ်သက်သူများ၏ စွမ်းဆောင်ရည် တိုးမြှင့်လာအောင် ထောက်ပံ့ပေးနိုင်ရန်နှင့်
- ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေးအတွက် တည်ထောင်ထားသော အမျိုးသားအဆင့် ညှိနှိုင်းဆောင်ရွက်မှုယန္တရားများကို အထောက်အပံ့ပြုနိုင်ရန် စသည်တို့ ဖြစ်ပါသည်။

## ၃။ သုတေသနဆောင်ရွက်သော နည်းလမ်းများ

သုတေသနအဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲနှင့် စိုက်ပျိုးစီးပွားပညာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်း၍ အစေ့ထုတ်ပြောင်းသီးနှံ တင်ပို့ရောင်းချသူများ၊ အစိုးရအရာရှိကြီးများ၊ သီးနှံများအလိုက် အသင်း အဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများ တွင် တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူးများထံမှ အချက်အလက်များကောက်ယူခြင်းများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းတွင် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။




ပုံ (၁) သုတေသန ဆောင်ရွက်ရန်အတွက် အဓိက လုပ်ငန်းစဉ်များ

## ၃.၁။ အချက်အလက်ကောက်ယူသည့် နည်းလမ်းများ

### ၃.၁.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် နည်းလမ်းများ

"အစေ့ထုတ်ပြောင်းသီးနှံ၏ ဈေးကွက်ယှဉ်ပြိုင်မှုနှင့် ပို့ကုန်အလားအလာများ လေ့လာခြင်း" သုတေ သနအတွက် အစေ့ထုတ်ပြောင်းသီးနှံ တင်ပို့ရောင်းချမှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ကောက်ယူခြင်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း၌ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အလယ်အလတ်အဆင့်အရာရှိများ၊ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အသင်းအဖွဲ့ဝင် ကုန်သည်များကို Key Informant Interview (KII) နည်းလမ်းနှင့် Focus Group Discussion (FGD) နည်းလမ်းများကို အသုံးပြု၍ အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများတွင် တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူးများထံသို့ ပြင်ဆင်ထားသော မေးခွန်းလွှာများကို အီးမေးလ်မှ တစ်ဆင့်ပေးပို့၍ အချက်အလက်များ ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံအလိုက် စီးပွားရေးသံမှူးများမှလည်း အချိန်နှင့်တပြေးညီ ပူးပေါင်းပါဝင်၍ မေးခွန်းလွှာများကို ဖြေကြားပြီး ပြန်လည်ပေးပို့ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

သုတေသန အချက်အလက်များ ကောက်ယူရာတွင် စီမံကိန်းသုတေသန အဖွဲ့ဝင်များသည် စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ ပြောင်းသီးနှံအသင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များတို့နှင့် ကနဦးချိတ်ဆက် ဆောင်ရွက်ခြင်းများ ပြုလုပ်၍ မေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ Focus Group Discussion (FGD) ဆောင်ရွက်ရာတွင်လည်း ပြောင်းသီးနှံအသင်းအဖွဲ့များမှ အကြီးအကဲများ၊ ခေါင်းဆောင်များ၊ ကုန်သည်များကိုယ်တိုင် ပူးပေါင်းပါဝင်၍ သုတေသနအဖွဲ့ဝင်များ မေးမြန်းသည်များကို ဖြေကြားပေးခဲ့ပါသည်။

အစေ့ထုတ်ပြောင်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမှုနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှုနှင့် အချက်အလက်ကောက်ခံမှု ပြုလုပ်ပြီးစီးခဲ့သော အစိုးရအဖွဲ့အစည်းများမှ အရာရှိကြီးများစာရင်း၊ သက်ဆိုင်ရာ အသင်းအဖွဲ့များ၏ တာဝန်ရှိသူများစာရင်း၊ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးသံမှူးများစာရင်းနှင့် သီးနှံအလိုက် တင်ပို့ရောင်းချသူစာရင်းများကို နောက်ဆက်တွဲ (က) တွင် အသေးစိတ် ဖော်ပြထားပါသည်။

### ၃.၁.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် နည်းလမ်းများ

လိုအပ်သော ဆင့်ပွားအချက်အလက်များကို သုတေသန၏ ရည်ရွယ်ချက်များ ရရှိစေရန်အတွက် ရှာဖွေရယူခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရာတွင် အာရှနိုင်ငံများသို့ တင်ပို့မှု အများဆုံးဖြစ်သည်ကို တွေ့ရှိရသောကြောင့် ၎င်းအချက်အလက်များကို အာရှနိုင်ငံများအပေါ်အခြေခံ၍ ရယူထားခြင်း ဖြစ်ပါသည်။ ကမ္ဘာ့ဈေးကွက်အား အခြေခံပါက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ဝေစုအချိုးမှာ အလွန်နည်းပါးနေသောကြောင့် ဖြစ်ပါသည်။ ဆင့်ပွားအချက်အလက်များ ရယူရာတွင် အချက်အလက်များ အမှန်ကန်ဆုံး ဖြစ်စေရန်အတွက် ကုန်သွယ်မှု အချက်အလက်များ (trade data) အများဆုံးရယူနိုင်သော ဇာစ်မြစ် (source) များနှင့် စာတမ်းရေးသားသူများ အများဆုံး ကိုးကားကြသည့် ဇာစ်မြစ် (source) များမှ ရယူခဲ့ပါသည်။

ဤသုတေသနအတွက် ဆင့်ပွားအချက်အလက်များကို United Nations Commodity Trade Statistics (UN Comtrade) Database ၊ Food and Agriculture Organization Statistical (FAOSTAT) Database ၊ Central Statistical Organization (CSO) Database ၊ International Trade Centre (ITC Trade Map) Database ၊ Myanmar Trade Promotion Organization (Myantrade) Database နှင့် Selinawamucii Database များမှ အသီးသီးရယူခဲ့ပါသည်။

## ၃.၂။ ကောက်ယူသော အချက်အလက်များ

### ၃.၂.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် အချက်အလက်များ

လိုအပ်သည့် အချက်အလက်များ ကောက်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စိုက်ပျိုးရေး ထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ သီးနှံအလိုက် အသင်းအဖွဲ့ဥက္ကဋ္ဌ အကြီးအကဲများနှင့် ကုန်သည်အဖွဲ့ဝင်များအား မေးမြန်းကောက်ယူခဲ့သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အစိုးရအရာရှိကြီးများနှင့် ပြောင်းအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌများအား မေးမြန်းရာတွင် အစေ့ထုတ် ပြောင်း ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ခဲ့သည့် လွန်ခဲ့သော (၁၀) နှစ်တာ ကာလအတွင်း ကြုံတွေ့ရသော ကုန်သွယ်မှု အခြေအနေများ၊ ကုန်သွယ်မှုပြုလုပ်မည့်နိုင်ငံ (ဥပမာ-တရုတ်နိုင်ငံ) နှင့် GACC SPS Protocol တစ်ခုအောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရန် လိုအပ်သည့်အဆင့်များ သိရှိမှုအခြေအနေများ၊ GACC SPS Protocol လက်မှတ်ရေးထိုးနိုင်ရန် လုပ်ဆောင်နိုင်သည့် ဖြေရှင်းနိုင်သော နည်းလမ်းများ၊ ကြုံတွေ့ရသော အခက်အခဲများ၊ ထူးခြားမှုများနှင့် ကုန်သွယ်မှု လျှင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ ပိုမိုအောင်မြင်စေရန် အကြံပြုလိုသည်များအား မေးမြန်းခဲ့ပါသည်။ ထို့ပြင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကဏ္ဍအလိုက် အစေ့ထုတ်ပြောင်းသီးနှံ၏ ဈေးကွက်ယှဉ်ပြိုင်မှုနှင့် ပို့ကုန်အလားအလာဆိုင်ရာနှင့် ပတ်သက်၍ လိုအပ် သည်များလည်း ဆွေးနွေး အကြံပြုခဲ့ကြပါသည်။

အစေ့ထုတ်ပြောင်း တင်ပို့ရောင်းချသည့် ကုန်သည်များအား မေးမြန်းရာတွင် ကုန်သည်များ၏ လုပ်ငန်းအမျိုးအစား/ပုံစံများ၊ လုပ်ငန်းအတွေ့အကြုံနှင့် အဓိကတင်ပို့သော ကုန်ပစ္စည်းများ စသည့် အကြောင်းအရာများကိုလည်း ကောက်ယူခဲ့ပါသည်။ ထို့ပြင် ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ခဲ့သည့် လွန်ခဲ့ သော (၅) နှစ်တာ ကာလအတွင်း ကုန်ပစ္စည်းဝယ်ယူမှု၊ တင်ပို့မှု အခြေအနေများ၊ ကုန်ပစ္စည်းများ တင်ပို့ ရာတွင် တွေ့ကြုံရသော အခြေအနေများကို ကုန်သည်များအား မေးမြန်းခဲ့ပါသည်။

အလားတူပင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရန် GACC Registration ပြုလုပ်ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲ၊ ဆောင်ရွက်သည့်နည်းလမ်းများ၊ ကုန်သွယ်မှုပြုလုပ်စဉ် ကြုံတွေ့ရသော အဓိက အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ စိန်ခေါ်မှုများနှင့် အနာဂါတ်တွင် တင်ပို့ရောင်းချမှု ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန် တိုးတက်လာစေရန် အကြံပေးလိုသည့် အချက်များအား ကောက်ယူခဲ့ ပါသည်။ ထို့အပြင် အစေ့ထုတ်ပြောင်းကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် တင်ပို့သည့် ကုန်ပစ္စည်းများ၏ ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ပြောင်းကုန်သည်များထံမှ ကောက်ယူခဲ့ပါသည်။

### ၃.၂.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် အချက်အလက်များ

အစေ့ထုတ်ပြောင်းသီးနှံ သုတေသနအတွက် ရယူခဲ့သော ဆင့်ပွားအချက်အလက်များမှာ အာရှနိုင်ငံ များမှ အစေ့ထုတ်ပြောင်း (HSC: 1005) တင်သွင်း (ဝယ်ယူ) သော နိုင်ငံများ၊ တင်ပို့သော နိုင်ငံများ၊ မြန်မာနိုင်ငံမှအာရှနိုင်ငံများသို့ အစေ့ထုတ်ပြောင်း တင်ပို့သော နိုင်ငံများ၊ အာရှနိုင်ငံများသို့ စုစုပေါင်း တင်ပို့မှုပမာဏနှင့် တန်ဖိုး၊ အစေ့ထုတ်ပြောင်း အဓိကတင်ပို့သော အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း ထုတ်လုပ်သည့် ပမာဏ၊ အထွက်နှုန်း၊ ပြည်တွင်းလက္ကားဈေးနှုန်း၊ FOB ဈေးနှုန်းများကို ရယူခဲ့ပါသည်။

ထို့အပြင် မြန်မာ့အစေ့ထုတ်ပြောင်း ဝယ်ယူသောနိုင်ငံများနှင့် အဓိက ဝယ်ယူသော နိုင်ငံများရှိ မြန်မာ့ပြောင်း၏ ဈေးကွက်ဝေစုအချိုးကို သိရှိနိုင်ရန် မြန်မာ့အစေ့ထုတ်ပြောင်း ဝယ်ယူသော နိုင်ငံများ၏ အစေ့ထုတ်ပြောင်း တင်သွင်းမှုပမာဏ၊ တန်ဖိုးနှင့် ၎င်းနိုင်ငံများသို့ မြန်မာနိုင်ငံနှင့်အပြိုင် တင်သွင်းသော အခြားနိုင်ငံများ၏ တင်သွင်းမှုပမာဏနှင့် တန်ဖိုးများကိုလည်း ရယူခဲ့ပါသည်။

ထို့အပြင် Nominal Protection Rate (NPR) ကို တွက်ချက်နိုင်ရန်အတွက် မြန်မာ့အစေ့ထုတ်ပြောင်းကို အဓိက ဝယ်ယူသောနိုင်ငံများသို့အရောက် တင်ပို့သည့်ဈေးနှုန်း (CIF Price) နှင့် ၎င်းနိုင်ငံများ၏ ပြည်တွင်းတွင် ရောင်းချသော အစေ့ထုတ်ပြောင်း၏ လက်ကားဈေးနှုန်းများကိုလည်း ရယူခဲ့ပါသည်။ Trade Potential of a year ကို တွက်ထုတ်ရန်အတွက် မြန်မာ့အစေ့ထုတ်ပြောင်းကို ဝယ်ယူသောနိုင်ငံများ၊ မြန်မာနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ အစေ့ထုတ်ပြောင်း တင်ပို့သည့် ပမာဏနှင့် တန်ဖိုး၊ မြန်မာ့အစေ့ထုတ်ပြောင်းကို ဝယ်ယူသောနိုင်ငံများ၏ စုစုပေါင်း အစေ့ထုတ်ပြောင်း ဝယ်ယူသည့် ပမာဏနှင့်တန်ဖိုး စသည်တို့ကို ရယူခဲ့ပါသည်။ Revealed Comparative Advantage (RCA) ကို တွက်ထုတ်ရန်အတွက် အစေ့ထုတ်ပြောင်း တင်ပို့သော အာရှနိုင်ငံများ၏ ကမ္ဘာ့ဈေးကွက်သို့ အစေ့ထုတ်ပြောင်း တင်ပို့သည့် ပမာဏနှင့် တန်ဖိုး၊ အစေ့ထုတ်ပြောင်း တင်ပို့သော အာရှနိုင်ငံများ၏ စုစုပေါင်း စိုက်ပျိုးရေးထွက်ကုန် တင်ပို့မှု ပမာဏနှင့် တန်ဖိုး၊ ကမ္ဘာ့ဈေးကွက်ရှိ အစေ့ထုတ်ပြောင်း ပမာဏနှင့် တန်ဖိုး၊ ကမ္ဘာ့ဈေးကွက်ရှိ စိုက်ပျိုးရေးထွက်ကုန် ပမာဏနှင့် တန်ဖိုး စသည်တို့ကို ရယူခဲ့ပါသည်။

**ဆင့်ပွားအချက်အလက်များ၏ ဇာစ်မြစ်များ**

ဆင့်ပွားအချက်အလက်များရယူရာတွင် အချက်အလက်များ အမှန်ကန်ဆုံး ဖြစ်စေရန်အတွက် ကုန်သွယ်မှုအချက်အလက်များ (trade data) အများဆုံးရယူနိုင်သော ဇာစ်မြစ် (source) များနှင့် စာတမ်းရေးသူများ အများဆုံး ကိုးကားကြသည့် ဇာစ်မြစ် (source) များမှ ရယူခဲ့ပါသည်။ သုတေသနအတွက် အစေ့ထုတ်ပြောင်း၏ တင်ပို့မှု/တင်သွင်းမှု ပမာဏ၊ တန်ဖိုး၊ ကုန်သွယ်မှုတန်ဖိုး ဆင့်ပွားအချက်အလက်များကို United Nations Commodity Trade Statistics (UN Comtrade) Database မှလည်းကောင်း၊ အစေ့ထုတ်ပြောင်း ထုတ်လုပ်မှုပမာဏနှင့် အထွက်နှုန်းကို Food and Agriculture Organization Statistical (FAOSTAT) Database မှလည်းကောင်း၊ မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း ထုတ်လုပ်မှုပမာဏနှင့် အထွက်နှုန်း အချက်အလက်များကို Central Statistical Organization (CSO) Database မှလည်းကောင်း၊ အာရှနိုင်ငံများ၏ တင်ပို့မှ/တင်သွင်းမှ စုစုပေါင်း ပမာဏနှင့် တန်ဖိုးများ၊ FOB တန်ဖိုးများကို International Trade Centre (ITC Trade Map) Database မှလည်းကောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန် လက်လီဈေး၊ လက်ကားဈေး၊ FOB ဈေးနှုန်းများကို Myanmar Trade Promotion Organization (Myantrade) Database မှ လည်းကောင်း၊ နိုင်ငံတကာ၏ အစေ့ထုတ်ပြောင်း လက်ကားဈေးများကို Selinawamucii Database မှလည်းကောင်း အသီးသီးရယူခဲ့ပါသည်။

ဇယား (၁) ဆင့်ပွားအချက်အလက် (Secondary Data) များရယူခြင်းနှင့် ၎င်းတို့၏ ဇာစ်မြစ်များ

| စဉ် | ရယူခဲ့သော အချက်အလက်များ | ရယူခဲ့သော ဇာစ်မြစ်များ |
|---|---|---|
| ၁။ | အာရှနိုင်ငံများမှ အစေ့ထုတ်ပြောင်း တင်သွင်း (ဝယ်ယူ)သော နိုင်ငံများ၏ ပြောင်းဆံ တင်သွင်းမှု ပမာဏနှင့် တန်ဖိုး | United Nations Commodity Trade Statistics (UN Comtrade) Database https://comtradeplus.un.org/ International Trade Centre (ITC Trade Map) Database https://www.trademap.org/ |
| ၂။ | အစေ့ထုတ်ပြောင်း တင်ပို့သော အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း တင်ပို့မှု ပမာဏနှင့် တန်ဖိုး | |
| ၃။ | မြန်မာနိုင်ငံမှအာရှနိုင်ငံများသို့ အစေ့ထုတ်ပြောင်း (HSC: 1005) တင်ပို့သော နိုင်ငံများ၊ | |
| ၄။ | မြန်မာနိုင်ငံမှ အာရှနိုင်ငံများနှင့် ကမ္ဘာ့ဈေးကွက်သို့ အစေ့ထုတ်ပြောင်း စုစုပေါင်းတင်ပို့မှု ပမာဏနှင့် တန်ဖိုး | |
| ၅။ | အာရှနိုင်ငံများမှ ကမ္ဘာ့ဈေးကွက်သို့ ပို့ကုန်များ တင်ပို့မှု ပမာဏနှင့် တန်ဖိုး | |
| ၆။ | အစေ့ထုတ်ပြောင်း အဓိကတင်ပို့သော အာရှနိုင်ငံများ၏ အစေ့ထုတ် ပြောင်း ထုတ်လုပ်သည့် ပမာဏနှင့် အထွက်နှုန်း | Food and Agriculture Organization Statistical (FAOSTAT) Database https://www.fao.org/faostat/en /#data/QCL |
| ၇။ | မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း ထုတ်လုပ်သည့် ပမာဏနှင့် အထွက်နှုန်း | Central Statistical Organization (CSO) Database https://www.csostat.gov.mm/ Food and Agriculture Organization Statistical (FAOSTAT) Database https://www.fao.org/faostat/en/. #data/QCL |
| ၈။ | အစေ့ထုတ်ပြောင်းတင်ပို့သော နိုင်ငံများ၏ ပြည်တွင်းလက္ကားဈေးနှုန်းနှင့် FOB ဈေးနှုန်းများ | Selina Wamucii Prime Database https://www.selinawamucii.com/ -insights/prices/ |
| ၉။ | မြန်မာ့အစေ့ထုတ်ပြောင်းကို အဓိက ဝယ်ယူသော နိုင်ငံများ၏ အစေ့ထုတ် ပြောင်း လက္ကားဈေးနှုန်းများ | Myanmar Trade Promotion Organization (Myantrade) Database https://myantrade.gov.mm/ https://myantrade.gov.mm/information-resources?resource_type_id= 7&resource-_category_id=1 Food and Agriculture Organization Statistical (FAOSTAT) Database https://fpma.fao.org/giews/fpmat4/#/dashboard/tool/domestic |
| ၁၀။ | မြန်မာ့အစေ့ထုတ်ပြောင်း ဝယ်ယူသော နိုင်ငံများ၏ အစေ့ထုတ်ပြောင်း တင်သွင်းမှု ပမာဏ၊ တန်ဖိုး နှင့် ၎င်းနိုင်ငံများသို့ မြန်မာနိုင်ငံနှင့်အပြိုင် တင်သွင်းသော အခြားနိုင်ငံများ၏ အစေ့ထုတ်ပြောင်း တင်သွင်းမှု ပမာဏနှင့် တန်ဖိုးများ | United Nations Commodity Trade Statistics (UN Comtrade) Database https://comtradeplus.un.org/TradeFlow |
| ၁၁။ | မြန်မာအစေ့ထုတ်ပြောင်းကို အဓိက ဝယ်ယူသော နိုင်ငံများသို့အရောက် တင်ပို့သည့် ဈေးနှုန်း (CIF Price) | International Trade Centre (ITC Trade Map) Database https://www.trademap.org/ |

## ၃.၃။ တွက်ချက်သည့် နည်းလမ်းများ

### ၃.၃.၁။ မူရင်းအချက်အလက် (Primary data) များအား တွက်ချက်သည့် နည်းလမ်းများ

စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ ပြောင်းအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌများနှင့် ပြောင်းကုန်သည်များထံမှ ကောက်ယူရရှိခဲ့သော Qualitative data များကို သက်ဆိုင်ရာ ကဏ္ဍအလိုက်၊ ခေါင်းစဉ်အလိုက် ခွဲခြား၍ အစီရင်ခံစာ ရေးသား ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။ ကောက်ယူရရှိခဲ့သည့် Quantitative data များကို Microsoft Excel တွင် စာရင်းသွင်းခြင်း (Data Entry) နှင့် အတည်ပြုစိစစ်ခြင်း (Data Verification, Validation and Consistency Checking) တို့ပြုလုပ်၍ ဈေးနှုန်းများ၊ ပမာဏများ၊ ကိန်းဂဏန်းများကို Descriptive Analysis

နည်းလမ်းကို အသုံးပြု၍ ရာခိုင်နှုန်းများ၊ အချက်အလက်တန်ဖိုးပြ ဇယားများ၊ ပုံများဖြင့် တွက်ချက်ခဲ့ပါသည်။

### ၃.၃.၂။ ဆင့်ပွားအချက်အလက် (Secondary data) များအား တွက်ချက်သည့် နည်းလမ်းများ

ဖော်ပြပါ သုတေသနရည်ရွယ်ချက်များကို ဆန်းစစ်တွက်ချက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့်အဖွဲ့အစည်းများမှ ထုတ်ဝေပြီးသော ပြောင်းသီးနှံစိုက်ပျိုး ထုတ်လုပ်မှုနှင့် ပတ်သက်သည့် မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုများစသည့် အချက်အလက်များနှင့် တွက်ချက်လေ့လာခြင်း၊ ယခင်နှင့် ယခု စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ ကုန်ကျစရိတ်များ၊ ကုန်သွယ်မှုဆိုင်ရာ မိတ်ဖက်နိုင်ငံများနှင့်ယှဉ်ကာ ကုန်ပစ္စည်းအရည်အသွေးများ စသည်များကို ယှဉ်ပြိုင်ဆန်းစစ်တွက်ချက်ခြင်း (Competitive analysis) တွက်ချက်လေ့လာခဲ့ပါသည်။ သုတေသနတွင် Nominal Protection Rate (NPR) တွက်ချက်ခြင်း၊ ပို့ကုန်အလားအလာများ (Trade Potential) တွက်ချက်ခြင်း ၊ Revealed Comparative Advantage (RCA) တွက်ချက်ခြင်းနှင့် SWOC analysis စသည့် နည်းလမ်းများဖြင့် တွက်ချက်လေ့လာခဲ့ပါသည်။

### ဈေးနှုန်းယှဉ်ပြိုင်မှုနှင့် လိုအပ်သည့်အချက်အလက်များ

သုတေသနတွင် ဈေးနှုန်းယှဉ်ပြိုင်မှု၊ တန်ဖိုးယှဉ်ပြိုင်နိုင်မှုသည် ကုန်ပစ္စည်းတစ်ခု၏ ပြည်တွင်းဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းနှင့် တူညီ သို့မဟုတ် လျော့နည်းသည့် အရည်အသွေး စံနှုန်း၊ ထုတ်လုပ်မှုစသည်ဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်ဟု အဓိပ္ပါယ် ဖွင့်ဆိုနိုင်သည်။ Pm သည် တင်သွင်းသည့်နိုင်ငံမှ အခြားဝယ်ယူသော နိုင်ငံသို့အရောက် ထွက်ကုန်တင်ပို့သည့် ဈေးနှုန်း (CIF Price) ဖြစ်ပြီး Pw သည် ထွက်ကုန်ဝယ်ယူသည့် နိုင်ငံ၏ ပြည်တွင်းလက္ကားဈေးနှုန်း (Wholesale Price) ဖြစ်ပါသည်။

$$\mathbf{Pm \le Pw}$$

Nominal Protection Rate (NPR) သည် Free market price ဖြစ်ပြီး တင်သွင်းသည့်နိုင်ငံမှ အခြားဝယ်ယူသော နိုင်ငံသို့အရောက် ထွက်ကုန်တင်ပို့သည့် ဈေးနှုန်း (CIF Price) (Pm) နှင့် ထွက်ကုန်ဝယ်ယူသည့် နိုင်ငံ၏ ပြည်တွင်း လက္ကားဈေးနှုန်း (Wholesale Price) (Pw) တို့ ပိုင်းခြားခြင်းဖြင့် ရရှိလာသော တန်ဖိုးဖြစ်သည်။ Nominal Protection Rate (NRP) ကို ဖော်ပြပါ ဖော်မြူလာနှင့် တွက်ချက်နိုင်ပါသည်။

$$\mathbf{NPR = Pm / Pw}$$

Nominal Protection Rate (NPR) သည် အစိုးရမူဝါဒများ လွှမ်းမိုးမှုကြောင့် ကုန်ပစ္စည်းများ၏ ပြည်တွင်းဈေးကွက်များ သက်ရောက်မှုရှိပါသည်။ သို့ဖြစ်ပါ၍ ကုန်ပစ္စည်းတစ်ခု၏ Nominal Protection Rate (NPR) သည် (၁) နှင့် ညီမျှသည် (သို့) (၁) ထက်ငယ်နေလျှင် ကုန်ပစ္စည်း၏ ထုတ်လုပ်မှုသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ဖော်ပြနိုင်ပါသည်။

## ပို့ကုန်အလားအလာ

တင်ပို့မှုအလားအလာသည် နိုင်ငံ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ပို့ကုန်များနှင့် တွဲဖက်နိုင်ငံ၏ တစ်ကမ္ဘာလုံးဆိုင်ရာ တင်သွင်းမှုများအကြား အနည်းဆုံးတန်ဖိုးမှ နှစ်နိုင်ငံအကြား အမှန်တကယ် ကုန်သွယ်မှုအား တွက်ချက်ခြင်းဖြစ်ပါသည်။ တစ်နှစ်အတွင်း ကုန်သွယ်မှုအလားအလာကို သိလိုလျှင် ဖော်ပြပါ ဖော်မြူလာနှင့် တွက်ချက်နိုင်ပါသည်။

*Trade Potential for a year = minimum (country 's global exports, partner country's global imports) – actual trade*

## ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (Revealed Comparative Advantage - RCA)

ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်ကို တွက်ချက်ရန်အတွက် နိုင်ငံ၏ သတ်မှတ်ထားသော ထွက်ကုန်တင်ပို့သည့် ပမာဏ၊ ၎င်းနိုင်ငံ၏ စုစုပေါင်းပို့ကုန်များ တင်ပို့သည့်ပမာဏ၊ ကမ္ဘာ့ဈေးကွက်ရှိ သတ်မှတ်ပို့ကုန် စုစုပေါင်း တင်ပို့သည့်ပမာဏနှင့် ကမ္ဘာ့စုစုပေါင်း ပို့ကုန်တင်ပို့သည့် ပမာဏတို့ သိရန် လိုအပ်ပါသည်။ Revealed Comparative Advantage (RCA) ကို ဖော်ပြပါ ဖော်မြူလာဖြင့် တွက်ချက်နိုင်ပါသည်။

$$RCA_{Ai} = \frac{\frac{X_{Ai}}{\sum_{j \epsilon P} X_{Ai}}}{\frac{X_{Wi}}{\sum_{j \epsilon P} X_{Wi}}}$$

P = ထုတ်ကုန်အားလုံး၏ အစု

$X_{Ai}$ = နိုင်ငံ A ၏ ပို့ကုန် i တင်ပို့သည့် ပမာဏ

Xwi = ကမ္ဘာ့ဈေးကွက်ရှိ ပို့ကုန် i စုစုပေါင်း တင်ပို့သည့် ပမာဏ

$\sum_{j \epsilon P} \boldsymbol{X_{Ai}}$ = နိုင်ငံ A ၏ စုစုပေါင်း ပို့ကုန် တင်ပို့သည့် ပမာဏ

$\sum_{j \epsilon P} X_{Wi}$ = ကမ္ဘာ့ စုစုပေါင်း ပို့ကုန် တင်ပို့သည့် ပမာဏ

မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း၏ နှိုင်းယှဉ်အားသာချက် Revealed Comparative Advantage (RCA) ဖော်မြူလာမှာ

RCA = (မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းတင်ပို့သည့်ပမာဏ/ မြန်မာနိုင်ငံ၏ စုစုပေါင်း ပို့ကုန် တင်ပို့သည့် ပမာဏ)/ (ကမ္ဘာ့ဈေးကွက်ရှိ အစေ့ထုတ်ပြောင်း တင်ပို့သည့် ပမာဏ/ကမ္ဘာ့ စုစုပေါင်း ပို့ကုန် တင်ပို့သည့် ပမာဏ)

| | | |
|---|---|---|
| ယူဆချက် (၁) | $0 < RCA \leq 1$ | နှိုင်းယှဉ်အားသာချက် မရှိပါ။ |
| ယူဆချက် (၂) | $1 < RCA \leq 2$ | နှိုင်းယှဉ်အားသာချက် အားနည်းခြင်း |
| ယူဆချက် (၃) | $2 < RCA \leq 4$ | အလယ်အလတ် နှိုင်းယှဉ် အားသာချက် |
| ယူဆချက် (၄) | $4 < RCA$ | ခိုင်မာသော နှိုင်းယှဉ်အားသာချက် |

**SWOC analysis ဖြင့် ထုတ်ကုန် ယှဉ်ပြိုင်နိုင်မှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ လေ့လာခြင်း**

ထုတ်ကုန် ယှဉ်ပြိုင်နိုင်မှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ လေ့လာခြင်းနှင့် ပတ်သက်၍ သုတေသနတွင် ကနဦးကောက်ယူခဲ့သော အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ထည့်သွင်းတွက်ချက်မည် ဖြစ်ပါသည်။ Strength, Weakness, Opportunities and Challenges (SWOC) analysis တွင် ထည့်သွင်းတွက်ချက်မည့် အချက်အလက်များကို ပြန်လည်စီစဉ်ပြီး ဆုံးဖြတ်ချက်ချခြင်းဖြင့် မဟာဗျူဟာဆိုင်ရာ ရွေးချယ်စရာများကို ခွဲခြားဖော်ပြသည်။

(၁) အားသာချက်-အခွင့်အရေး နည်းဗျူဟာများ (S-O)

နည်းဗျူဟာများ၏ အားသာချက်များသည် ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ အတွက် အခွင့်အလမ်းများကို အများဆုံးရရှိစေရန်အတွက် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

(၂) အားသာချက်-စိန်ခေါ်မှု နည်းဗျူဟာများ (S-C)

နည်းဗျူဟာများ၏ အားသာချက်များသည် ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ အတွက် ဖြစ်နိုင်ချေရှိသော စိန်ခေါ်မှုများကို လျှော့နည်းနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

(၃) အားနည်းချက်-အခွင့်အရေး နည်းဗျူဟာများ (W-O)

နည်းဗျူဟာများ၏ အားနည်းချက်များအပေါ် အခြေခံပြီး ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် ဖြစ်နိုင်ချေရှိသော အခွင်အရေးများကို ရရှိနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

(၄) အားနည်းချက်-စိန်ခေါ်မှု နည်းဗျူဟာများ (W-C)

နည်းဗျူဟာများ၏ အားနည်းချက်များအပေါ် အခြေခံပြီး ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် ဖြစ်နိုင်ချေရှိသော စိန်ခေါ်မှုများကို ရရှိနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

## ၃.၄။ သုတေသနအဖွဲ့ဝင်များ

ယခု သုတေသနကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီမြင့် ဦးဆောင်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားဌာနမှ ကထိက ဒေါ်သီသီစိုး၊ သရုပ်ပြ ဒေါ်ထက်မာလာအေး တို့က စီမံကိန်းတာဝန်ခံနှင့် စီမံကိန်းအဖွဲ့ဝင်များ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

## ၃.၅။ သုတေသနဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့်ကာလ

သုတေသနဆောင်ရွက်ချက်များနှင့် လုပ်ငန်းများအလိုက် ဆောင်ရွက်သည့်ကာလမှာ ဇယား (၂) ပါအတိုင်း ဖြစ်ပါသည်။

# ဇယား (၂) သုတေသနဆောင်ရွက်ချက်များ ဆောင်ရွက်သည့် ကာလ

| လုပ်ငန်းစဉ်များ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် | | | | | | | | | | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ရေထွက်ပစ္စည်း၊ ဖရဲသီး လုပ်ငန်းအစီအစဉ်၊ သုတေ သနဒီဇိုင်း၊ conceptual framework နှင့် သုတေသန နည်းလမ်း (Methodology) အတည်ပြုခြင်း | ■ | ■ | | | | | | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ အချက်အလက် များစုဆောင်းခြင်း၊ ပြုစုခြင်း၊ ကိန်းဂဏန်းများ၊ ကောက်ယူခြင်းနှင့် စုစည်းခြင်း | | ■ | ■ | | | | | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ ကိန်း ဂဏန်းအချက်အလက်များအား ထည့်သွင်းခြင်း၊ စိစစ်ခြင်း၊ တွက်ချက်ခြင်းနှင့် သုံးသပ်ခြင်း | | | ■ | ■ | | | | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ သုတေသန အစီရင်ခံစာ (မူကြမ်း) အား စီမံကိန်း အကောင် အထည်ဖော်မည့် လုပ်ငန်းအဖွဲ့သို့ ရှင်းလင်း တင်ပြခြင်း၊ သဘောထား မှတ်ချက်များနှင့်အညီ ပြန်လည် ပြင်ဆင်ခြင်း၊ အတည်ပြုချက် ရယူခြင်း | | | | | ■ | ■ | ■ | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ သုတေသန အစီရင်ခံစာ (final) နှင့် အတူ hard copy နှင့် soft copy များ၊ software နှင့် Advanced Microsoft Office Excel အသုံးပြုခဲ့သော Data Sheet များကို ပူးတွဲ၍ အပ်နှံခြင်း | | | | | | | | ■ | ■ | ■ | | | | | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ အချက်အလက်များ စုဆောင်းခြင်း၊ ပြုစုခြင်း၊ ကိန်းဂဏန်းများ၊ ကောက်ယူခြင်းနှင့် စုစည်းခြင်း | | | | | | | | | | | ■ | ■ | ■ | | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ ကိန်းဂဏန်း အချက်အလက်များအား ထည့်သွင်းခြင်း၊ စိစစ်ခြင်း၊ တွက်ချက်ခြင်းနှင့် သုံးသပ်ခြင်း | | | | | | | | | | | | ■ | ■ | ■ | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ သုတေသန အစီရင်ခံစာ (မူကြမ်း) အား စီမံကိန်း အကောင် အထည်ဖော်မည့် လုပ်ငန်းအဖွဲ့သို့ ရှင်းလင်း တင်ပြခြင်း၊ သဘောထားမှတ်ချက်များနှင့်အညီ ပြန်လည်ပြင်ဆင်ခြင်း၊ အတည်ပြုချက် ရယူခြင်း | | | | | | | | | | | | | ■ | ■ | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ သုတေသန အစီရင်ခံစာ (final) နှင့်အတူ hard copy နှင့် soft copy များ၊ software နှင့် Advanced Microsoft Office Excel အသုံးပြုခဲ့သော Data Sheet များကို ပူးတွဲ၍ အပ်နှံခြင်း | | | | | | | | | | | | | | | ■ | ■ |

# ၄။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ခြုံငုံသုံးသပ်ချက်များ

## ၄.၁။ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုဆိုင်ရာ တွက်ချက်မှုများ

ပြောင်းသည် ကမ္ဘာပေါ်တွင် တတိယမြောက် စိုက်ပျိုးထုတ်လုပ်မှု အများဆုံးသော နှံစားသီးနှံတစ်ခု ဖြစ်ပါသည် (လယ်ယာစီးပွားနှင့်ကုန်သွယ်မှုဌာနခွဲ၊ ၂၀၂၂)။ ကမ္ဘာတစ်ဝှမ်းတွင် ပြောင်းစိုက်ပျိုးထုတ်လုပ်သော နိုင်ငံပေါင်း (၁၆၅) နိုင်ငံရှိပြီး ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့ပြောင်းထုတ်လုပ်မှုသည် (၁.၂၂) ဘီလီယံ မက်ထရစ်တန်ခန့်အထိ ထုတ်လုပ်နိုင်ခဲ့ပါသည် (USDA၊ ၂၀၂၄)။ ကမ္ဘာပေါ်တွင် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံး (၁၀) နိုင်ငံမှာ အမေရိကန်၊ တရုတ်၊ ဘရာဇီး၊ ဥရောပသမဂ္ဂ (EU)၊ အာဂျင်တီးနား၊ အိန္ဒိယ၊ ယူကရိန်း၊ မက္ကဆီကို၊ ရုရှားနှင့် ကနေဒါနိုင်ငံတို့ ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်တွင် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေမှာ အမေရိကန်နိုင်ငံတွင် မက်ထရစ်တန်ချိန် (၃၈၉.၆၉) သန်း၊ တရုတ်နိုင်ငံတွင် မက်ထရစ်တန်ချိန် (၂၈၈.၈၄) သန်းနှင့် ဘရာဇီးနိုင်ငံတွင် မက်ထရစ်တန်ချိန် (၁၂၂.၀၀) သန်း အသီးသီး ထုတ်လုပ်နိုင်ခဲ့ ကြ၍ မြန်မာနိုင်ငံတွင် မက်ထရစ်တန်ချိန် (၂.၃၀) သန်းခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်းကို ဇယား (၃) တွင် ဖော်ပြထားပါသည် (USDA၊ ၂၀၂၄)။ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ပြောင်း စိုက်ပျိုးထုတ်လုပ်မှု နိုင်ငံများစာရင်း၌ အဆင့် (၃၃) အဖြစ် ရပ်တည်လျက် ရှိပါသည် (USDA၊ ၂၀၂၄)။

၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ပြောင်းထုတ်လုပ်မှုသည် (၁.၁၆) ဘီလီယံ မက်ထရစ်တန်ခန့်အထိ ထုတ်လုပ်နိုင်ခဲ့ပါသည် (USDA၊ ၂၀၂၄)။ ၂၀၂၂ ခုနှစ်တွင် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံး နိုင်ငံများ၏ စိုက်ပျိုး ထုတ်လုပ်မှုအခြေအနေမှာ အမေရိကန်နိုင်ငံတွင် မက်ထရစ်တန်ချိန် (၃၄၆.၇၀) သန်း၊ တရုတ်နိုင်ငံတွင် မက်ထရစ်တန်ချိန် (၂၇၇.၂၀) သန်းနှင့် ဘရာဇီးနိုင်ငံတွင် မက်ထရစ်တန်ချိန် (၁၃၇.၀၀) သန်း (USDA၊ ၂၀၂၄) အသီးသီး ထုတ်လုပ်နိုင်ခဲ့ကြ၍ မြန်မာနိုင်ငံတွင် မက်ထရစ်တန်ချိန် (၂.၂၇) သန်းခန့် (ဗဟိုစာရင်းအင်းအဖွဲ့-CSO၊ ၂၀၂၄) ထုတ်လုပ်နိုင်ကြောင်းကို ဇယား (၃) တွင် ဖော်ပြထားပါသည်။


ဇယား (၃) ပြောင်းထုတ်လုပ်မှု အများဆုံးနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ

| စဉ် | နိုင်ငံ | ပြောင်းထုတ်လုပ်မှုပမာဏ (မက်ထရစ်တန် သန်း) | |
|---|---|---|---|
| | | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
| ၁။ | အမေရိကန် | ၃၈၉.၆၉ | ၃၄၆.၇၀ |
| ၂။ | တရုတ် | ၂၈၈.၈၄ | ၂၇၇.၂၀ |
| ၃။ | ဘရာဇီး | ၁၂၂.၀၀ | ၁၃၇.၀၀ |
| ၄။ | ဥရောပသမဂ္ဂ (EU) | ၆၁.၄၅ | ၅၂.၃၀ |
| ၅။ | အာဂျင်တီးနား | ၅၀.၀၀ | ၃၆.၀၀ |
| ၆။ | အိန္ဒိယ | ၃၇.၅၀ | ၃၈.၁၀ |
| ၇။ | ယူကရိန်း | ၃၂.၅၀ | ၂၇.၀၀ |
| ၈။ | မက္ကဆီကို | ၂၂.၇၀ | ၂၈.၁၀ |
| ၉။ | ရုရှား | ၁၆.၆၀ | ၁၅.၈၀ |
| ၁၀။ | ကနေဒါ | ၁၅.၄၂ | ၁၄.၅၀ |
| ၁၁။ | မြန်မာ | ၂.၃၀ | ၂.၂၇ |

ရင်းမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့-CSO၊ ၂၀၂၄၊ USDA, ၂၀၂၄

အမေရိကန်၊ တရုတ်၊ ဘရာဇီးနှင့် ဥရောပသမဂ္ဂ (EU) နိုင်ငံများ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် ထုတ်လုပ်နိုင်မှု အများဆုံးနိုင်ငံများအဖြစ် ရပ်တည်လျက် ရှိပါသည်။ သို့သော် အိန္ဒိယနိုင်ငံ၏ ပြောင်းထုတ်မှုသည် ၂၀၂၂ ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံထက်ပို၍ ထုတ်လုပ်နိုင်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံသည် အိန္ဒိယနိုင်ငံထက်ပို၍ ပြောင်းများကို စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အလားတူပင် မက္ကဆီကိုနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ယူကရိန်းနိုင်ငံထက်ပို၍ ပြောင်းထုတ်လုပ်နိုင်မှု များခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ယူကရိန်းနိုင်ငံသည် ပြောင်းထုတ်လုပ်မှု ပို၍များခဲ့ကြောင်း လေ့လာခဲ့ရပါသည်။

အစေ့ထုတ်ပြောင်းသည် မြန်မာနိုင်ငံတွင် ဒုတိယအရေးအကြီးဆုံး သီးနှံဖြစ်ပြီး ပို့ကုန်ဝင်ငွေ အတွက် အလားအလာအရှိဆုံး သီးနှံများထဲမှ တစ်ခုအပါအဝင် ဖြစ်ပါသည်။ ၎င်းသီးနှံသည် တိရစ္ဆာန်အစာအဖြစ် အဓိက အသုံးပြုကြသောကြောင့် ပြည်တွင်းမွေးမြူရေးကဏ္ဍအတွက် အလွန်အရေးပါသော သီးနှံတစ်ခုလည်း ဖြစ်ပါသည် (IFPRI၊ ၂၀၂၃)။ ၂၀၂၄ ခုနှစ်တွင် ပြုလုပ်ခဲ့သော အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက် မြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို မိုးရာသီနှင့် ဆောင်းရာသီတို့တွင် အဓိက စိုက်ပျိုးထုတ်လုပ်လျက် ရှိကြပါသည်။ ၂၀၂၃ ခုနှစ် မိုးရာသီတွင် အစေ့ထုတ်ပြောင်းစိုက်ဧက စုစုပေါင်း၏ (၈၆) ရာခိုင်နှုန်းခန့် စိုက်ပျိုးကြ၍ ဆောင်းရာသီတွင် စုစုပေါင်း စိုက်ဧက၏ (၁၄) ရာခိုင်နှုန်းခန့် စိုက်ပျိုးကြပါသည်။




ဇာစ်မြစ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၂ ခုနှစ်

ပုံ (၂) မြန်မာနိုင်ငံ၏ နှစ်အလိုက် အစေ့ထုတ်ပြောင်းစိုက်ဧရိယာ နှင့် စုစုပေါင်းအထွက်တန်ဖိုးများ (၂၀၁၂-၂၀၁၃ ခုနှစ် မှ ၂၀၂၂-၂၀၂၃ ခုနှစ်)

၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ နှစ်အလိုက် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု ဧရိယာနှင့် စုစုပေါင်း အထွက်တန်ဖိုးများကို ပုံ (၂) တွင် ဖော်ပြထားပါသည်။ ပြည်ထောင်စုချုပ်အနေဖြင့်

၂၀၁၂-၂၀၁၃ ခုနှစ်တွင် စိုက်ဧက ဟက်တာ (၄) သိန်းကျော် စိုက်ပျိုးခဲ့ပြီး တစ်ဟက်တာ ပျမ်းမျှအထွက်နှုန်း (၃.၆၄) မက်ထရစ်တန်ခန့်ဖြင့် အထွက်တန်ချိန်ပေါင်း မက်ထရစ်တန် (၁.၅၃) သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ခုနှစ် စိုက်ပျိုးရာသီတွင် စိုက်ဧကဟက်တာ (၆) သိန်းကျော် စိုက်ပျိုးခဲ့ပြီး တစ်ဟက်တာ ပျမ်းမျှအထွက်နှုန်း (၃.၇၅) မက်ထရစ်တန်ခန့်ဖြင့် အထွက်တန်ချိန်ပေါင်း မက်ထရစ်တန် (၂.၂၇) သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပါသည် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၂၂)။

ထို့အတွက်ကြောင့် ဆယ်နှစ်တာကာလအတွင်း စိုက်ဧရိယာ ဟက်တာ (၂) သိန်းကျော် တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တန်ချိန်ပေါင်း မက်ထရစ်တန် (၀.၇၄) သန်းခန့် တိုးတက်ထုတ် လုပ်နိုင်ခဲ့ပါသည် (ပုံ ၂)။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုဧရိယာ လျော့နည်းသွားသော်လည်း တစ်ဟက်တာမှထွက်ရှိသော အထွက်နှုန်းမှာ တိုးတက်လာသောကြောင့် ၂၀၂၃ ခုနှစ်တွင် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုတန်ချိန် ပို၍တိုးလာခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် ပြုလုပ်ခဲ့သော အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲ အစီရင်ခံစာအရ အစေ့ထုတ်ပြောင်းသီးနှံ၏ ပန်းတိုင် တစ်ဟက်တာ အထွက်နှုန်းသည် (၅.၁၃) တန်၊ တင်းအားဖြင့် (၂၁၂.၅၀) တင်း[၁] ဖြစ်သော်လည်း ဆယ်နှစ်တာကာလအတွင်း ပြည်ထောင်စုချုပ် တစ်ဟက်တာ ပျမ်းမျှအထွက်နှုန်းမှာ (၃) တန်ဝန်းကျင်ခန့်သာ ထွက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ အစေ့ထုတ်ပြောင်းများကို စိုက်ပျိုးရာတွင် ပြည်ပမှမှာယူသည့် စပ်မျိုး မျိုးစေ့များကို အများဆုံး စိုက်ပျိုးနေကြသော်လည်း ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ပြည်တွင်း စပ်မျိုးများကိုလည်း ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိပါသည်။ အစိုးရနှင့် မျိုးစေ့ထုတ် လုပ်ငန်းရှင်များပူးပေါင်းပြီး ပြည်တွင်း၌ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်းကို တွင်ကျယ်စွာ ဆောင်ရွက်ခြင်းဖြင့် တောင်သူများသည် မျိုးစေ့များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစိုက်ပျိုးနိုင်မည် ဖြစ်ပါသည်။

အစေ့ထုတ်ပြောင်းမျိုးအလိုက် CP စပ်မျိုးများဖြစ်သည့် CP-888၊ CP-808၊ CP-868၊ CP-222၊ CP-809 များကို စိုက်ပျိုးကြပါသည်။ ထို့ပြင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်ဝေသော ပြောင်းစပ်မျိုးများဖြစ်သည့် ရေဆင်း-၃၊ ရေဆင်း-၄၊ ရေဆင်း-၁၀၊ ရေဆင်း-၁၁ နှင့် အခြား ပြောင်းစပ်မျိုးများကိုလည်း အသီးသီးစိုက်ပျိုးကြပါသည်။ CP-808၊ CP-092၊ CP-888၊ CP-222၊ CP-621၊ CP-625၊ CP-333၊ SD-5059 မျိုးများသည် ဖူးတံရှည်ကာ အဖူးလုံသည့်အတွက် မိုးရာသီတွင် စိုက်ပျိုးပါက မိုးဒဏ်ခံနိုင်ပြီး အထွက်နှုန်းပိုမိုကောင်းမွန်သဖြင့် တောင်သူများ အများဆုံးရွေးချယ် စိုက်ပျိုးကြကြောင်း သိရပါသည် (စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၂၂)။ တောင်သူများ အများဆုံးစိုက်ပျိုးသည့် မျိုးစေ့မှာ ပြည်ပမှမှာယူရသော စပ်မျိုးများဖြစ်ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှလည်း ပြည်တွင်းစပ်မျိုးများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း တောင်သူများရရှိသော အစေ့ထုတ်ပြောင်း တစ်တန်၏ ဈေးနှုန်းသည် (၂.၅) သိန်းခန့်မှ (၄) သိန်းအထိ မြင့်တက်လာသည့်အတွက်ကြောင့် ပြောင်း တစ်ဟက်တာမှ ရရှိသော ဝင်ငွေသည်လည်း မြင့်တက်လျက်ရှိပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် အစေ့ထုတ်ပြောင်း တစ်ဟက်တာမှ ရရှိသော ဝင်ငွေသည် (၁၀) သိန်းခန့်ဖြစ်ခဲ့သော်လည်း ၂၀၂၁-၂၀၂၂ ခုနှစ်တွင်


---

[၁] ပြောင်းသီးနှံ၏ ပန်းတိုင်တစ်ဧကအထွက်နှုန်း (၈၅) တင်းပေါ်မူတည်၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

ဝင်ငွေသည် (၁၅) သိန်းအထိ မြင့်တက်လာခဲ့ပါသည်။ တောင်သူအမြတ်ငွေ ရရှိမှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပျမ်းမျှ တစ်ဟက်တာလျှင် (၅) သိန်းကျပ်ဝန်းကျင်ခန့် အမြတ်ရရှိခဲ့သဖြင့် အမြတ်ငွေရရှိမှု အမြင့်ဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သည် တစ်ဟက်တာလျှင် (၂) သိန်း (၅) သောင်းကျပ်ခန့်သာ အမြတ်ရရှိခဲ့သဖြင့် အမြတ်ငွေရရှိမှုအနည်းဆုံးနှစ် ဖြစ်ခဲ့ပါသည် (Agribusiness Bulletin၊ ၂၀၂၃)။

## ၄.၂။ အဓိက စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

အစေ့ထုတ်ပြောင်းသည် မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍအတွက် အခြေခံအကျဆုံး အစာကုန်ကြမ်းတစ်ခုဖြစ်ပြီး မွေးမြူရေးအစာစပ်ရာတွင် ၎င်းကို (၆၀) ရာခိုင်နှုန်း[၂] အထိ ထည့်သွင်း အသုံးပြုလေ့ရှိကြပါသည်။ အစေ့ထုတ်ပြောင်းသည် ပြည်တွင်းပြည်ပလိုအပ်ချက် မြင့်မားသော သီးနှံတစ်ခုဖြစ်သကဲ့သို့ပင် အခြားသီးနှံများထက် ဈေးကွက်ခိုင်မာသောကြောင့် တောင်သူများ တိုးချဲ့စိုက်ပျိုးရန် ပိုမိုစိတ်ဝင်စားလာကြပြီး မြေလွတ်မြေရိုင်းများတွင်ပါ တိုးချဲ့စိုက်ပျိုးလာကြပြီး စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လျက်ရှိပါသည်။




ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၄

ပုံ (၃) ဒေသအလိုက် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု ရာခိုင်နှုန်း (၂၀၂၂-၂၀၂၃ ခုနှစ်)[၃]

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို မိုးရာသီ (မုတ်သုံရာသီ) ၌ မေလအလယ်ပိုင်းမှစ၍ စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြပါသည်။ ဆောင်းရာသီ (မုတ်သုံလွန်ရာသီ) ၌ အစေ့ထုတ်ပြောင်း ကို စိုက်ပျိုးရာတွင် အောက်တိုဘာလမှ စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလတွင် ရိတ်သိမ်းခြင်းလုပ်ငန်းများကို

[၂] Key Informant Interview (Official) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ဖော်ပြထားခြင်းဖြစ်ပါသည်။

[၃] ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၄ မှ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု အချက်အလက်များကို အခြေခံ၍ ရာခိုင်နှုန်း တွက်ချက်ထားခြင်း ဖြစ်ပါသည်။

လုပ်ဆောင်ကြပါသည် (စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ၂၀၁၉)။ မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို ရှမ်းပြည်နယ်တွင် အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် အများဆုံး စိုက်ပျိုးထုတ်လုပ်လျက် ရှိပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ရှမ်းပြည်နယ်၌ အစေ့ထုတ်ပြောင်းစိုက်ပျိုး ထုတ်လုပ်မှုဧရိယာမှာ ဟက်တာ (၃.၈၈) သိန်းခန့်အထိ စိုက်ပျိုးခဲ့ကြပါသည် (ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၄)။ အစေ့ထုတ်ပြောင်းသည် ရောင်းချရာတွင် မိသားစုဝင်ငွေ ပိုမိုရရှိစေ၍ တောင်သူများအတွက် အကျိုးပြုသည့် သီးနှံဖြစ်သောကြောင့် မိုးအစေ့ထုတ်ပြောင်းများကို ရှမ်းတောင်တွင် မိုးသီးနှံအဖြစ် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည် (စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၂၂)။

ပြည်တွင်း အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု၏ (၆၅) ရာခိုင်နှုန်းခန့်ကို ရှမ်းပြည်နယ်မှ ထုတ်လုပ်လျက်ရှိနေပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ယင်းဒေသတစ်ခုတည်းမှ တန်ချိန် (၁.၄၈) သန်းခန့် ထုတ်လုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် စုစုပေါင်း စိုက်ပျိုးထုတ်လုပ်မှု၏ (၁၂) ရာခိုင်နှုန်း၊ ကချင်ပြည်နယ်မှ (၅) ရာခိုင်နှုန်း၊ ကရင်ပြည်နယ်မှ (၄) ရာခိုင်နှုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ (၃) ရာခိုင်နှုန်းစီ အသီးသီး စိုက်ပျိုးထုတ်လုပ်လျက် ရှိပါသည် (ပုံ ၃)။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု အနည်းဆုံးဒေသများမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ဖြစ်ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု မရှိကြောင်း တွေ့ရှိရပါသည် (ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၄)။

ဒေသအလိုက် အစေ့ထုတ်ပြောင်း အထွက်နှုန်းများကို နှိုင်းယှဉ်လေ့လာကြည့်ရာတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သော ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်သော ရှမ်းပြည်နယ်ထက် အထွက်နှုန်းသာလွန်နေကာ တစ်ဟက်တာ အထွက်နှုန်း အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အထွက်နှုန်း အကောင်းဆုံးဖြစ်သော ကရင်ပြည်နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်၌ ပျမ်းမျှအားဖြင့် တစ်ဟက်တာလျှင် ပြောင်းတန်ချိန် (၅.၃၈) ထွက်ရှိခဲ့ပြီး ပြောင်းထုတ်လုပ်မှု အများဆုံးဖြစ်သော ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တစ်ဟက်တာလျှင် (၃.၈၂) တန်နှုန်းသာ ထွက်ရှိခဲ့ပါသည် (ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၄)။ အစေ့ထုတ်ပြောင်းသီးနှံ၏ ပန်းတိုင်တစ်ဟက်တာ အထွက်နှုန်းမှာ (၅.၁၃) တန်၊ တင်းအားဖြင့် (၂၁၂.၅၀) တင်း[၄] ဖြစ်သော်လည်း ၂၀၂၂-၂၀၂၃ ခုနှစ် ပြည်ထောင်စုချုပ်အနေဖြင့် တစ်ဟက်တာပျမ်းမျှ အထွက်နှုန်း (၃.၈၃) တန်သာ ထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၄.၃။ ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်

မြန်မာနိုင်ငံမှထွက်ရှိသော အစေ့ထုတ်ပြောင်းများကို အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်ရှိသော ငါး၊ ဝက်၊ နွားနှင့် ကြက်စာ အစရှိသည့် တိရစ္ဆာန်စာများထုတ်လုပ်သည့် စက်ရုံကြီးများမှ အဓိကဝယ်ယူ အသုံးပြုလျက် ရှိပါသည်။ ယခင်က မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများအဖြစ် လုပ်ကိုင်ကြသော်လည်း ယခုအချိန်တွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများပါ လုပ်ကိုင်လာကြသောကြောင့် တိရစ္ဆာန်စာထုတ်လုပ်သည့် စက်ရုံများပါ တဖြည်းဖြည်း တိုးပွားလာခဲ့ပါသည် (Mekong Business Initiative, ၂၀၁၇)။

---

[၄] ပြောင်းသီးနှံ၏ ပန်းတိုင်တစ်ဧက အထွက်နှုန်း (၈၅) တင်းပေါ်မူတည်၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို တိရစ္ဆာန်မွေးမြူရေးကဏ္ဍအတွက် အဓိက အသုံးပြုကြပြီး မြန်မာနိုင်ငံ၏ ပြောင်းလိုအပ်ချက်သည် တိရစ္ဆာန်မွေးမြူရေးကဏ္ဍ တိုးတက်မှုနှင့်အတူ ယှဉ်တွဲနေပါသည် (Agribusiness Bulletin၊ ၂၀၂၃)။ မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို တိရစ္ဆာန်အစာပြုလုပ်သော ကဏ္ဍတွင် အဓိကသုံးစွဲလျက် ရှိပါသည်။ မွေးမြူရေးစပ်စာများတွင် အသုံးပြုလျက်ရှိသော အစာကုန်ကြမ်းများအနက် အစေ့ထုတ်ပြောင်းသည် (၄၆.၉၄) ရာခိုင်နှုန်းအထိ ပါဝင်နေခြင်း၊ ငါးစာတောင့်ထုတ်လုပ်သည့် စက်ရုံများတွင်လည်း ပြောင်းသည် (၆.၄၁) ရာခိုင်နှုန်းအထိ ပါဝင်အသုံးပြုကြကြောင်း သိရှိရပါသည် (Agribusiness Bulletin၊ ၂၀၂၃)။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အသားစားကြက်အတွက် မွေးမြူရေးအစာတန်ချိန် (၁.၄၅) သန်းထုတ်လုပ်ခဲ့ပြီး ၎င်းတွင် အစေ့ထုတ်ပြောင်းပမာဏ တန်ချိန် (၀.၇၂) သန်း အသုံးပြုခဲ့ပါသည်။ ထို့အတူ အဆိုပါနှစ်တွင် ဥစားကြက်အတွက် မွေးမြူရေးအစာ ထုတ်လုပ်မှုသည် တန်ချိန် (၀.၅၀) သန်းရှိခဲ့ပြီး အစေ့ထုတ်ပြောင်း ပါဝင်မှုသည် တန်ချိန် (၀.၂၆) သန်းနှင့် မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးကန်များတွင် အသုံးပြုသော အစာအမျိုးအစားများအနက် ဖွဲနုနှင့် အစေ့ထုတ်ပြောင်းကို ရောနှောကျွေးသော ငါးမွေးကန် ရာခိုင်နှုန်းများမှာ (၄၆.၆၇) ရာခိုင်နှုန်းအထိ ရှိနေသည့်အတွက် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများအတွက် အစေ့ထုတ်ပြောင်း လိုအပ်ချက်မှာလည်း မြင့်မားလျက် ရှိနေပါသည် (Agribusiness Bulletin၊ ၂၀၂၃)။

မွေးမြူရေးကဏ္ဍအနေဖြင့် မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းသီးနှံ အထွက်နှုန်းအရ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် (၃) သန်းခန့် ထွက်ရှိရာ အဆိုပါသီးနှံအားလုံးကို မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍမှ မသုံးစွဲနိုင်သောကြောင့် နိုင်ငံခြားငွေရရှိရန် ပိုလျှံသော အစေ့ထုတ်ပြောင်း ပမာဏကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိပါသည်။ ထို့ကြောင့် ပြည်တွင်း အစေ့ထုတ်ပြောင်း၏ ဈေးနှုန်းလည်း မြင့်တက်လာ၍ တောင်သူများ ပြောင်းသီးနှံကို ပိုမိုစိုက်ပျိုးရန် တွန်အားတစ်ခု ဖြစ်လာခဲ့ပါသည်။[၅]

မြန်မာနိုင်ငံရှိ တိရစ္ဆာန်အစာ ထုတ်လုပ်သည့် စက်ရုံများတွင် အစေ့ထုတ်ပြောင်းကို တန်ချိန် (၁) သန်းခန့်[၆] အသုံးပြုပြီး ပိုလျှံသည့် အစေ့ထုတ်ပြောင်းများကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းနှင့် ပြည်တွင်း၌ အရန်ရိက္ခာအဖြစ် သိမ်းဆည်းထားခြင်း စသည်တို့ကို လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်၌ ပြောင်းတန်ချိန် (၂.၃၀) သန်းခန့်ထွက်ရှိပြီး မြန်မာနိုင်ငံမှ ထွက်ရှိသော အစေ့ထုတ်ပြောင်း (၀.၅၀) သန်းခန့်ကို ပြည်တွင်း တိရစ္ဆာန်စာအတွက် အသုံးပြု၍ ပိုလျှံသော ပြောင်းတန်ချိန် (၁.၈၀) သန်းခန့်ကို ပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည် (Global New Light of Myanmar၊ ၂၀၂၄)။

## ၄.၄။ ထုတ်လုပ်မှုဆိုင်ရာ ကြုံတွေ့ရသော စိန်ခေါ်မှုများ

မြန်မာနိုင်ငံတွင် ပြောင်းကို မိုးရာသီ (မုတ်သုံရာသီ) ၌ မေလအလယ်ပိုင်းမှစ၍ စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြပါသည်။ ဆောင်းရာသီ (မုတ်သုံလွန်ရာသီ) ၌ ပြောင်းကို စိုက်ပျိုးရာတွင် အောက်တိုဘာလမှ စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလတွင် ရိတ်သိမ်းခြင်းလုပ်ငန်းများကို လုပ်ဆောင်ကြပါသည် (DAR, 2019)။ မိုးရာသီတွင် စိုက်ပျိုးသော အစေ့ထုတ်ပြောင်းများသည် မရိတ်သိမ်းမီကာလအတွင်း

[၅] Key Informant Interview (Traders) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ဖော်ပြထားခြင်းဖြစ်ပါသည်။

[၆] Key Informant Interview (Official) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ဖော်ပြထားခြင်းဖြစ်ပါသည်။

မိုးများခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက ရိတ်သိမ်းနိုင်ခြင်း မရှိသည့်ကိစ္စရပ်များ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း၌ ပြောင်းစိုက်ပျိုးမှုများသော ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ပြောင်းစိုက်ခင်းများ ရိတ်သိမ်းခြင်း မပြုလုပ်ခင် ရေနစ်မြုပ်ခြင်းများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပြုလုပ်ခဲ့သော ပြောင်းသီးနှံ၏ ရိတ်သိမ်းပြီးနောက်ပိုင်း သီးနှံ၏ ဆုံးရှုံးမှုရာခိုင်နှုန်းအား လေ့လာခြင်း သုတေသနစာတမ်းအရ ပြောင်းသီးနှံ၏ ရိတ်သိမ်းပြီးနောက်ပိုင်း လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ခန့်မှန်းခြေ (၂၀-၃၀) ရာခိုင်နှုန်းအထိ ဆုံးရှုံးမှုများ ရှိသည်ဟု တွေ့ရှိရပါသည် (စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ၂၀၁၉)။ ပြောင်းများကို ရိတ်သိမ်းပြီးနောက် အချိန်ကြာမြင့်စွာ မိုးရွာသွန်းမှုကြောင့် (အထူးသဖြင့် ရှမ်းပြည်နယ်တွင်) ပြောင်းများ အခြောက်ခံခြေလှေ့ရာ၌ အခက်အခဲများ ကြုံတွေ့ရပြီး ပြောင်းများ၏ စိုထိုင်းစများကာ မှိုရောဂါကျရောက်သည့် ကိစ္စရပ်များ ဖြစ်ပွားခဲ့ကြပါသည်။ တိရစ္ဆာန်စာထုတ်လုပ်သော စက်ရုံဖြစ်သည့် De-Husk Factory သည် ၂၀၁၆ ခုနှစ်တွင် ဒေသခံကုန်သည်များမှ ဝယ်ယူခဲ့သော ပြောင်းစေ့များ၏ (၆၀) ရာခိုင်နှုန်းသည် အစိုဓာတ်ပါဝင်မှု များသောကြောင့် ၎င်းကုန်ကြမ်းများတွင် မှိုများတက်၍ ကုန်ကြမ်းများ လေလွင့်ဆုံးရှုံးမှု ဖြစ်ခဲ့ရပါသည်။

အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးကောင်းပြီး အထွက်များသော အစေ့ထုတ်ပြောင်းကို စိုက်ပျိုးထုတ်လုပ်သင့်ပြီး ပြောင်းများ၏ အရည်အသွေးများ မကျဆင်းစေရန် ရိတ်သိမ်းပြီးနောက်ပိုင်း လုပ်ဆောင်သည့် ရိတ်သိမ်းချိန်လွန် နည်းပညာများကိုလည်း ထိရောက်စွာ အသုံးပြုရန် လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုတွင် အခြားနိုင်ငံမှတင်သွင်းသော မျိုးများဖြင့် စိုက်ပျိုးမှုများနေသောကြောင့် မိမိတို့နိုင်ငံမှ ထုတ်လုပ်သောမျိုးများကို အသုံးပြု၍ စိုက်ပျိုးနိုင်ရန် ကြိုးစားအားထုတ်သင့်ပါသည်။[၇]

ယခုကာလတွင် မြင့်တက်လာသည့် သွင်းအားစု ကုန်ဈေးနှုန်းများ၊ အထူးသဖြင့် ဓာတ်မြေဩဇာနှင့် လောင်စာဆီဈေးနှုန်းများသည် စိုက်ပျိုးကုန်ထုတ်လုပ်မှုစွမ်းအားကို ထိခိုက်စေခြင်း၊ တောင်သူအများစုသည် သီးနှံစိုက်ပျိုးရာတွင် အရေးကြီးသည့် သွင်းအားစုများ လျှော့၍သုံးစွဲလာရခြင်း၊ အချို့သော အခြေအနေများတွင် စိုက်ပျိုးမှုပမာဏ လျှော့ချခြင်း စသည့် ကိစ္စရပ်များ တောင်သူများ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုသည် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသနှင့် စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာမြင့်မားသော သီးနှံတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

အစေ့ထုတ်ပြောင်းများသည် ပြည်တွင်းသုံးစွဲမှုနှုန်းနှင့် ပြည်ပပို့ကုန် ဝယ်လိုအား တိုးမြင့်လာမှုအရ ပြည်တွင်း၌ ပြောင်းစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရန် လိုအပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ဒေသများသည် ရေမြေရာသီဥတုအရ ပြောင်းစိုက်ပျိုးရန် သင့်တော်ကောင်းမွန်လျက် ရှိပါသည်။ ထို့ကြောင့် အစိုးရဌာနများနှင့် အစိုးရမဟုတ်သော အခြားသော အဖွဲ့အစည်းများမှ တောင်သူများ ပြောင်းစိုက်ပျိုးထုတ်လုပ်မှု ပိုမိုကောင်းမွန်စေရန် ငွေကြေးအထောက်အပံ့များ၊ သွင်းအားစုများ၊ စိုက်ပျိုးနည်းပညာများနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ စသည်တို့ကို ပံ့ပိုးကူညီပေးရန် လိုအပ်လျက်ရှိပါသည်။

[၇] Key Informant Interview (Official) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ဖော်ပြထားခြင်းဖြစ်ပါသည်။

# ၅။ ဈေးကွက်နှိုင်းယှဉ်မှုများနှင့် ပို့ကုန်အလားအလာများ

## ၅.၁။ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များ

အာရှနိုင်ငံများသည် စုစုပေါင်း အစေ့ထုတ်ပြောင်းတန်ချိန် (၉၀.၂၀) သန်းကို ၂၀၂၃ ခုနှစ်တွင် တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၈.၄၀) ဘီလီယံ ရှိပါသည်။ တရုတ်နိုင်ငံသည် အာရှဒေသတွင်း အစေ့ထုတ်ပြောင်းတင်သွင်းမှု စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းဖြစ်သော တန်ချိန် (၂၇.၁၄) သန်းကို အမေရိကန်ဒေါ်လာ (၉.၀၂) ဘီလီယံဖြင့် တင်သွင်းခဲ့ပါသည်။ စုစုပေါင်း အစေ့ထုတ်ပြောင်း တင်သွင်းမှု ပမာဏ၏ (၁၆) ရာခိုင်နှုန်းကို တင်သွင်းသည့် ဂျပန်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၄.၉၂) သန်း၊ တန်ချိန် (၁၄.၈၈) သန်းကို တင်သွင်းခဲ့ပါသည်။ ကိုရီးယားနိုင်ငံသည် စုစုပေါင်းတင်သွင်းမှု၏ (၁၂) ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ (၃.၅၄) သန်းရှိသော တန်ချိန် (၁၁.၂၆) သန်းကို တင်သွင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံသည် စုစုပေါင်းတင်သွင်းမှု၏ (၁၁) ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ (၂.၅၇) သန်းရှိသော အစေ့ထုတ်ပြောင်း တန်ချိန် (၁၀.၁၁) သန်းကို တင်သွင်းခဲ့ပါသည် (ဇယား ၄)။

အီရန်နိုင်ငံနှင့် တရုတ်တိုင်ပေသည် အာရှဒေသရှိ အစေ့ထုတ်ပြောင်း တင်သွင်းမှု၏ (၅) ရာခိုင်နှုန်းစီ တင်သွင်းခဲ့ကြပြီး အီရန်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၁.၂၆) သန်းရှိသော ပြောင်းတန်ချိန် (၄.၈၅) သန်းကိုလည်းကောင်း၊ တရုတ်တိုင်ပေမှ အမေရိကန်ဒေါ်လာ (၁.၂၇) သန်း တန်ဖိုးရှိသော တန်ချိန် (၄.၂၅) သန်းကိုလည်းကောင်း တင်သွင်းခဲ့ကြပါသည်။ အခြားနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ ဆော်ဒီအာရေးဗျနိုင်ငံ၊ တူကီယဲနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အာရှဒေသရှိ အစေ့ထုတ်ပြောင်း တင်သွင်းမှုစုစုပေါင်း၏ (၂) ရာခိုင်နှုန်းမှ (၄) ရာခိုင်နှုန်းစီ တင်သွင်းမှုရှိကြောင်း တွေ့ရပါသည် (ဇယား ၄)။ အချက်အလက်များအရ အာရှဒေသရှိ အစေ့ထုတ်ပြောင်း တင်သွင်းမှုအများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယနှင့် တတိယအများဆုံးနိုင်ငံများမှာ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၄) အာရှဒေသရှိ အစေ့ထုတ်ပြောင်း တင်သွင်းမှုအများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်သွင်းသည့် နိုင်ငံများ | တင်သွင်းသည့် ပမာဏ (တန်) | တင်သွင်းသည့်တန်ဖိုး (,၀၀၀ USD) | အာရှနိုင်ငံများ၏ တင်သွင်းမှုရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၉၀,၂၀၁,၉၇၆** | **၂၈,၃၉၈,၃၃၂** | **၁၀၀** |
| ၁ | တရုတ် | ၂၇,၁၃၉,၉၇၆ | ၉,၀၁၉,၇၃၄ | ၃၀ |
| ၂ | ဂျပန် | ၁၄,၈၇၅,၆၉၃ | ၄,၉၁၆,၈၂၀ | ၁၆ |
| ၃ | ကိုရီးယား | ၁၁,၂၆၁,၀၅၆ | ၃,၅၄၀,၈၉၂ | ၁၂ |
| ၄ | ဗီယက်နမ် | ၁၀,၁၁၄,၀၂၉ | ၂,၅၇၃,၃၃၉ | ၁၁ |
| ၅ | အီရန် | ၄,၈၄၅,၉၁၀ | ၁,၂၆၁,၀၇၃ | ၅ |
| ၆ | တရုတ်တိုင်ပေ | ၄,၂၄၅,၁၆၁ | ၁,၂၇၃,၂၀၅ | ၅ |
| ၇ | မလေးရှား | ၃,၅၉၄,၈၇၅ | ၁,၁၀၅,၈၅၀ | ၄ |
| ၈ | ဆော်ဒီအာရေးဗျ | ၃,၀၅၀,၂၆၉ | ၈၀၈,၆၃၈ | ၃ |
| ၉ | တူကီယဲ | ၂,၀၃၀,၁၀၈ | ၆၀၀,၆၆၈ | ၂ |
| ၁၀ | ထိုင်း | ၁,၃၅၄,၆၅၇ | ၄၅၉,၁၈၉ | ၂ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

အာရှနိုင်ငံများသည် ၂၀၂၃ ခုနှစ်တွင် အစေ့ထုတ်ပြောင်း တင်ပို့မှုပမာဏ စုစုပေါင်းတန်ချိန် (၈.၄၇) သန်း တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂.၆၅) ဘီလီယံ ရှိပါသည်။ တူကီယဲနိုင်ငံသည် အာရှဒေသ စုစုပေါင်း အစေ့ထုတ်ပြောင်း တင်ပို့မှု ပမာဏ၏ (၃၂) ရာခိုင်နှုန်းဖြင့် အာရှတိုက်၏ အစေ့ထုတ် ပြောင်းဈေးကွက်ကို လွှမ်းမိုးထားပြီး အမေရိကန်ဒေါ်လာ (၇၉၅.၃၂) သန်း တန်ဖိုးရှိသော အစေ့ထုတ် ပြောင်းတန်ချိန် (၂.၆၇) သန်းကို တင်ပို့ပါသည်။ ဒုတိယအများဆုံး အစေ့ထုတ်ပြောင်းတင်ပို့သည့် အိန္ဒိယ နိုင်ငံသည် တန်ချိန် (၂.၃၁) သန်းကို အမေရိကန်ဒေါ်လာ (၇၀၃.၀၅) သန်းဖြင့် တင်ပို့ပြီး အာရှဒေသတွင်း အစေ့ထုတ်ပြောင်းပို့ကုန်၏ (၂၇) ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါသည် (ဇယား ၅)။

ဇယား (၅) အာရှတိုက်၏ အစေ့ထုတ်ပြောင်း တင်ပို့မှုအများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်ပို့သည့် နိုင်ငံများ | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့်တန်ဖိုး (,၀၀၀ USD) | အာရှနိုင်ငံများ၏ တင်ပို့မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၈,၄၆၇,၃၄၄** | **၂,၆၄၆,၅၈၄** | **၁၀၀** |
| ၁ | တူကီယဲ | ၂,၆၇၀,၇၄၈ | ၇၉၅,၃၂၃ | ၃၂ |
| ၂ | အိန္ဒိယ | ၂,၃၁၁,၆၄၀ | ၇၀၃,၀၅၀ | ၂၇ |
| ၃ | ပါကစ္စတန် | ၁,၄၆၁,၃၂၂ | ၃၄၇,၉၇၁ | ၁၇ |
| ၄ | မြန်မာ | ၁,၂၂၂,၉၃၀ | ၄၅၃,၀၂၆ | ၁၄ |
| ၅ | ဗီယက်နမ် | ၂၄၃,၁၅၀ | ၈၂,၉၄၃ | ၃ |
| ၆ | လာအို | ၁၇၁,၇၄၃ | ၄၉,၁၄၃ | ၂ |
| ၇ | ကမ္ဘောဒီးယား | ၁၁၆,၈၀၆ | ၂၈,၅၆၄ | ၁ |
| ၈ | အင်ဒိုနီးရှား | ၉၂,၁၃၇ | ၂၉,၂၅၄ | ၁ |
| ၉ | ကာဇာခစ္စတန် | ၈၉,၈၅၂ | ၂၂,၀၀၇ | ၁ |
| ၁၀ | ထိုင်း | ၃၇,၀၁၇ | ၁၀၅,၉၃၄ | ၀ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

ထို့နောက် ပါကစ္စတန်နိုင်ငံသည် တန်ချိန် (၁.၄၆) သန်းကို အမေရိကန်ဒေါ်လာ (၃၄၇.၉၇) သန်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသည် တန်ချိန် (၁.၂၂) သန်းကို အမေရိကန်ဒေါ်လာ (၄၅၃.၀၃) သန်းဖြင့်လည်းကောင်း စုစုပေါင်း အစေ့ထုတ်ပြောင်း တင်ပို့မှုပမာဏ၏ (၁၇) ရာခိုင်နှုန်းနှင့် (၁၄) ရာခိုင်နှုန်းစီ အသီးသီး တင်ပို့ခဲ့ကြပါသည်။ ဗီယက်နမ်နိုင်ငံသည် တန်ချိန် (၀.၂၄) သန်းကို အမေရိကန်ဒေါ်လာ (၈၂.၉၄) သန်းဖြင့် စုစုပေါင်းတင်ပို့မှု၏ (၃) ရာခိုင်နှုန်းကို တင်ပို့ခဲ့ပြီး လာအိုနိုင်ငံမှ အစေ့ထုတ်ပြောင်းတန်ချိန် (၀.၁၇) သန်းကို အမေရိကန်ဒေါ်လာ (၄၉.၁၄) သန်းဖြင့် တင်ပို့ခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ကာဇာခစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ အစေ့ထုတ်ပြောင်း တင်ပို့မှုသည် စုစုပေါင်းတင်ပို့မှု၏ (၁) ရာခိုင်နှုန်းနှင့် (၁) ရာခိုင်နှုန်းအောက်စီသာရှိကြောင်း တွေ့ရပါသည် (ဇယား ၅)။ အာရှဒေသတွင် အစေ့ထုတ်ပြောင်း တင်ပို့မှု အများဆုံးနိုင်ငံမှာ တူကီယဲနိုင်ငံဖြစ်ပြီး ဒုတိယနှင့် တတိယ အများဆုံးနိုင်ငံများမှာ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် အာရှနိုင်ငံများသို့ အစေ့ထုတ်ပြောင်းတန်ချိန် (၁.၂၂) သန်း တင်ပို့ခဲ့ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၄၅၃.၀၃) သန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းကို အဓိကတင်သွင်းသည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး အာရှနိုင်ငံများသို့ တင်ပို့သည့်ပမာဏ၏ (၈၀) ရာခိုင်နှုန်းကို ၎င်းနိုင်ငံသို့ တင်ပို့ပါသည်။ ပမာဏအားဖြင့် (၉၈၇,၁၀၆) တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၃၇၉,၃၉) သန်း ရှိပါသည်။ မြန်မာနိုင်ငံမှ စုစုပေါင်း အစေ့ထုတ်ပြောင်းတင်ပို့မှု၏ (၉) ရာခိုင်နှုန်းကို ဖိလစ်ပိုင်နိုင်ငံမှ တင်သွင်းနေပြီး ပမာဏအားဖြင့် တန်ချိန် (၁၁၀,၄၃၃) တန်ကို အမေရိကန်ဒေါ်လာ (၃၀.၀၅) သန်းဖြင့် တင်သွင်းခဲ့ပါသည် (ဇယား ၆)။

ထို့နောက် တရုတ်နိုင်ငံသည် (၉၈,၉၃၇) တန်ကို အမေရိကန်ဒေါ်လာ (၃၂.၉၅) သန်းဖြင့် မြန်မာ့အစေ့ထုတ်ပြောင်း တင်ပို့မှု၏ (၈) ရာခိုင်နှုန်းအား တင်သွင်းလျက်ရှိပါသည်။ သို့ရာတွင် တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံထက် ပမာဏနည်းစွာ တင်သွင်းသော်လည်း ကုန်သွယ်မှုတန်ဖိုးမှာ ပိုမိုမြင့်မားစွာ တင်သွင်းကြောင်း တွေ့ရပါသည်။ ဗီယက်နမ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ (၅.၈၉) သန်းဖြင့် အစေ့ထုတ်ပြောင်း တန်ချိန် (၁၉,၅၉၀) တန်ကို တင်ပို့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ (၄.၆၂) သန်းဖြင့် တန်ချိန် (၁၅,၄၀၀) တန်ကို တင်ပို့ပါသည်။ တရုတ်တိုင်ပေ၊ ဘရူနိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ အစေ့ထုတ်ပြောင်း တင်ပို့မှုမှာ စုစုပေါင်းတင်ပို့မှု၏ (၁) ရာခိုင်နှုန်းအောက်စီသာ ရှိပါသည်။ ဤအချက်အလက်များကို ကြည့်ခြင်းအားဖြင့် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းဈေးကွက်အတွက် အလွန်အရေးပါကြောင်း တွေ့ရပါသည် (ဇယား ၆)။ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ ထွက်ရှိသော အစေ့ထုတ်ပြောင်းများကို အဓိကဝယ်ယူသည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မြန်မာ့အစေ့ထုတ်ပြောင်းဝယ်မှု ဒုတိယနှင့် တတိယအဆင့်တို့တွင်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၆) မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်း တင်ပို့မှုအများဆုံး အာရှနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | မြန်မာ့အစေ့ထုတ်ပြောင်း တင်ပို့သည့်နိုင်ငံများ | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့်တန်ဖိုး (,၀၀၀ USD) | အာရှနိုင်ငံများ၏ တင်ပို့မှုရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၁,၂၂၂,၉၃၀** | **၄၅၃,၀၂၆** | **၁၀၀** |
| ၁ | ထိုင်း | ၉၇၈,၁၀၆ | ၃၇၉,၃၈၉ | ၈၀ |
| ၂ | ဖိလစ်ပိုင် | ၁၁၀,၄၃၃ | ၃၀,၀၅၃ | ၉ |
| ၃ | တရုတ် | ၉၈,၉၃၇ | ၃၂,၉၄၇ | ၈ |
| ၄ | ဗီယက်နမ် | ၁၉,၅၉၀ | ၅,၈၈၆ | ၂ |
| ၅ | ဘင်္ဂလားဒေ့ရှ် | ၁၅,၄၀၀ | ၄,၆၂၀ | ၁ |
| ၆ | တရုတ်တိုင်ပေ | ၁၉၂ | ၅၀ | ၀ |
| ၇ | ဘရူနိုင်း | ၁၂၀ | ၃၆ | ၀ |
| ၈ | စင်ကာပူ | ၁၁၅ | ၃၃ | ၀ |
| ၉ | နီပေါ | ၃၂ | ၁၀ | ၀ |
| ၁၀ | အိန္ဒိယ | ၅ | ၂ | ၀ |

ဇာစ်မြစ်။ FOASTAT ၂၀၂၃၊ Myantrade ၂၀၂၃

## ၅.၂။ မြန်မာနိုင်ငံမှ တင်ပို့သည့် အစေ့ထုတ်ပြောင်း၏ ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ

မြန်မာနိုင်ငံမှ တင်ပို့သည့် အစေ့ထုတ်ပြောင်း တစ်တန်၏ ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များကို အောက်ဖော်ပြပါ ဇယား (၇) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကို ပြည်ပသို့တင်ပို့ရာတွင် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များရှိရာ ပြည်တွင်းလက်ကားဈေး အပေါ်တွင် သယ်ယူပို့ဆောင်ခများ၊ တင်ချခများ၊ ကုန်သွယ်ခွန်၊ အခြောက်ခံ၊ ထုပ်ပိုးထည့်သွင်း၊ စစ်ဆေးခြင်း၊ ကုန်ပစ္စည်းအာမခံ၊ လိုင်စင်နှင့် ထောက်ခံချက်အတွက် စရိတ်များ၊ အခြားကုန်ကျစရိတ်များ စသည်ဖြင့် ထည့်သွင်းတွက်ချက်ပါက သင်္ဘောတင်ပြီးသည့်အဆင့်ထိ ဈေးနှုန်းများ (FOB Price) ရရှိမည်ဖြစ်ပြီး သင်္ဘောတင်ခနှင့် တင်သွင်းနိုင်ငံ ဆိပ်ကမ်းစရိတ်များ ထည့်သွင်းတွက်ချက်ပါက တင်သွင်းနိုင်ငံ၏ ဆိပ်ကမ်းအရောက် ဈေးနှုန်း (CIF Price) များ ခန့်မှန်းသိရှိနိုင်မည် ဖြစ်ပါသည်။

ဇယား (၇) အစေ့ထုတ်ပြောင်း တစ်တန်အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ (၂၀၂၃ ခုနှစ်)


| အကြောင်းအရာ | ယူနစ် | ကုန်ကျငွေ |
|---|---|---|
| ပြည်တွင်းလက်ကားဈေး | ကျပ် | ၈၀၃,၀၀၀ |
| ထုတ်ပိုးမှု ပစ္စည်းကုန်ကျစရိတ် | ။ | ၉,၅၀၀ |
| ပြည်တွင်းသယ်ယူစရိတ် | ။ | ၅၅,၆၀၀ |
| ကုန်တင်/ကုန်ချ စရိတ် | ။ | ၂,၈၀၀ |
| သယ်ယူစရိတ် (ပြည်တွင်းမှ ဆိပ်ကမ်းသို့) | ။ | ၁၀,၅၀၀ |
| ကုန်တင်/ကုန်ချ စရိတ် | ။ | ၆,၁၅၀ |
| ပို့ကုန်အတွက် ဆိပ်ကမ်းကုန်ကျစရိတ် | ။ | ၁၃၀,၀၀၀ |
| ကုန်ပစ္စည်းစစ်ဆေးရေးစရိတ် (Inspection) | ။ | ၅,၅၀၀ |
| အပင်သီးနှံပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက်စရိတ် | ။ | ၄၅,၁၆၀ |
| သန့်ရှင်း/အခြောက်ခံခြင်း | ။ | ၃၃,၅၀၀ |
| သိုလှောင်မှုစရိတ် | ။ | ၂,၇၀၀ |
| ကုန်တင်ခြင်း/ကုန်ချစရိတ် | ။ | ၂,၄၀၀ |
| Container ငှားခ | ။ | ၄၆,၉၀၀ |
| စစ်ဆေးမှုကုန်ကျစရိတ် | ။ | - |
| ပို့ကုန် ကုန်သွယ်ခွန် (၂ %) | ။ | ၁၆,၀၆၀ |
| အာမခံကြေး | ။ | ၁,၇၅၀ |
| တင်ပို့မှုဆိုင်ရာ လိုင်စင်ခ | ။ | ၂၇၇,၀၀၀ |
| တင်ပို့မည့်နိုင်ငံတွင်ပေးရသော သွင်းကုန် ကုန်သွယ်ခွန် (%) | ။ | - |
| တင်ပို့သောနိုင်ငံတွင် ဆိပ်ကမ်းကုန်ကျစရိတ် | ။ | - |
| အခြားကုန်ကျစရိတ်များ (agent fees) | ။ | ၉,၁၀၀ |
| **စုစုပေါင်း ကုန်ကျစရိတ်** | **။** | **၁,၄၄၁,၅၆၀** |

ဇာစ်မြစ်။ စစ်တမ်းကောက်ယူ တွေ့ရှိချက်

ယခုလေ့လာမှုတွင် ပြည်ပနိုင်ငံသို့တင်ပို့သော အစေ့ထုတ်ပြောင်း တစ်တန်အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များမှာ အထက်ပါဇယားအတိုင်းဖြစ်ရာ ငွေလဲလှယ်နှုန်း အမေရိကန် တစ်ဒေါ်လာလျှင် (၂,၄၅၀) ကျပ်နှုန်းဖြင့် တွက်ချက်ပါက ပြည်တွင်းလက်ကားဈေး အမေရိကန်ဒေါ်လာ (၃၂၈) ဒေါ်လာနှင့် FOB ဈေး (၅၈၈) ဒေါ်လာဖြစ်ကြောင်း တွေ့ရှိရပါသည် (ဇယား ၇)။

## ၅.၃။ ဈေးနှုန်းယှဉ်ပြိုင်မှုများနှင့် Norminal Protection Rate (NPR)

တရုတ်၊ မြန်မာ၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများရှိ အစေ့ထုတ်ပြောင်းဈေးနှုန်းများသည် ၂၀၂၃ ခုနှစ်တစ်လျှောက်လုံးတွင် အတက်အကျဖြစ်နေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းဈေးနှုန်းသည် ဇန်နဝါရီလတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၁၀) ဒေါ်လာမှ စတင်ကာ ဖေဖော်ဝါရီလတွင် တစ်တန်လျှင် (၃၄၀) ဒေါ်လာဖြင့် သိသိသာသာ မြင့်တက်ခဲ့ပြီး တဖြည်းဖြည်း ကျဆင်းသွားရာ ဒီဇင်ဘာလတွင် (၂၆၅) ဒေါ်လာထိ ရောက်ရှိခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ အစေ့ထုတ်ပြောင်း ဈေးနှုန်းများသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အမြင့်ဆုံးဖြစ်ပြီး ဇန်နဝါရီလတွင် (၇၁၀) ဒေါ်လာမှစတင်ကာ ဒီဇင်ဘာလတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၇၄၀) အထိ ရောက်ရှိခဲ့ပါသည် (ပုံ ၄) (ဇယား ၈)။




ရင်းမြစ်။ FAOSTAT ၂၀၂၃၊ Myantrade ၂၀၂၃

ပုံ (၄) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း လက္ကားဈေးများ (US$/Ton)

ထိုင်းနိုင်ငံ၏ အစေ့ထုတ်ပြောင်း ဈေးနှုန်းများသည် တစ်တန်လျှင် (၄၀၂) ဒေါ်လာမှစတင်ကာ လအလိုက်ကျဆင်းသွားပြီး ဒီဇင်ဘာလတွင် (၂၉၃) ဒေါ်လာအထိ ရောက်ရှိခဲ့ပါသည်။ တရုတ်နိုင်ငံသည် ဇန်နဝါရီလတွင် (၃၉၇) ဒေါ်လာဖြင့် အမြင့်ဆုံးဈေးနှုန်းနှင့် စတင်ခဲ့ပြီး ဒီဇင်ဘာလတွင် (၃၂၄) ဒေါ်လာဖြင့် အနိမ့်ဆုံးဈေးနှုန်း ဖြစ်ခဲ့ပါသည် (ပုံ ၄) (ဇယား ၈)။ ၂၀၂၃ ခုနှစ်အတွင်း လအလိုက် အစေ့ထုတ်ပြောင်း၏ လက္ကားဈေးနှုန်းများကို လေ့လာရာတွင် မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း လက္ကားဈေးနှုန်းများသည် မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်း တင်ပို့သည့် နိုင်ငံများဖြစ်သည့် တရုတ်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့၏ အစေ့ထုတ်ပြောင်း လက္ကားဈေးထက် နိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။

ဇယား (၈) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း လက်ကားဈေးများ (အမေရိကန် ဒေါ်လာ/တန်)

| ရက်စွဲ | တရုတ် | ဖိလစ်ပိုင် | ထိုင်း | မြန်မာ |
|---|---|---|---|---|
| ၀၁/၀၁/၂၀၂၃ | ၃၉၇ | ၇၁၀ | ၄၀၂ | ၃၁၀ |
| ၀၂/၀၁/၂၀၂၃ | ၃၈၅ | ၆၈၀ | ၃၉၈ | ၃၄၀ |
| ၀၃/၀၁/၂၀၂၃ | ၃၇၈ | ၆၅၀ | ၃၆၇ | ၃၂၀ |
| ၀၄/၀၁/၂၀၂၃ | ၃၇၂ | ၆၇၀ | ၃၇၆ | ၃၂၀ |
| ၀၅/၀၁/၂၀၂၃ | ၃၅၈ | ၆၉၀ | ၃၇၃ | ၃၂၀ |
| ၀၆/၀၁/၂၀၂၃ | ၃၅၅ | ၆၉၀ | ၃၆၁ | ၃၁၀ |
| ၀၇/၀၁/၂၀၂၃ | ၃၆၈ | ၇၅၀ | ၃၃၆ | ၃၁၀ |
| ၀၈/၀၁/၂၀၂၃ | ၃၆၈ | ၇၁၀ | ၃၃၃ | ၃၀၀ |
| ၀၉/၀၁/၂၀၂၃ | ၃၆၄ | ၇၁၀ | ၃၁၂ | ၂၉၀ |
| ၁၀/၀၁/၂၀၂၃ | ၃၄၂ | ၇၂၀ | ၂၉၅ | ၂၇၅ |
| ၁၁/၀၁/၂၀၂၃ | ၃၃၆ | ၇၄၀ | ၂၇၈ | ၂၇၀ |
| ၁၂/၀၁/၂၀၂၃ | ၃၂၄ | ၇၄၀ | ၂၉၃ | ၂၆၅ |

ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ Myantrade ၂၀၂၃၊ ITC Trademap ၂၀၂၃

၂၀၂၃ ခုနှစ်ရှိ မြန်မာ့အစေ့ထုတ်ပြောင်း၏ National Protection Rate (NPR) အခြေအနေအား ဇယား (၉) တွင် ဖော်ပြထားပါသည်။ NPR တန်ဖိုးသည် (၁) နှင့် ညီမျှသည် (သို့မဟုတ်) (၁) ထက် ငယ်နေလျှင် ကုန်ပစ္စည်း၏ ထုတ်လုပ်မှုသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ဆိုနိုင်ပြီး NPR တန်ဖိုးသည် (၁) ထက်ကြီးလျှင် ယှဉ်ပြိုင်နိုင်စွမ်း မရှိဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံသည် မြန်မာ့အစေ့ထုတ်ပြောင်းကို အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံများသို့ အဓိကထား တင်ပို့နေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ တင်ပို့ရာတွင် NPR တန်ဖိုးသည် (၁) ထက် လျော့နည်းနေသည်ကို တွေ့ရှိရသောကြောင့် မြန်မာ့အစေ့ထုတ်ပြောင်းသည် လက်ရှိ ကမ္ဘာ့အစေ့ထုတ်ပြောင်း ဈေးကွက်ပေါက်ဈေးဖြင့် အခြားတင်ပို့သည့် နိုင်ငံများနှင့် ယှဉ်ပြိုင်၍ ၎င်းနိုင်ငံများ၏ အစေ့ထုတ်ပြောင်းဈေးကွက်သို့ တင်ပို့နိုင်သည်ကို တွေ့ရှိရပါသည်။ မြန်မာ့အစေ့ထုတ်ပြောင်း လက်ကားဈေးသည် မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်း တင်ပို့သည့် တရုတ်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့၏ လက်ကားဈေးနှုန်းထက် လျော့နည်းနေသောကြောင့် ထိုနိုင်ငံများသို့ တင်ပို့သည့် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်၍ အစေ့ထုတ်ပြောင်းအား တင်ပို့နိုင်သည်ကို တွေ့ရှိရပါသည်။


ဇယား (၉)   မြန်မာ့အစေ့ထုတ်ပြောင်း၏ National Protection Rate (NPR) (၂၀၂၃ ခုနှစ်)

| မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်းဝယ်ယူသည့် နိုင်ငံများ | Pm<br>မြန်မာ့အစေ့ထုတ်ပြောင်းကို ဝယ်ယူသော နိုင်ငံများသို့ တင်ပို့ရန် CIF price (USD/Ton) | Pw<br>မြန်မာ့အစေ့ထုတ်ပြောင်းကို ဝယ်ယူသော နိုင်ငံများ၏ ပြည်တွင်း လက္ကားဈေးနှုန်း (USD/Ton) | NPR (Pm/Pw) |
|---|---|---|---|
| တရုတ် | ၃၃၈ | ၄၀၅ | ၀.၈၄ |
| ဖိလစ်ပိုင် | ၃၄၁ | ၃,၁၄၅ | ၀.၁၁ |
| စင်္ကာပူ | ၆၆၁ | ၃,၂၂၀ | ၀.၂၁ |
| ထိုင်း | ၃၃၉ | ၁,၀၂၀ | ၀.၃၃ |

ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ ITC Trademap ၂၀၂၃၊ Myantrade ၂၀၂၃

## ၅.၄။ ထုတ်လုပ်နိုင်စွမ်းအားနှင့် အရည်အသွေးဆိုင်ရာ ယှဉ်ပြိုင်မှုများ

၂၀၁၄ မှ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း ထုတ်လုပ်မှုကို ဇယား (၁၀) နှင့် ပုံ (၅) တွင် ပြသထားပါသည်။ မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း ထုတ်လုပ်မှုသည် ၂၀၂၁ ခုနှစ်တွင် တန်ချိန် (၂.၂၇) သန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၂.၁၀) သန်းအထိ ကျဆင်းသွားပါသည်။ အစေ့ထုတ်ပြောင်း အများဆုံးထုတ်လုပ်သည့် တရုတ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တန်ချိန် (၂၁၅.၈၁) သန်းမှ ၂၀၂၂ ခုနှစ်တွင် (၂၇၇.၄၂) သန်းအထိ သိသာစွာ မြင့်တက်လာခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ အစေ့ထုတ်ပြောင်းထုတ်လုပ်မှုသည် ၂၀၁၄ ခုနှစ်တွင် တန်ချိန် (၇.၇၇) သန်းမှ ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၈.၂၆) သန်းအထိ မြင့်တက်လာခဲ့ကြောင်း တွေ့ရပါသည်။




ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ ဗဟိုစာရင်းအင်းအဖွဲ့ ၂၀၂၃

ပုံ (၅) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်းထုတ်လုပ်မှုအခြေအနေ


ဗီယက်နမ်နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် တန်ချိန် (၅.၂၉) သန်းဖြင့် အမြင့်ဆုံး ထုတ်လုပ်နိုင်ခဲ့ပြီး နှစ်အလိုက်ကျဆင်းသွားရာ ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၄.၄၂) သန်းသို့ ရောက်ရှိခဲ့ပါသည်။ ထိုင်းနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် တန်ချိန် (၅.၀၇) သန်းအထိ တိုးမြင့်ထုတ်လုပ်နိုင်ခဲ့သော်လည်း နှစ်အလိုက် ထုတ်လုပ်မှု အတက်အကျရှိကာ ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၄.၉၀) သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တန်ချိန် (၂.၁၂) သန်း ထုတ်လုပ်နိုင်ခဲ့ပြီး တဖြည်းဖြည်း ထုတ်လုပ်မှု မြင့်တက်လာကာ ၂၀၂၂ ခုနှစ်တွင် (၄.၂၆) သန်းအထိ ထုတ်လုပ်နိုင်ခဲ့ပါသည် (ပုံ ၅) (ဇယား ၁၀)။ အာရှဒေသတွင် တရုတ်နိုင်ငံသည် အစေ့ထုတ်ပြောင်း ထုတ်လုပ်မှု အများဆုံးနိုင်ငံ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၀) မြန်မာနှင့်အာရှနိုင်ငံများ၏အစေ့ထုတ်ပြောင်းထုတ်လုပ်မှုအခြေအနေ (မီလီယံတန်/နှစ်)

| ခုနှစ် | ဘင်္ဂလားဒေ့ရှ် | တရုတ် | မြန်မာ | ဖိလစ်ပိုင် | ထိုင်း | ဗီယက်နမ် |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၂.၁၂ | ၂၁၅.၈၁ | ၁.၆၉ | ၇.၇၇ | ၄.၈၀ | ၅.၂၀ |
| ၂၀၁၅ | ၂.၂၇ | ၂၆၅.၁၆ | ၁.၇၅ | ၇.၅၂ | ၄.၇၃ | ၅.၂၉ |
| ၂၀၁၆ | ၂.၄၅ | ၂၆၃.၇၈ | ၁.၈၃ | ၇.၂၂ | ၄.၃၉ | ၅.၂၄ |
| ၂၀၁၇ | ၃.၀၃ | ၂၅၉.၂၆ | ၁.၉၁ | ၇.၉၁ | ၄.၈၂ | ၅.၁၁ |
| ၂၀၁၈ | ၃.၂၉ | ၂၅၇.၃၅ | ၁.၉၈ | ၇.၇၇ | ၅.၀၇ | ၄.၈၇ |
| ၂၀၁၉ | ၃.၅၇ | ၂၆၀.၉၆ | ၁.၉၉ | ၇.၉၈ | ၄.၅၄ | ၄.၇၃ |
| ၂၀၂၀ | ၄.၀၂ | ၂၆၀.၈၈ | ၂.၀၇ | ၈.၁၂ | ၄.၉၉ | ၄.၅၆ |
| ၂၀၂၁ | ၄.၁၂ | ၂၇၂.၇၆ | ၂.၂၇ | ၈.၃၀ | ၄.၈၅ | ၄.၄၅ |
| ၂၀၂၂ | ၄.၂၆ | ၂၇၇.၄၂ | ၂.၁၀ | ၈.၂၆ | ၄.၉၀ | ၄.၄၂ |

ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ ဗဟိုစာရင်းအင်းအဖွဲ့ ၂၀၂၃

မြန်မာနိုင်ငံနှင့် အခြားသော အာရှနိုင်ငံများ၏ ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အစေ့ထုတ်ပြောင်း အထွက်နှုန်းများကို ဇယား (၁၁) နှင့် ပုံ (၆) တွင် ဖော်ပြထားပါသည်။ မြန်မာ့အစေ့ထုတ်ပြောင်း အထွက်နှုန်းသည် ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၃.၇၀) တန်မှ ၂၀၂၀ ခုနှစ်တွင် (၃.၈၅) တန်အထိ မြင့်တက်ခဲ့ပြီး နောက်နှစ်များတွင် အနည်းငယ် ကျဆင်းလာကြောင်း တွေ့ရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစေ့ထုတ်ပြောင်း အထွက်နှုန်းသည် နှစ်အလိုက် ပုံမှန်တိုးတက်လာကာ ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၆.၉၂) တန်မှ ၂၀၂၂ ခုနှစ်တွင် (၈.၉၁) တန်အထိ မြင့်တက်လာခဲ့ပါသည်။ ထို့အတူ တရုတ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၅.၈၁) တန်မှ ၂၀၂၂ ခုနှစ်တွင် (၆.၄၄) တန်သို့ အမြင့်ဆုံး ထုတ်လုပ်နိုင်ခဲ့ပါသည်။




ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ ဇဟိုစာရင်းအင်းအဖွဲ့ ၂၀၂၄

ပုံ (၆) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်း အထွက်နှုန်းအခြေအနေ

ဗီယက်နမ်နိုင်ငံသည် နှစ်အလိုက် အထွက်နှုန်းတိုးတက်လာပြီး ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာ လျှင် (၄.၄၁) တန် ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမြင့်ဆုံး (၅.၀၀) တန်သို့ ရောက်ရှိခဲ့ပါသည်။ ထိုင်းနိုင်ငံသည် ဆယ်စုနှစ်အတွင်း တည်ငြိမ်သော အထွက်နှုန်းကို ရရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမြင့်ဆုံး (၄.၅၇) တန်သို့ တိုးတက်လာခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် အခြားနိုင်ငံများနှင့် ယှဉ်ပါက အထွက်နှုန်းနည်းသော်လည်း ၂၀၁၄ ခုနှစ်တွင် (၂.၉၈) တန်မှ ၂၀၂၂ ခုနှစ်တွင် (၃.၂၇) တန်အထိ ထုတ်လုပ်မှု တိုးတက်လာခဲ့ကြောင်း တွေ့ရပါသည် (ပုံ ၆) (ဇယား ၁၁)။ ကိန်းဂဏန်း အချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံသည် အစေ့ထုတ်ပြောင်း အထွက်နှုန်းအမြင့်ဆုံး နိုင်ငံများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၁) မြန်မာနှင့် အာရှနိုင်ငံများ၏ အစေ့ထုတ်ပြောင်းအထွက်နှုန်း အခြေအနေ (တန်/ဟက်တာ)

| ခုနှစ် | ဘင်္ဂလားဒေ့ရှ် | တရုတ် | မြန်မာ | ဖိလစ်ပိုင် | ထိုင်း | ဗီယက်နမ် |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၆.၉၂ | ၅.၈၁ | ၃.၇၀ | ၂.၉၈ | ၄.၂၅ | ၄.၄၁ |
| ၂၀၁၅ | ၆.၉၈ | ၅.၈၉ | ၃.၇၂ | ၂.၉၃ | ၄.၁၈ | ၄.၅၄ |
| ၂၀၁၆ | ၇.၃၀ | ၅.၉၇ | ၃.၇၅ | ၂.၉၁ | ၄.၃၈ | ၄.၅၅ |
| ၂၀၁၇ | ၇.၇၆ | ၆.၁၁ | ၃.၈၁ | ၃.၁၀ | ၄.၆၀ | ၄.၆၅ |
| ၂၀၁၈ | ၈.၂၁ | ၆.၁၀ | ၃.၈၂ | ၃.၀၉ | ၄.၆၀ | ၄.၇၂ |
| ၂၀၁၉ | ၈.၀၂ | ၆.၃၂ | ၃.၈၅ | ၃.၁၇ | ၄.၃၅ | ၄.၈၀ |
| ၂၀၂၀ | ၈.၅၁ | ၆.၃၂ | ၃.၈၅ | ၃.၁၈ | ၄.၄၅ | ၄.၈၅ |
| ၂၀၂၁ | ၈.၅၈ | ၆.၂၉ | ၃.၇၅ | ၃.၂၄ | ၄.၅၅ | ၄.၉၄ |
| ၂၀၂၂ | ၈.၉၁ | ၆.၄၄ | ၃.၇၅ | ၃.၂၇ | ၄.၅၇ | ၅.၀၀ |

ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ ဇဟိုစာရင်းအင်းအဖွဲ့ ၂၀၂၄


မြန်မာနှင့် အာရှနိုင်ငံများ အဓိကတင်ပို့သော အစေ့ထုတ်ပြောင်း၏ (၂၀၁၄-၂၀၂၃) ခုနှစ်အတွင်း FOB ဈေးနှုန်းများနှိုင်းယှဉ်ခြင်းကို ဇယား (၁၂) တွင် ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်တွင် တူကီယဲနိုင်ငံသည် အစေ့ထုတ်ပြောင်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁,၁၀၃) ဖြင့် အစေ့ထုတ်ပြောင်း တင်ပို့မှုဈေးနှုန်း အမြင့်ဆုံးရရှိသော်လည်း ကျန်နှစ်များတွင် တန်ဖိုးမှာ သိသိသာသာနည်းသွားကြောင်း တွေ့ရပါသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အစေ့ထုတ်ပြောင်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၉၉) ဖြင့် အမြင့်ဆုံးရရှိခဲ့ပြီး ဆယ်စုနှစ်အတွင်း FOB ဈေးနှုန်းများ အတက်အကျ ဖြစ်နေခဲ့သည်ကို တွေ့ရပါသည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် အစေ့ထုတ်ပြောင်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၇၉) ဖြင့် တင်ပို့မှုဈေးနှုန်း အမြင့်ဆုံးရရှိခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် (၂၂၀) ဒေါ်လာဖြင့် အနိမ့်ဆုံး ရရှိခဲ့ပါသည်။

ဇယား (၁၂) မြန်မာနှင့် အာရှနိုင်ငံများမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း

| ခုနှစ် | တူကီယဲ | အိန္ဒိယ | ပါကစ္စတန် | မြန်မာ | ဗီယက်နမ် |
|---|---|---|---|---|---|
| ၂၀၁၄ | ၇၂၅ | ၂၃၅ | ၂၉၆ | ၂၉၂ | ၃၉၉ |
| ၂၀၁၅ | ၆၇၃ | ၂၃၉ | ၁၉၃ | ၂၆၉ | ၂၉၆ |
| ၂၀၁၆ | ၁,၁၀၃ | ၂၇၅ | ၂၂၀ | ၇၈၇ | ၃၀၄ |
| ၂၀၁၇ | ၄၄၅ | ၂၇၅ | ၂၂၅ | ၆၈၂ | ၃၇၇ |
| ၂၀၁၈ | ၇၅၀ | ၂၅၁ | ၁၅၂ | ၈၉၅ | ၂၁၅ |
| ၂၀၁၉ | ၂၅၁ | ၃၇၉ | ၂၂၀ | ၂၅၃ | ၁၈၅ |
| ၂၀၂၀ | ၃၀၇ | ၂၂၀ | ၁၉၅ | ၃၂၁ | ၁၉၈ |
| ၂၀၂၁ | ၄၇၂ | ၂၅၉ | ၂၃၃ | ၄၇၇ | ၂၆၂ |
| ၂၀၂၂ | ၄၆၉ | ၃၂၁ | ၂၉၀ | ၄၂၅ | ၃၀၄ |
| ၂၀၂၃ | ၂၉၈ | ၃၀၄ | ၂၃၈ | ၃၇၀ | ၃၄၁ |

ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ ဗဟိုစာရင်းအင်းအဖွဲ့ ၂၀၂၄

မြန်မာနိုင်ငံသည် ၂၀၁၆ ၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် အစေ့ထုတ်ပြောင်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၇၈၇)၊ (၆၈၂) နှင့် (၈၉၅) ဒေါ်လာဖြင့် အစေ့ထုတ်ပြောင်း တင်ပို့မှုဈေးနှုန်း အမြင့်ဆုံးကို ရရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၉ ခုနှစ်များတွင် ရရှိသောဈေးနှုန်းမှာ အလွန်နည်းကြောင်း တွေ့ရှိရပါသည်။ ပါကစ္စတန်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အစေ့ထုတ်ပြောင်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၂၉၆) ဖြင့် အစေ့ထုတ်ပြောင်း တင်ပို့မှုဈေးနှုန်း အမြင့်ဆုံးရရှိခဲ့ပြီး နှစ်အလိုက် ကျဆင်းသွားကာ ၂၀၂၂ ခုနှစ်တွင် (၂၉၀) ဒေါ်လာ ရရှိခဲ့ပါသည် (ဇယား ၁၂)။ အာရှနိုင်ငံများမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် မြန်မာနိုင်ငံမှ တင်ပို့သော အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။




ဇာစ်မြစ်။ FAOSTAT ၂၀၂၃၊ ဗဟိုစာရင်းအင်းအဖွဲ့ ၂၀၂၄

ပုံ (၇) မြန်မာနှင့် အာရှနိုင်ငံများမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း

မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများ အဓိကတင်ပို့သော အစေ့ထုတ်ပြောင်း၏ FOB ဈေးနှုန်းများ အတက်အကျ နှိုင်းယှဉ်ခြင်းကို ပုံ (၇) တွင် ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်တွင် တူကီယဲနိုင်ငံမှ တင်ပို့သော အစေ့ထုတ်ပြောင်း တစ်တန်ဈေးနှုန်းမှာ အခြားနိုင်ငံများထက် မြင့်မားနေသည်ကို တွေ့ရှိရပြီး ကျန်နှစ်များတွင် ဈေးနှုန်းနိမ့်ကျသွားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမှ တင်ပို့သော အစေ့ထုတ်ပြောင်း ဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် အမြင့်ဆုံးဈေး တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၈၉၅) ရရှိသည်ကိုတွေ့ရပြီး ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာနိုင်ငံမှ တင်ပို့သော အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ တည်ငြိမ်မှုမရှိဘဲ အတက်အကျများနေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမှ တင်ပို့သော အစေ့ထုတ်ပြောင်းဈေးနှုန်းသည် အစေ့ထုတ်ပြောင်း တင်ပို့သော အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမလျော့နည်းဘဲ ရရှိနေသည်ကို တွေ့ရှိရပါသည်။

အစေ့ထုတ်ပြောင်းတင်ပို့သော မြန်မာနှင့် အခြားအာရှနိုင်ငံများမှ ပြောင်း၏ (FOB) ဈေးနှုန်း အခြေအနေများ နှိုင်းယှဉ်လေ့လာခြင်းကို ဇယား (၁၃) တွင် ဖော်ပြထားပါသည်။ နှိုင်းယှဉ်ဈေးနှုန်း တန်ဖိုးမှာ မြန်မာ့အစေ့ထုတ်ပြောင်း (FOB) ဈေးနှုန်းနှင့် အခြား နှိုင်းယှဉ်နိုင်ငံ၏ အစေ့ထုတ်ပြောင်း (FOB) ဈေးနှုန်းတို့ ပိုင်းခြားထားခြင်း ဖြစ်ပါသည်။ နှိုင်းယှဉ်ဈေးနှုန်းတန်ဖိုးမှာ (၁) ထက်ကြီးလျှင် မြန်မာနိုင်ငံမှ တင်ပို့သော အစေ့ထုတ်ပြောင်းသည် အခြားနှိုင်းယှဉ်နိုင်ငံများမှ တင်ပို့သော အစေ့ထုတ်ပြောင်းထက် ဈေးပိုရသည်ဟု ဆိုနိုင်ပြီး (၁) နှင့်ညီလျှင် အခြားနှိုင်းယှဉ်နိုင်ငံများ၏ အစေ့ထုတ်ပြောင်းဈေးနှုန်းနှင့် တူညီသည်ဟုဆိုနိုင်ပြီး (၁) ထက်ငယ်လျှင် အခြားနှိုင်းယှဉ်နိုင်ငံများ၏ အစေ့ထုတ်ပြောင်းထက် မြန်မာ့အစေ့ထုတ်ပြောင်းသည် ဈေးလျော့ရသည်ဟု ဆိုနိုင်ပါသည်။

မြန်မာ့အစေ့ထုတ်ပြောင်း၏ ဈေးနှုန်းတန်ဖိုးကို နှိုင်းယှဉ်လျှင် တူကီယဲနိုင်ငံ (၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ နှင့် ၂၀၂၂) ၊ အိန္ဒိယနိုင်ငံ (၂၀၁၉) ၊ ပါကစ္စတန်နိုင်ငံ (၂၀၁၄) နှင့် ဗီယက်နမ်နိုင်ငံ (၂၀၁၄ နှင့် ၂၀၁၅) တွင် နှိုင်းယှဉ်ဈေးနှုန်းတန်ဖိုးသည် (၁) ထက် လျော့နည်းနေသောကြောင့် မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်းသည်

ၸင်းနိုင်ငံများ၏ အစေ့ထုတ်ပြောင်းများထက် ဈေးနှုန်းလျော့၍ ရောင်းချနေရကြောင်း သိရှိရပါသည် (ဇယား ၁၃)။

သို့သော် ကျန်နှစ်များတွင် နှိုင်းယှဉ်တန်ဖိုးသည် (၁) နှင့် (၁) အထက်တွင်ရှိနေသောကြောင့် မြန်မာ့အစေ့ထုတ်ပြောင်းသည် ၸင်းနိုင်ငံများ၏ အစေ့ထုတ်ပြောင်းနှင့် ဈေးနှုန်းတူပြီး ရောင်းချနေရကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ တင်ပို့သော အစေ့ထုတ်ပြောင်းသည် အခြားနိုင်ငံများ၏ အစေ့ထုတ်ပြောင်း ဈေးနှုန်းများနည်းတူရရှိရန် ထုတ်လုပ်နိုင်လာကြောင်း တွေ့ရှိရပါသည် (ဇယား ၁၃)။ ၂၀၂၀ ခုနှစ် နောက်ပိုင်းတွင် မြန်မာ့အစေ့ထုတ်ပြောင်း (FOB) ဈေးနှုန်းမှာ အခြားနိုင်ငံများထက် ပိုမိုရရှိသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာ့အစေ့ထုတ်ပြောင်း အရည်အသွေးမှာ မြင့်မားနေသည်ဟု ယူဆနိုင်ပါသည်။ သို့သော် မြန်မာ့အစေ့ထုတ်ပြောင်း ထုတ်လုပ်မှုပမာဏသည် အခြားနိုင်ငံများထက် နိမ့်ကျနေသည်ကို တွေ့ရှိရသောကြောင့် အရည်အသွေးမြင့် အစေ့ထုတ်ပြောင်းများ ပိုမို ထုတ်လုပ်လာနိုင်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဇယား (၁၃) မြန်မာနိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ ဈေးနှုန်းအခြေအနေများကို နှိုင်းယှဉ်ခြင်း (FOB Price)

| ခုနှစ် | တူကီယဲ | အိန္ဒိယ | ပါကစ္စတန် | ဗီယက်နမ် |
|---|---|---|---|---|
| ၂၀၁၄ | ၀.၄၀ | ၁.၂၄ | ၀.၉၉ | ၀.၇၃ |
| ၂၀၁၅ | ၀.၄၀ | ၁.၁၂ | ၁.၃၉ | ၀.၉၁ |
| ၂၀၁၆ | ၀.၇၁ | ၂.၈၆ | ၃.၅၇ | ၂.၅၈ |
| ၂၀၁၇ | ၁.၅၄ | ၂.၄၈ | ၃.၀၄ | ၁.၈၁ |
| ၂၀၁၈ | ၁.၁၉ | ၃.၅၇ | ၅.၉၁ | ၄.၁၇ |
| ၂၀၁၉ | ၁.၀၁ | ၀.၆၇ | ၁.၁၅ | ၁.၃၇ |
| ၂၀၂၀ | ၁.၀၅ | ၁.၄၆ | ၁.၆၄ | ၁.၆၂ |
| ၂၀၂၁ | ၁.၀၁ | ၁.၈၄ | ၂.၀၅ | ၁.၈၂ |
| ၂၀၂၂ | ၀.၉၁ | ၁.၃၂ | ၁.၄၆ | ၁.၄၀ |
| ၂၀၂၃ | ၁.၂၄ | ၁.၂၂ | ၁.၅၆ | ၁.၀၉ |

ဓာတ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃၊ Myantrade ၂၀၂၃

## ၅.၅။ ပို့ကုန်ကုန်သွယ်မှု အလားအလာ ဆန်းစစ်တွက်ချက်ခြင်း

မြန်မာနိုင်ငံမှ ကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့သော အစေ့ထုတ်ပြောင်း၏ ၂၀၂၃ ခုနှစ်အတွင်း ပို့ကုန်ကုန်သွယ်မှု အလားအလာအား ဇယား (၁၄) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့အစေ့ထုတ်ပြောင်း၏ ကုန်သွယ်မှုအလားအလာ အကောင်းဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်တိုင်ပေ တန် (၁.၂၂) သန်း၊ ဗီယက်နမ်နိုင်ငံ တန် (၁.၂၀) သန်းနှင့် တရုတ်နိုင်ငံ တန် (၁.၁၂) သန်းတို့ ဖြစ်ကြပါသည်။ အခြား အလားအလာရှိသော ကုန်သွယ်ဖက်နိုင်ငံများမှာ ထိုင်းနိုင်ငံ တန် (၀.၂၄) သန်း၊ ဖိလစ်ပိုင်

နိုင်ငံ တန် (၀.၈၂) သန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တန် (၀.၇၄) သန်းနှင့် ဘရူနိုင်းနိုင်ငံ တန် (၀.၀၁) သန်းတို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းကို အဓိကတင်ပို့သော နိုင်ငံများမှာ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ ဖြစ်ပါသည်။ အချက်အလက်များအရ ၎င်းနိုင်ငံများထဲတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပို့ကုန်ကုန်သွယ်မှု အလားအလာအကောင်းဆုံး နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၄) မြန်မာ့အစေ့ထုတ်ပြောင်း၏ ပို့ကုန်ကုန်သွယ်မှုအလားအလာ (Trade Potential)၊ ၂၀၂၃ ခုနှစ်

| မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက် နိုင်ငံများ | မြန်မာနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့သည့် ပမာဏ (တန်) | ကုန်သွယ်ဖက်နိုင်ငံများ ကမ္ဘာ့ဈေးကွက်မှ ဝယ်ယူသည့် ပမာဏ (တန်) | မြန်မာနိုင်ငံမှ ကုန်သွယ်ဖက် နိုင်ငံများသို့ တင်ပို့သည့် ပမာဏ (တန်) | မြန်မာနိုင်ငံ၏ ပို့ကုန် ကုန်သွယ်မှု အလားအလာ (တန်) |
|---|---|---|---|---|
| ထိုင်း | ၁,၂၂၂,၉၃၀ | ၁,၃၅၄,၆၅၈ | ၉၇၈,၁၀၆ | ၂၄၄,၈၂၄ |
| ဖိလစ်ပိုင် | ၁,၂၂၂,၉၃၀ | ၉၃၁,၃၀၅ | ၁၁၀,၄၃၃ | ၈၂၀,၈၇၂ |
| တရုတ် | ၁,၂၂၂,၉၃၀ | ၂၇,၁၃၉,၉၇၆ | ၉၈,၉၃၆ | ၁,၁၂၃,၉၉၄ |
| ဗီယက်နမ် | ၁,၂၂၂,၉၃၀ | ၁၀,၁၁၄,၀၂၉ | ၁၉,၅၉၀ | ၁,၂၀၃,၃၄၀ |
| ဘင်္ဂလားဒေ့ရှ် | ၁,၂၂၂,၉၃၀ | ၇,၅၅,၇၉၆ | ၁၅,၄၀၀ | ၇၄၀,၃၉၆ |
| တရုတ်တိုင်ပေ | ၁,၂၂၂,၉၃၀ | ၄၂,၄၅,၁၆၁ | ၁၉၂ | ၁,၂၂၂,၇၃၈ |
| ဘရူနိုင်း | ၁,၂၂၂,၉၃၀ | ၁၄,၄၀၉ | ၁၂၀ | ၁၄,၂၈၉ |

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

## ၅.၆။ ကမ္ဘာ့ဈေးကွက်ဆိုင်ရာ နှိုင်းယှဉ်အားသာချက်များ (Revealed Comparative Advantage-RCA and Revealed Symmetric Comparative Advantage-RSCA)

မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့အစေ့ထုတ်ပြောင်း၏ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀) နှစ်တာ ကာလအတွင်း ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် အခြေအနေများကို ဇယား (၁၅) တွင် ဖော်ပြထားပါသည်။ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (Revealed Comparative Advantage - RCA) နှင့် ကမ္ဘာ့ဈေးကွက် စနစ်တကျ နှိုင်းယှဉ်အားသာချက် (Revealed Symmetric Comparative Advantage - RSCA) ၏ တန်ဖိုးများ ယူဆချက် (၁) RCA or RSCA တန်ဖိုးသည် (0<RCA ≤ 1) or (-1 < RSCA ≤ 0) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် မရှိပါ၊ ယူဆချက် (၂) RCA or SRCA တန်ဖိုးသည် (1<RCA≤2) or (0<RSCA ≤0.33) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် နည်းခြင်း၊ ယူဆချက် (၃) RCA or RSCA တန်ဖိုးသည် (2<RCA ≤4) or (0.33< RSCA ≤0.6) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် အလယ်အလတ်၊ ယူဆချက် (၄) RCA or RSCA တန်ဖိုးသည် (4<RCA) or (0.6< RSCA) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် များပြားခြင်း တို့ဖြစ်သည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀) နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံမှ တင်ပို့သော အစေ့ထုတ်ပြောင်း၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် တန်ဖိုးများဖြစ်သည့် RCA ၏ တန်ဖိုးများမှာ (၄) ထက်ကြီးပြီး RSCA တန်ဖိုးများမှာ (၀.၆) ထက်ကြီးသောကြောင့် မြန်မာ့အစေ့ထုတ်ပြောင်း၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်မှာ များပြားနေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ အစေ့ထုတ်ပြောင်း အရည်အသွေးမှာ မြင့်မားၡ ဈေးကောင်းရရှိလျက်ရှိပြီး ထုတ်လုပ်နိုင်မှုပမာဏ နည်းလျက်ရှိကြောင်း တွေ့ရှိ

ရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အစေ့ထုတ်ပြောင်း အများအပြား ဆက်လက်ထုတ်လုပ်နိုင်ရန် လိုအပ်လျက် ရှိပါသည်။ နှိုင်းယှဉ်အားသာချက်များအရ မြန်မာနိုင်ငံသည် အစေ့ထုတ်ပြောင်း တင်ပို့ရာတွင်လည်း ထိုင်းနိုင်ငံ တစ်နိုင်ငံထဲတွင်သာမက အခြား အလားအလာကောင်းသော တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများသို့လည်း တင်ပို့ရောင်းချသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၅) မြန်မာ့အစေ့ထုတ်ပြောင်း၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (RCA and RSCA)

(အမေရိကန်ဒေါ်လာ သန်း)

| နှစ်စဉ် | မြန်မာ့ အစေ့ထုတ်ပြောင်း တင်ပို့သည့် တန်ဖိုး | မြန်မာ့ စုစုပေါင်း ပို့ကုန် တင်ပို့သည့် တန်ဖိုး | ကမ္ဘာ့ဈေးကွက် အစေ့ထုတ်ပြောင်း တင်ပို့သည့် တန်ဖိုး | ကမ္ဘာ့ဈေးကွက် စုစုပေါင်း ပို့ကုန် တင်ပို့သည့် တန်ဖိုး | RCA | RSCA |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၃၅၅.၇၅ | ၁၁,၄၅၁.၈၆ | ၃၂,၉၃၇.၉၁ | ၁၈,၈၅၆,၉၅၇.၆၂ | ၁၇.၇၈ | ၀.၈၉ |
| ၂၀၁၅ | ၃၄၀.၈၆ | ၁၁,၄၃၁.၇၉ | ၂၈,၆၈၈.၀၃ | ၁၆,၄၁၈,၀၆၃.၈၉ | ၁၇.၀၆ | ၀.၈၉ |
| ၂၀၁၆ | ၂၂၃.၄၅ | ၁၁,၆၇၂.၇၂ | ၂၉,၃၃၃.၁၄ | ၁၅,၉၂၄,၂၀၃.၆၅ | ၁၀.၃၉ | ၀.၈၂ |
| ၂၀၁၇ | ၃၀၄.၉၀ | ၁၃,၈၇၇.၉၅ | ၃၀,၂၉၂.၃၇ | ၁၇,၅၆၃,၅၈.၂၀ | ၁၂.၇၄ | ၀.၈၅ |
| ၂၀၁၈ | ၂၂၂.၄၈ | ၁၆,၇၀၂.၁၆ | ၃၃,၈၁၀.၅၅ | ၁၉,၃၂၉,၀၅၀.၁၇ | ၇.၆၂ | ၀.၇၇ |
| ၂၀၁၉ | ၂၃၆.၆၃ | ၁၈,၁၁၇.၆၁ | ၃၅,၈၃၇.၉၄ | ၁၈,၇၆၁,၈၁၄.၉၂ | ၆.၈၄ | ၀.၇၄ |
| ၂၀၂၀ | ၃၈၂.၇၄ | ၁၆,၉၄၉.၇၆ | ၃၆,၇၀၀.၆၈ | ၁၇,၅၁၄,၉၆၈.၈၀ | ၁၀.၇၈ | ၀.၈၃ |
| ၂၀၂၁ | ၆၁၅.၉၄ | ၁၅,၁၅၃.၄၁ | ၅၁,၉၁၀.၃၄ | ၂၂,၁၅၄,၀၅၄.၄၆ | ၁၇.၃၅ | ၀.၈၉ |
| ၂၀၂၂ | ၆၅၈.၃၈ | ၁၇,၀၈၄.၅၁ | ၆၂,၈၆၅.၉၁ | ၂၄,၇၁၉,၇၉၅.၆၀ | ၁၅.၁၅ | ၀.၈၈ |
| ၂၀၂၃ | ၄၅၃.၀၃ | ၁၄,၇၅၂.၉၉ | ၅၃,၀၆၈.၄၇ | ၂၃,၂၉၁,၀၇၂.၃၁ | ၁၃.၄၈ | ၀.၈၆ |

*RCA = Revealed Comparative Advantage, **RSCA= Revealed Symmetric Comparative Advantage

ဇာစ်မြစ်။ UN Comtrade ၂၀၂၃၊ ITC Trademap ၂၀၂၃

## ၆။ ထုတ်ကုန်ယှဉ်ပြိုင်မှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှု

ပြည်တွင်းရှိ စိုက်ပျိုးရေးထွက်ကုန်များကို ပြည်တွင်းစားသုံးနိုင်ယုံသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှသာ နိုင်ငံခြားဝင်ငွေရရှိပြီး တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါသည်။ သီးနှံများ တင်ပို့ရာတွင် ဝယ်ယူမည့်နိုင်ငံများမှ ကြိုက်နှစ်သက်သည့် သီးနှံများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများ ကိုက်ညီမှုရှိအောင် ဆောင်ရွက်သင့်ပါသည်။ ကုန်သည်ပွဲစားများမှ သီးနှံများကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန် အစိုးရဘက်မှလည်း မြန်မာနိုင်ငံမှ ထွက်ရှိမည့် သီးနှံများကို ဝယ်ယူမည့်နိုင်ငံများ၏ အစိုးရများနှင့် ချိတ်ဆက်မှု အားကောင်းအောင် ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။[၈]

တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့နိုင်ရန် GACC-SPS Protocol ချုပ်ဆိုခဲ့သော ကုန်ပစ္စည်းများမှာ ဆန်၊ ဆန်ကွဲ၊ ပိုးအိမ်ခြောက်၊ ကျွဲ၊ နွား၊ ပြောင်း၊ ငှက်ပျောသီး၊ သဘာဝမှ ဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းများ၊ မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများ၊ နာနတ်၊ ပဲပုပ် စသည်တို့ ဖြစ်ကြပါသည်။ GACC-SPS Protocol တစ်ခု လက်မှတ်ရေးထိုးရန် ကြာမြင့်ချိန်သည် တရုတ်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ ကုန်ပစ္စည်း တစ်မျိုးနှင့်တစ်မျိုး မတူညီနိုင်ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံဘက်မှ ဈေးကွက်ဝယ်လိုအားရှိသည့် ကုန်ပစ္စည်းအတွက် ညှိနှိုင်းမှုလုပ်ငန်းစဉ်သည် ပိုမိုမြန်ဆန်နိုင်ကြောင်း တွေ့ရှိရပါသည်။[၉]

ယခုအချိန်တွင် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့မှုသည် လွန်ခဲ့သော ၁၀ နှစ်ခန့်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာသော်လည်း တရားဝင် သတင်းအချက်အလက်များအရ ကုန်သွယ်မှုပမာဏ (Trade Volume) များမလာခြင်းသည် ယခုအချိန်ထိ တရားမဝင်ကုန်သွယ်မှု (Illegal Trade) များ ရှိနေခြင်းကြောင့်သာ ဖြစ်ကြောင်း သိရှိရပါသည်။[၁၀] GACC-SPS Protocol လက်မှတ်ရေးထိုးထားခြင်းကြောင့် လက်မှတ်ရေးထိုးထားသည့် ကုန်စည်များသည် သဘောတူစာချုပ်ပါ အချက်များအတိုင်း အချိန်မရွေး တရုတ်နိုင်ငံတွင်းသို့ သက်မှတ်ကာလအတွင်း လွတ်လပ်စွာတင်ပို့ ရောင်းချခွင့်ရမည် ဖြစ်ပါသည်။ သို့သော် GACC မှ ခွင့်ပြုထားခြင်းမရှိသည့် ကုန်စည်များတင်ပို့ပါက ကန့်သတ် အရေးယူဆောင်ရွက်မှုများ၊ ပစ္စည်းသိမ်းဆည်းမှုများ စသည့် အရေးယူမှုများနှင့် ကြုံတွေ့ရမည် ဖြစ်ပါသည်။[၁၁]

GACC မှတ်ပုံတင်ခြင်းပြုလုပ်သည့် နည်းလမ်းများကို သိရှိစေရန် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ သင်တန်းများ ပြုလုပ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ GACC မှတ်ပုံတင်ခြင်းပြုလုပ်ရာတွင် ကုမ္ပဏီများမှ ကိုယ်တိုင်ပြုလုပ်၍ရသည့်အပြင် ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ကာ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြုလုပ်မှုများရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ကိုယ်တိုင် GACC မှတ်ပုံတင်ခြင်းပြုလုပ်သည့် ကုမ္ပဏီများသည် လုပ်ငန်းများ လုပ်ဆောင်ရာတွင် အဆင်ပြေချောမွေ့ကြ၍ ကိုယ်စားလှယ်များမှတစ်ဆင့် မှတ်ပုံတင်ခြင်းပြုလုပ်သူများသည် ကိုယ်စားလှယ်များမှ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို သေချာတိကျစွာ မပြုလုပ်ပေးသောကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရှိရပါသည်။[၁၂]

---

[၈၊ ၁၀၊ ၁၂] Key Informant Interview (Official) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်းဖြစ်ပါသည်။

[၉၊ ၁၁] Key Informant Interview (စီးပွားရေးသံမှူးများ) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

ထို့ပြင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် အစိုးရအဖွဲ့အစည်းများမှ အရာရှိများ၊ ကုန်သည်များ၊ ပညာရှင်များနှင့် နိုင်ငံအလိုက် စီးပွားရေးသံမှူးများကို တစ်စုတစ်စည်းတည်း ကုန်သွယ်မှုကိစ္စရပ်များ ပြုလုပ်နိုင်စေရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အင်တာနက်လူမှုကွန်ရက်တွင် အုပ်စုတစ်ခု (viber group) ဖွဲ့စည်းပေးထားပါသည်။ ၎င်းအဖွဲ့တွင် ပါဝင်သူများအားလုံးသည် ပွင့်လင်းမြင်သာမှုရှိစွာ ပြောဆိုဆက်ဆံကြပြီး သီးနှံကုန်သွယ်မှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို တိုင်ပင်ဆွေးနွေးကြပါသည်။ အစိုးရဘက်မှ အရာရှိများမှလည်း ကုန်သည်များအချင်းချင်း ချိတ်ဆက်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုင်းနိုင်ငံဘက်မှ မီးရှို့ထားသည့်အခင်းမှ ပြောင်းကို မဝယ်ယူတော့ကြောင်း မြန်မာနိုင်ငံဘက်သို့ သတင်းထုတ်ပြန်သည့်အချိန်တွင် မြန်မာအစိုးရမှ မီးမရှို့ထားသည့် အသိအမှတ်ပြုလက်မှတ်များ ပြနိုင်ပါက လက်ခံဝယ်ယူပေးရန် ထိုင်းအစိုးရဘက်သို့ ညှိနှိုင်းဆောင်ရွက်ပေးထားသည့် ကိစ္စရပ်များ လုပ်ဆောင်ခဲ့ကြကြောင်း သိရှိရပါသည်။[၃၃]

အစေ့ထုတ်ပြောင်းကုန်သွယ်မှု ပြုလုပ်ရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းများ တောင်းခံရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်လိုင်စင်များကို လွယ်ကူမြန်ဆန်အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါသည်။ ထိုင်းနိုင်ငံသို့ အစေ့ထုတ်ပြောင်းများ တင်ပို့ရောင်းချရာတွင် အချို့သော ကုမ္ပဏီများသည် ပြောင်း၏ အရည်အသွေးကို စစ်ဆေးပေးသည့် ကုမ္ပဏီများကို ငှားရမ်း၍ အရည်အသွေး စစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ တင်ပို့ကြသော်လည်း အချို့ကုမ္ပဏီများမှာ ၎င်းတို့ ဝန်ကြီးဌာနမှ ပြောင်း၏ အရည်အသွေးများကို စစ်ဆေးအတည်ပြု၍ ဝယ်သူများထံသို့ အလွယ်တကူ ရောင်းဝယ်ဖောက်ကားခြင်းများ လုပ်ဆောင်လျက် ရှိကြပါသည်။[၃၄]


တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) နှင့် မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အကြား မြန်မာနိုင်ငံမှ ပြောင်းကို တရုတ်နိုင်ငံသို့ တင်ပို့ရန် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်အား ၃၁-၁-၂၀၂၂ ရက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ GACC မှ သတ်မှတ်ချက်များအတိုင်း အသိအမှတ်ပြုလက်မှတ်များရရှိရန် ကုမ္ပဏီများမှ လျှောက်ထားခွင့်ရရှိခဲ့ရာ ကုမ္ပဏီ (၁၁၂) ခုမှ GACC အသိအမှတ်ပြုလက်မှတ် ရရှိခဲ့ပြီးဖြစ်ပါသည်။ သို့သော် ယခုကာလတွင် မူဆယ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း ပိတ်သွားပါသဖြင့် ၂၀၂၂-၂၀၂၄ ခုနှစ်ထိ GACC နှင့်ပတ်သက်၍ တရုတ်နိုင်ငံမှပေးသည့် အစေ့ထုတ်ပြောင်း၏ ဈေးနှုန်းသည် လျော့နည်းနေပြီး ထိုင်းနိုင်ငံမှပေးသည့် ဈေးနှုန်းက ပိုမိုမြင့်မားသဖြင့် ထိုင်းနိုင်ငံသို့ အစေ့ထုတ်ပြောင်းများကို အဓိက တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။[၃၅]

## ၆.၁။ အဓိကကုန်သွယ်သည့်နိုင်ငံများနှင့် ပို့ကုန်ဈေးကွက်ရှယ်ယာများ

မြန်မာ့အစေ့ထုတ်ပြောင်းဝယ်ယူသော နိုင်ငံများနှင့် အဓိကဝယ်ယူသော နိုင်ငံများရှိ မြန်မာ့အစေ့ထုတ်ပြောင်း၏ ဈေးကွက်ဝေစုအချိုးကို သိရှိနိုင်ရန် မြန်မာ့အစေ့ထုတ်ပြောင်း ဝယ်ယူတင်သွင်းလျက်ရှိသော နိုင်ငံများကို ပုံ (၈) တွင် ဖော်ပြထားပါသည်။ ထိုင်းနိုင်ငံသည် မြန်မာ့အစေ့ထုတ်ပြောင်း တင်ပို့မှု၏

[၃၃၊ ၃၄၊ ၃၅] Focus Group Discussion (Official) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

(၈၀) ရာခိုင်နှုန်းကို တင်သွင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း ဈေးကွက်ကို လွှမ်းမိုးထားပါသည်။ ထို့နောက် ဖိလစ်ပိုင်နိုင်ငံသည် ဒုတိယ ဝေစုအများဆုံး တင်သွင်းပြီး စုစုပေါင်း တင်ပို့မှု၏ (၉) ရာခိုင်နှုန်းကို တင်သွင်းပြီး တရုတ်နိုင်ငံသည် (၈) ရာခိုင်နှုန်း တင်သွင်းနေကြောင်း တွေ့ရပါသည်။





ဇာစ်မြစ်။ UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏန်းအချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်းဖြစ်ပါသည်။

ပုံ (၈) မြန်မာ့အစေ့ထုတ်ပြောင်းဝယ်ယူသော နိုင်ငံများ၏အချိုး


တရုတ်နိုင်ငံသို့ အစေ့ထုတ်ပြောင်း တင်ပို့လျက်ရှိသော နိုင်ငံများကို ပုံ (၉) တွင် ဖော်ပြထားပါသည်။ ဘရာဇီးနိုင်ငံသည် တရုတ်နိုင်ငံအတွက် အဓိကအစေ့ထုတ်ပြောင်း တင်ပို့သည့်နိုင်ငံဖြစ်ပြီး စုစုပေါင်း တင်သွင်းမှု၏ (၄၅) ရာခိုင်နှုန်းကို ဘရာဇီးနိုင်ငံမှ တင်သွင်းနေပါသည်။ ဒုတိယအနေဖြင့် စုစုပေါင်း တင်သွင်းမှု၏ (၂၇) ရာခိုင်နှုန်းကို အမေရိကန်ပြည်ထောင်စုမှ တင်သွင်းခဲ့ပြီး ယူကရိန်းနိုင်ငံမှ (၂၁) ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံမှ (၁) ရာခိုင်နှုန်းသာ တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံသို့ အစေ့ထုတ်ပြောင်း တင်ပို့လျက်ရှိသော နိုင်ငံများကို ပုံ (၁၀) တွင် ဖော်ပြထားပါသည်။ အာဂျင်တီးနားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ အဓိက အစေ့ထုတ်ပြောင်း တင်ပို့သည့် နိုင်ငံဖြစ်ပြီး စုစုပေါင်း တင်သွင်းမှု၏ (၃၄) ရာခိုင်နှုန်းကို အာဂျင်တီးနားနိုင်ငံမှ တင်သွင်းခဲ့ပါသည်။ အစေ့ထုတ်ပြောင်း တင်သွင်းမှု၏ (၂၄) ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံမှ တင်သွင်းနေပြီး အင်ဒိုနီးရှားနိုင်ငံမှ (၁၂) ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံမှ (၁၁) ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။


ထိုင်းနိုင်ငံသို့ အစေ့ထုတ်ပြောင်းတင်ပို့လျက်ရှိသော နိုင်ငံများ၏ ဝေစုအချိုးကို ပုံ (၁၁) တွင် ဖော်ပြထားပါသည်။ ထိုင်းနိုင်ငံသည် စုစုပေါင်းတင်သွင်းမှု၏ (၈၉) ရာခိုင်နှုန်းကို မြန်မာနိုင်ငံမှ အဓိက တင်သွင်းလျက်ရှိပြီး လာအိုနိုင်ငံမှ (၈) ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံမှ (၃) ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။




ပုံ (၉) တရုတ်နိုင်ငံရှိ မြန်မာ့အစေ့ထုတ်ပြောင်း၏ ဈေးကွက်ဝေစုအချိုး




ပုံ (၁၀) ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာ့အစေ့ထုတ်ပြောင်း၏ ဈေးကွက်ဝေစုအချိုး





ပုံ (၁၁) ထိုင်းနိုင်ငံရှိ မြန်မာ့အစေ့ထုတ်ပြောင်း၏ ဈေးကွက်ဝေစုအချိုး

ဇာစ်မြစ်။ UN Comtrade ၂၀၂၃ နှင့် ITC Trademap ၂၀၂၃ ၏ ကိန်းဂဏန်းအချက်အလက်များကိုယူ၍ သုတေသနအဖွဲ့မှ တွက်ချက်ထားခြင်းဖြစ်ပါသည်။

## ၆.၂။ ပြည်တွင်းဈေးကွက်နှင့် ပို့ကုန်ဈေးကွက် ဝယ်လိုအား

အစေ့ထုတ်ပြောင်းသည် ယခုနှစ်အနည်းငယ်အတွင်းတွင် တောင်သူများအကြား ရေပန်းစားလာပြီး တောင်သူအများစုသည် ဝင်ငွေပိုမိုရရှိသော ပြည်ပဈေးကွက်ကို ပိုမိုအားထားလာကြသဖြင့် အစေ့ထုတ်ပြောင်း ဈေးနှုန်းများသည် သိသိသာသာ မြင့်တက်လာပါသည်။ တောင်သူများရရှိသော ဈေးများသည်လည်း ယခင်ကထက် ပိုမိုမြင့်တက်လာပြီး ဒေသအလိုက် အနည်းငယ် ကွာခြားနိုင်ပါသည်။ အစေ့ထုတ်ပြောင်းများသည် ပြည်တွင်း တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ပြည်ပမှ ဝယ်လိုအားများ အများအပြားရှိသည့်အတွက် ဈေးနှုန်းမြင့်တက်မှုများရှိတတ်ပြီး ယခု ဈေးနှုန်းမြင့်တက်နေခြင်းမှာ သွင်းအားစုစရိတ်များ မြင့်တက်ခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်ခြင်း၊ ပြည်ပဝယ်လိုအား အခိုင်အမာရှိနေခြင်း စသည့်အချက်များကြောင့် ဖြစ်ပါသည် (Agribusiness Bulletin၊ ၂၀၂၃)။ သို့သော်လည်း ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအလယ်တွင် အစေ့ထုတ်ပြောင်းတစ်ပိဿာလျှင် (၁,၂၀၀) ကျပ်မှ ဖေဖော်ဝါရီလလယ်တွင် တစ်ပိဿာလျှင် (၁,၁၄၀) ကျပ်သို့ တဖြည်းဖြည်း ကျဆင်းလာကြောင်း သိရှိရပါသည် (စိုက်ပျိုးရေးဦးစီးဌာန၊ ၂၀၂၄)။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း အစေ့ထုတ်ပြောင်း တစ်တန် ဈေးနှုန်းများသည် ဒေသအလိုက် သိသိသာသာ ပြောင်းလဲကွာခြားမှု ရှိနေပါသည်။ ၂၀၂၂ ခုနှစ်၊ အောက်တို ဘာလတွင် အစေ့ထုတ်ပြောင်း တစ်တန်လျှင် ရန်ကုန်ဈေးကွက်၌ (၆၅၇,၀၀၀) ကျပ်၊ မန္တလေးဈေးကွက်၌ (၅၆၉,၅၀၀) ကျပ်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဈေးကွက်၌ (၅၇၂,၀၀၀) ကျပ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း ဈေးကွက်၌ (၅၇၀,၀၀၀) ကျပ် အသီးသီးရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ရန်ကုန်ဈေးကွက်၌ တစ်တန်လျှင် (၇၁၆,၅၀၀) ကျပ်၊ မန္တလေးဈေးကွက်၌ (၆၀၉,၉၀၀) ကျပ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၌ (၆၃၆,၈၀၀) ကျပ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၌ (၆၄၃,၀၀၀) ကျပ် အသီးသီး ဈေးရရှိခဲ့ပါသည် (ပုံ ၁၂)။




ဇာစ်မြစ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ၂၀၂၄

ပုံ (၁၂) လအလိုက် အစေ့ထုတ်ပြောင်း တစ်တန်ဈေးနှုန်းများ (၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ)

မြန်မာနိုင်ငံသည် အစေ့ထုတ်ပြောင်း တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပေါင်း (၁၉) နိုင်ငံသို့ တင်ပို့ခဲ့ပြီး အဓိက တင်ပို့လျက်ရှိသော နိုင်ငံများမှာ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံတို့ ဖြစ်ပါသည်။ ပြောင်းတင်ပို့မှု အများဆုံးနှစ်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၅၃၆) သန်းကျော် တင်ပို့ခဲ့ပါသည်။ ဒုတိယတင်ပို့မှု အများဆုံး နှစ်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၃၆၈) သန်းကျော်ဖိုး တင်ပို့ခဲ့ပါသည် (နောက်ဆက်တွဲ-ခ)။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံပေါင်း (၇) နိုင်ငံသို့ ပြောင်းတန်ချိန် (၁.၉၂) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၅၉၃.၀၃) သန်း တင်ပို့ခဲ့ပြီး အဓိကတင်ပို့ခဲ့သော နိုင်ငံများမှာ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဖြစ်ပါသည် (ဇယား ၁၆)။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အစေ့ထုတ်ပြောင်း တန်ချိန် (၁.၈၁) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၄၈၇.၀၉) သန်း တင်ပို့ထားခဲ့ပြီးဖြစ်ပါသည် (ဇယား ၁၆)။ မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ပြည်ပနိုင်ငံများသို့ အစေ့ထုတ်ပြောင်း တင်ပို့မှုအခြေအနေများနှင့် ပို့ကုန်ဈေးကွက် ဝယ်လိုအားအခြေအနေများကို နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားပါသည်။

ဇယား (၁၆) နှစ်အလိုက် အစေ့ထုတ်ပြောင်းတင်ပို့မှုအခြေအနေ

| ဘဏ္ဍာနှစ် | တင်ပို့မှုပမာဏ ('၀၀၀ မက်ထရစ်တန်) | တင်ပို့မှုတန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|
| ၂၀၁၇-၂၀၁၈ | ၁,၄၃၇ | ၂၉၅ |
| ၂၀၁၈-၂၀၁၉ | ၁,၅၃၁ | ၂၇၇ |
| ၂၀၁၉-၂၀၂၀ | ၂,၂၂၂ | ၃၆၈ |
| ၂၀၂၀-၂၀၂၁ | ၂,၆၁၃ | ၅၃၆ |
| ၂၀၂၁-၂၀၂၂ | ၁,၅၂၁ | ၃၆၈ |
| ၂၀၂၂-၂၀၂၃ | ၁,၉၂၁ | ၅၉၃ |
| ၂၀၂၃-၂၀၂၄ | ၁,၈၁၁ | ၄၈၇ |

ဓာတ်မြစ်။ Agribusiness Bulletin ၂၀၂၃၊ မြန်မာ့လယ်ယာကဏ္ဍ ပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုဆိုင်ရာ အစီရင်ခံစာ၊ ၂၀၂၄ ခုနှစ် (ဖွန်လ)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ ဖွန်လ (၁၇) ရက်နေ့တွင် အေးရှားဝေါလ်ဆိပ်ကမ်းမှ ပြောင်းတန်ချိန် (၅,၄၀၀) ခန့်နှင့် မင်းထက်မင်းဆိပ်ကမ်းမှ ပြောင်းတန်ချိန် (၂,၇၀၀) ခန့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချကြောင်း သိရှိရပါသည် (Global New Light of Myanmar ၊ ၂၀၂၄)။ ၂၀၂၄ ခုနှစ် အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲ အစီရင်ခံစာအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ၂၀၂၄ မေလကုန်အထိ ပြောင်းတင်ပို့မှု တန်ချိန် (၀.၈၇) သန်းကျော်ရှိပြီး အမေရိကန်ဒေါ်လာ (၁၉၆) သန်းကျော်ရရှိ၍ ပြည်ပသို့ ပြောင်းတင်ပို့မှု ယခင်နှစ်များထက် မြင့်မားကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမှ အစေ့ထုတ်ပြောင်း တင်ပို့မှုနှင့်ပတ်သက်၍ ယခုအခါ ထိုင်းနိုင်ငံမှ မြန်မာ့အစေ့ထုတ်ပြောင်းကို ဝယ်ယူမှု ပိုမိုများပြားလျက် ရှိပါသည်။ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းများ ဝယ်ယူရာတွင် နှစ်စဉ် ဖေဖော်ဝါရီ (၁) ရက်နေ့မှစ၍ ဩဂုတ်လ (၃၁) ရက်နေ့အထိ ပြောင်းတင်ပို့မှုအတွက် အကောက်ခွန်များ လျှော့ပေါ့၍ ပြောင်းပမာဏတန်ချိန် အများစုကို ဝယ်ယူလျက် ရှိပါသည် (Global New Light of Myanmar ၊ ၂၀၂၄)။ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု ပမာဏသည် လျာထားချက်ပမာဏထက် ပို၍တင်ပို့နိုင်ခဲ့ပါသည်။

ယခုလက်ရှိတွင် ထိုင်းနိုင်ငံမှ မီးခိုးငွေ့ပြဿနာများကြောင့် မီးရှို့ထားသည့် ပြောင်းခင်းမှ ပြောင်းများကို မဝယ်ယူတော့ဟု ကန့်သတ်ချက်များ ထုတ်ထားသော်လည်း ၎င်းမီးခိုးငွေ့ပြဿနာသည် မြန်မာနိုင်ငံဘက်မှ ထွက်ရှိလာခြင်း မဟုတ်သည်ကို ထိုင်းနိုင်ငံဘက်မှလည်း လက်ခံထားပါသည်။ ထို့အတွက်ကြောင့် ထိုင်းနိုင်ငံဘက်မှလည်း မီးခိုးငွေ့ပြဿနာများနှင့်ပတ်သက်ပြီး ပြောင်းဝယ်ယူမှုကို ကန့်သတ်ထားမည် မဟုတ်ကြောင်း ပြောင်းအသင်းကိုယ်စားလှယ်များမှ ထင်မြင်ယူဆကြပါသည်။ သို့သော်လည်း ထိုင်းဘက်မှ မြန်မာ့ပြောင်းများကို ဈေးနှိမ်၍ ဝယ်ယူနိုင်ကြောင်း ပြောင်းကုန်သည်များအနေဖြင့် ကြိုတင်ခန့်မှန်း နေကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံဘက်မှ ပြောင်းတောင်သူများအား မီးခိုးငွေ့ပြဿနာနှင့် ၎င်းပြဿနာအား ရင်ဆိုင်ဖြေရှင်းရမည့် နည်းလမ်းများကို အသိပညာဗဟုသုတများရရှိအောင် လုပ်ဆောင်ပေးသင့်ပါသည်။

၂၀၂၄ ခုနှစ် အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲ အစီရင်ခံစာအရ အိန္ဒိယနိုင်ငံသည် ပြောင်းတန်ချိန် (၅၀၀,၀၀၀) တင်သွင်းခွင့်ပြုမည် ဖြစ်သည့်အတွက်ကြောင့် မြန်မာ့ပြောင်းသီးနှံ တင်ပို့မှုအတွက် ဈေးကွက်ရရှိမှု အလားအလာကောင်းများ ရှိနေသည်ကို တွေ့မြင်ရပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြောင်းတန်ချိန် (၈,၀၀၀) ကျော် အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ရောင်းချခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ပြည်ပသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့သို့ ပိုမိုတင်ပို့လျက်ရှိပါသည်။ ယခုလက်ရှိတွင် ပြည်ပသို့ကုန်ပစ္စည်းများ တင်ပို့ရာတွင် ရေလမ်းကြောင်းကိုသာ အဓိက မှီခိုအားထားနေရသည့်အတွက်ကြောင့် သင်္ဘောဆိပ်ကမ်းများတွင် သင်္ဘောများ များပြားလျက်ရှိပြီး ရေလမ်းကြောင်းပိတ်သည့် ကိစ္စရပ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့မှုပမာဏသည် လျာထားချက်ပမာဏထက်နည်း၍ တင်ပို့သည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပြီး လျာထားသည့် ပြောင်းပမာဏအတိုင်း ပြည်ပသို့ တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

## ၆.၃။ ဈေးကွက်ဆိုင်ရာ ကွင်းဆက် (ထုတ်လုပ်သူ-ပြည်တွင်းဈေး-ပို့ကုန်)


အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်တွင် ပြောင်းစိုက်တောင်သူများ၊ စိုက်ပျိုးရေး သွင်းအားစု ထောက်ပံ့ပေးသူများ၊ နည်းပညာထောက်ပံ့ပေးသည့် အစိုးရအဖွဲ့အစည်းများ၊ ပြောင်းအသင်းအဖွဲ့များ၊ အစေ့ထုတ်ပြောင်းများကို လက်လီ/လက္ကား ဝယ်ယူသူများ၊ ပြည်ပသို့ အစေ့ထုတ်ပြောင်းများ တင်ပို့ရောင်းချသူများနှင့် အစေ့ထုတ်ပြောင်း တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သူများ အစရှိသည်တို့ပါဝင်၍ လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။[၁၆] မြန်မာ့အစေ့ထုတ်ပြောင်း တန်ဖိုးကွင်းဆက်တွင် ပါဝင်ပတ်သက်သူများသည် အချင်းအချင်း အပြန်အလှန်ရိုင်းပင်းကူညီကြပြီး ပြောင်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာ့အစေ့ထုတ်ပြောင်း တန်ဖိုးကွင်းဆက်တွင် ပြောင်းစိုက်တောင်သူများသည် သီးနှံထွက်ရှိချိန်တွင် ပြောင်းသီးနှံ၏ ဈေးကွက်ပေါက်ဈေးဖြင့် ၎င်းတို့ဒေသရှိ အစေ့ထုတ်ပြောင်းသီးနှံ လက်လီဝယ်ယူသူများနှင့် ကုန်သည်ပွဲစားများထံသို့ရောင်းချ၍ အချို့သော တောင်သူများသည် လက္ကားဒိုင်များထံ တိုက်ရိုက်ရောင်းချခြင်းများလည်း ရှိသည်ကို တွေ့ရှိရပါသည်။ အခြားသော အစေ့ထုတ်ပြောင်းစိုက်တောင်သူများသည် ၎င်းတို့၏ ပြောင်းများကို ချက်ချင်းမရောင်းချဘဲ သီးနှံဈေးကောင်းကို စောင့်ဆိုင်းကာ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များရှိ တိရစ္ဆာန်အစာ ပြုလုပ်သည့် စက်ရုံများမှ ပြောင်းအဝယ်တော်များနှင့် ချိတ်ဆက်ကာ ၎င်းတို့၏ အစေ့ထုတ်ပြောင်းများကို ရောင်းချကြပါသည် (ပုံ ၁၃)။

ပြောင်းကုန်သည်ပွဲစားများသည် တောင်သူများထံမှ ဝယ်ယူထားသော အစေ့ထုတ်ပြောင်းများကို ၎င်းတို့ဒေသရှိ အနီးဆုံးမြို့တွင်းမှ ပြောင်းလက္ကားအဝယ်ဒိုင်များ (ပွဲရုံများ) ထံသို့ ပို့ဆောင်ပေးကြပါသည်။ ပြောင်းကုန်သည်များအနေဖြင့် လုပ်သားခနှင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များကိုသာ ကော်မရှင်ခ အဖြစ်ယူ၍ အစေ့ထုတ်ပြောင်း ဝယ်ယူသည့်အလုပ်များကို လုပ်ကိုင်လျက် ရှိပါသည်။ သို့သော် အချို့သော

[၁၆] မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံ ပြောင်းကုန်သည်များအသင်းမှ ပြောင်းကုန်သည်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည့် ရလဒ်များကို အခြေခံ၍ ပြောင်းတန်ဖိုးကွင်းဆက်အား ရေးသားဖော်ပြထားပါသည်။

ပြောင်းကုန်သည်၊ လုပ်ငန်းရှင်များသည် တောင်သူများထံမှ အစေ့ထုတ်ပြောင်းများကို ၎င်းတို့၏ ရင်းနှီးငွေဖြင့် ဝယ်ယူပြီး ပြောင်းဈေးကောင်းရသည့်အချိန်မှသာ ၎င်းပြောင်းများကို တစ်ဆင့်ပြန်လည် ရောင်းချကြကြောင်း တွေ့ရှိရပါသည်။




ပုံ (၁၃) မြန်မာနိုင်ငံရှိ အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်

ပြောင်းတောင်သူများသည် ၎င်းတို့၏ ထွက်ကုန်များကို ပြောင်းကုန်သည်ပွဲစားများနှင့် လက်ကားရောင်းသူများ/ပွဲရုံများထံ ရောင်းချကြပြီး ပြောင်းလက်ကားရောင်းချသူများသည် ၎င်းတို့၏ အစေ့ထုတ်ပြောင်းများကို ပြည်တွင်းဈေးကွက်ရှိ တိရစ္ဆာန်စာထုတ်လုပ်သည့် စက်ရုံများကို ရောင်းချပြီး ပိုလျှံသော အစေ့ထုတ်ပြောင်းများကို ပြည်ပသို့ တင်ပို့မည့်သူများထံသို့ ရောင်းချကြပါသည်။ ပြည်တွင်း တိရစ္ဆာန်အစာစက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်တွင်းရှိ တိရစ္ဆာန်မွေးမြူရေးခြံများတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိပါသည်။ အစေ့ထုတ်ပြောင်းသီးနှံကို မွေးမြူရေးလုပ်ငန်းသုံး စပ်စာအဖြစ် အသုံးပြုခြင်း၊ ပြောင်းဖူးဆီ (စားသုံးဆီ)၊ ပြောင်းဖူးကစီမှုန့်၊ ပြောင်းဖူး ကလူးကို့စ် (အရည်/အမှုန့်)၊ ပြောင်းဖူးနှင့် ပြုလုပ်သော တစ်ဆင့်မြင့်အရည်၊ အီသနောလောင်စာ၊ အရက်ချက်လုပ်ခြင်း စသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ပြည်ပသို့ အစေ့ထုတ်ပြောင်းများကို တင်ပို့ရောင်းချရာတွင် မြန်မာနိုင်ငံ ပြောင်းကုန်သည်များ အသင်းမှလည်း ဦးဆောင်၍ ပြောင်းတင်ပို့ရောင်းချမှုများ အဆင်ပြေမှုရှိစေရန် လုပ်ဆောင်ပေးလျက် ရှိပါသည်။ အစေ့ထုတ်ပြောင်း တင်ပို့သူများသည် သီးနှံများကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အိန္ဒိယ စသည့် နိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိကြပါသည်။ ပြောင်းတင်ပို့ရောင်းချသူများသည် လွန်ခဲ့သော (၅) နှစ်တာကာလ (၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်) အတွင်း ပြောင်းကို ဖိလစ်ပိုင်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံများကို တင်ပို့လျက် ရှိပါသည်။ ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်းဖြင့်သာ တင်ပို့လျက်ရှိပြီး ငွေပေးချေမှုနစ်ကို Telegraphic Transfer (TT)[၁၇] စနစ်ဖြင့်သာ အသုံးပြုလျက် ရှိပါသည်။

ယခင် နယ်စပ်ကုန်သွယ်ရေး ကောင်းမွန်သည့် ကာလများတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ အစေ့ထုတ်ပြောင်းများ တင်ပို့ရာတွင် မြဝတီ၊ မူဆယ်လမ်းကြောင်းများမှတစ်ဆင့် တင်ပို့ရောင်းချကြသော်လည်း ယခုအခါတွင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း အခက်အခဲဖြစ်သည့်အတွက်ကြောင့် ပြည်ပနိုင်ငံများသို့ အဓိကအားဖြင့် ပင်လယ်ရေကြောင်းဖြင့်သာ တင်ပို့ရောင်းချလျက် ရှိပါသည်။ ယခုအခါတွင် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများ တရားဝင်တင်ပို့ရောင်းချရာတွင် GACC အသိအမှတ်ပြုလက်မှတ် ပြနိုင်သည့်အတွက်ကြောင့် သီးနှံများကို ဈေးနှိမ်၍ ဝယ်ယူသည့်ကိစ္စရပ်များ ကြုံတွေ့ခြင်း နည်းပါးလျက် ရှိပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ထွက်ရှိသော သီးနှံများ၏ အရည်အသွေးကို မကြည့်ဘဲ ဝယ်ယူလျက်ရှိပါသည်။ ယခုအခါတွင် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းအများစု တင်ပို့လျက်ရှိသည့် မူဆယ်လမ်းကြောင်းအခြေအနေမှာ ခက်ခဲလျက် ရှိပါသည်။ ထို့ကြောင့် ယခုအခါတွင် ကျိုင်းတုံနှင့် မိုင်းလားလမ်းမှတစ်ဆင့် ကုန်ပစ္စည်းအနည်းငယ် တင်ပို့နိုင်သည့် အခြေအနေများကို တွေ့ရှိရပါသည်။ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများ ရောင်းချရာတွင် မြန်မာကုန်သည်များ ညီညွတ်မှုရှိမည်ဆိုပါက သီးနှံဈေးကောင်း ပိုမိုရရှိနိုင်မည် ဖြစ်ပါသည်။ ယခုအခါတွင် မြန်မာကုန်သည်များသည် ဈေးကောင်းရရှိမည်ကို မစောင့်ဆိုင်းဘဲ မိမိ၏ကုန်ပစ္စည်း ရောင်းချရေးကိုသာ ရှေးရှုကြသောကြောင့် သီးနှံများအား ဈေးလျှော့ရောင်းချကြသည်ကို တွေ့ရှိနေရပါသည်။

တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် အသုံးပြုသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းသည် သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် သယ်ယူရေးစရိတ်သည် ယခင်ကထက် ၂ ဆ - ၃ ဆခန့် မြင့်တက်လျက်ရှိပြီး ပင်လယ်ရေကြောင်းဖြင့်သာ ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပါသည်။ ပင်လယ်ရေကြောင်းဖြင့် ကုန်ပစ္စည်းများ တင်ပို့ရာတွင် သင်္ဘောတစ်စီးလုံးဆံ့ ကုန်များကို စုဆောင်း၍ တင်ပို့ရသောကြောင့် ထိုတင်ပို့မှုကို ကုန်သည်ကြီးများသာ လုပ်ကိုင်နိုင်ပြီး အသေးစားနှင့် အလတ်စား ကုန်သည်များအနေဖြင့် ယခုကာလတွင် အလုပ်ပြောင်း၍ လုပ်ကိုင်နေရသည်အထိ အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။

[၁၇] Telegraphic Transfer (TT) ငွေပေးချေမှုနစ်သည် စာရွက်စာတမ်းများစုံလျှင် ဝယ်ယူသူထံသို့ email မှ တစ်ဆင့် စာရွက်စာတမ်းများအား ပေးပို့ပြီး ကုန်ပစ္စည်းတန်ဖိုးငွေ တောင်းခံပါသည်။ ကုန်ပစ္စည်းတန်ဖိုးငွေ ရရှိပြီးသောအခါ ဝယ်ယူသူထံသို့ မူရင်းစာရွက်စာတမ်းများအား DHL courier Service ဖြင့် ပြန်လည်ပေးပို့ခြင်းဖြစ်ပါသည်။

ပြောင်းစိုက်တောင်သူများအသင်းသည် တောင်သူများအား သွင်းအားစု ထောက်ပံ့ကူညီသူများနှင့် ပူးပေါင်း၍ တောင်သူအကျိုးဖြစ်ထွန်းစေရန်နှင့် တောင်သူများ စိုက်ပျိုးရေးသွင်းအားစုများ (မျိုး၊ မြေသြဇာ နှင့် ပိုးသတ်ဆေးများ) စသည်တို့ကို လွယ်ကူစွာရရှိနိုင်စေရန် လုပ်ဆောင်ပေးလျက်ရှိပါသည်။ သို့သော် လည်း ထိုကဲ့သို့သော တောင်သူလယ်သမားအသင်းများသည် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆက်လက် လုပ်ဆောင်ရန်နှင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် စီမံခန့်ခွဲမှုနှင့် ငွေကြေးအရင်းအမြစ် များ လိုအပ်လျက်ရှိပါသည်။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများသည် တောင်သူများအား ပြောင်းစိုက်ပျိုး နည်း နည်းပညာများပေးခြင်း၊ လယ်ယာသုံးစက်ယန္တရား ဝန်ဆောင်မှုများပေးခြင်း၊ ဈေးကွက်အချက် အလက်များပေးခြင်း စသည့် ဝန်ဆောင်မှုများကိုလည်း လုပ်ဆောင်ပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံရှိ ပြောင်းတန်ဖိုးကွင်းဆက်တစ်လျှောက်လုံးတွင် အစုရှယ်ယာရှင်များနှင့် ဆက်စပ် သက်ဆိုင်သူများ၏ ပေါင်းစပ်ဖွဲ့စည်းပုံသည် တစ်စုတစ်စည်းတည်းဖြစ်လာသော်လည်း ပါဝင်သူအချင်းချင်း ချိတ်ဆက်မှု အားနည်းလျက်ရှိပါသည်။ ထို့အပြင် အစုအဖွဲ့တစ်ခုစီနှင့် သက်ဆိုင်သူအစုအဖွဲ့များကြားတွင် အချင်းအချင်းယုံကြည်မှုများ တည်ဆောက်ရန်လည်း လိုအပ်ပါသည်။ ထိုအားနည်းချက်များကို ပြုပြင် ပြောင်းလဲနိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ ပြောင်းတန်ဖိုးကွင်းဆက်တစ်လျှောက် လုပ်ငန်းများ လုပ်ကိုင်ရာ တွင် ပိုမိုလွယ်ကူ လျင်မြန်ချောမွေ့စေပြီး မြန်မာနိုင်ငံ၏ ပြောင်းကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ် ပါသည်။

## ၆.၄။ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ (SWOC analysis)

လေ့လာတွေ့ရှိချက်များအရ မြန်မာ့အစေ့ထုတ်ပြောင်း၏ ပို့ကုန်အလားအလာနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားတို့နှင့် စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

**(က) အားသာချက်များ (Strength)**

- အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ရန် ရေမြေရာသီဥတု အခြေခံကောင်းများရှိခြင်း၊
- ပြည်တွင်းဝယ်လိုအား များလာခြင်း၊
- ယခုအခါတွင် မြန်မာ့အစေ့ထုတ်ပြောင်း၏ အရည်အသွေးသည် ပိုမိုကောင်းမွန်လာခြင်း။

**( ခ ) အားနည်းချက်များ (Weakness)**

- မျိုးစေ့နှင့် သွင်းအားစုများ၏ ဈေးနှုန်းများ မြင့်တက်ခြင်း၊ အလုပ်သမားခ မြင့်တက်ခြင်း နှင့် လုပ်သားရှားပါးခြင်း၊
- ပြောင်းမျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်မှု အားနည်းခြင်း၊
- ကုန်ကြမ်းအတိုင်းသာ တင်ပို့ရောင်းချနိုင်ခြင်း၊
- ကုန်ချောထုတ်လုပ်ရန်အတွက် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုး ကူညီမှုများ အားနည်းခြင်း၊

- နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း၌ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိခြင်း၊
- ပင်လယ်ရေကြောင်းဖြင့်သာ တင်ပို့ရသောကြောင့် တင်ပို့မှုကုန်ကျစရိတ် မြင့်မားခြင်း၊
- ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရန် မှတ်ပုံတင်ခြင်းများ လုပ်ဆောင်ရာတွင် လုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်ချက်များ၍ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာခြင်း၊
- နိုင်ငံခြားငွေ လဲလှယ်မှုများတွင် အခက်အခဲများ ရှိနေခြင်း။

**( ဂ ) အခွင့်အလမ်းများ (Opportunities)**

- အခြားနိုင်ငံများ၏ အစေ့ထုတ်ပြောင်းများနှင့် အရည်အသွေး ယှဉ်ပြိုင်နိုင်လာခြင်း၊
- ပြည်ပနိုင်ငံများမှ ဝယ်လိုအား မြင့်မားလာခြင်း၊
- ကုန်သွယ်မှုအသိုက်အဝန်း၌ နိုင်ငံတကာ စီးပွားရေးသံမှူးများနှင့် အသင်းအဖွဲ့များ ပါဝင် ဆောင်ရွက်မှု ပိုမိုအားကောင်းလာခြင်း၊
- ပြည်တွင်းမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း။

**(ဃ) စိန်ခေါ်မှုများ (Challenges)**

- ထိုင်းနိုင်ငံ၏ မီးခိုးမြူကိစ္စကြောင့် ကုန်သွယ်မှုအတားအဆီးများ ဖြစ်ပေါ်နိုင်မှု အလား အလာရှိခြင်း၊
- ဈေးနှုန်းမတည်ငြိမ်မှုများ ဖြစ်ပေါ်ခြင်း၊
- ပင်လယ်ရေကြောင်းကုန်သွယ်မှု၌ မိုးရာသီတွင် ရာသီဥတုအခြေအနေကြောင့် သင်္ဘော တင်ရာတွင် အဆင်မပြေမှုများဖြစ်ခြင်း၊ လမ်းခရီးတွင် မကြာခဏ နားခိုရသည့်အတွက် အချိန်ပိုမိုကြာမြင့်ခြင်း စသည်တို့ကြောင့် ကုန်သွယ်မှုကို နှောင့်နှေးကြန့်ကြာစေပြီး ကုန်ပစ္စည်းများကို ထိခိုက်ပျက်စီးစေခြင်း၊
- တရုတ်ဝယ်လက်များမှ ဝယ်ယူသောကုန်ပစ္စည်းအပေါ် ငွေပေးချေမှုအနေဖြင့် အခြား နိုင်ငံများနှင့် တန်းတူဆက်ဆံမှုမရှိဘဲ ပေးရန်ငွေများ ချန်ထားခြင်းနှင့် ငွေညစ်ခြင်းများ ကို ရင်ဆိုင်ကြုံတွေ့ရခြင်း။

## ၇။ သုံးသပ်တင်ပြချက်များ

အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများမှ မြန်မာ့အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်စေရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံသည် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ရန် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း ခေတ်မီ စိုက်ပျိုးနည်းစနစ်များ အသုံးပြုမှု အားနည်းခြင်း၊ မျိုးစေ့အရည်အသွေးမြင့်မားမှု အားနည်းခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် မြန်မာ့အစေ့ထုတ်ပြောင်း အထွက်နှုန်းမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ ထို့အတွက်ကြောင့် မြန်မာ့အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်၊ အရည်အသွေးမြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီခြင်း၊ ခေတ်မီ စိုက်ပျိုးနည်းပညာများနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ အသုံးပြုနိုင်ရန် ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းဆောင်ရွက်ချက်များကို ပံ့ပိုးလုပ်ဆောင်ပေးရန် လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ပြောင်းစပ်မျိုးများကိုသာ စိုက်ပျိုးခွင့်ပေးထားသော်လည်း မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသော ပြောင်းမျိုး (GMO) များကို စိုက်ပျိုးရန် တားမြစ်ထားပါသည်။ ထို့အတွက်ကြောင့် မြန်မာနိုင်ငံမှထွက်ရှိသော ပြောင်းများကို ပြည်ပနိုင်ငံများ (ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံ) မှ ဝယ်ယူရာတွင် GMO ပြောင်းများ မဟုတ်သည့်အတွက်ကြောင့် ဈေးကောင်းပေး၍ ဝယ်ယူနေကြပါသည်။ သို့သော်လည်း တရုတ်နိုင်ငံမှ မြန်မာ့ပြောင်းကို အခြားနိုင်ငံများကဲ့သို့ ဈေးကောင်းပေး၍ မဝယ်ယူကြကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ့အစေ့ထုတ်ပြောင်းကို ပြည်တွင်းတိရစ္ဆာန်စာ ထုတ်လုပ်သည့် လုပ်ငန်းများတွင် တွင်ကျယ်စွာ အသုံးပြုသည့်အပြင် ပြည်ပပို့ကုန်အဖြစ် အာရှနိုင်ငံများဖြစ်သော ထိုင်း၊ ဖိလစ်ပိုင်နှင့် တရုတ် စသည့် နိုင်ငံများသို့လည်း အဓိကတင်ပို့ရောင်းချလျက် ရှိပါသည်။ ပြည်ပနိုင်ငံများသို့ အစေ့ထုတ်ပြောင်းများ တင်ပို့ရောင်းချနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုခြင်းဖြင့် ဈေးကွက်ချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ မြန်မာ့အစေ့ထုတ်ပြောင်းကို အာရှနိုင်ငံများသာမက အခြားသော နိုင်ငံများကိုပါ တင်ပို့ရောင်းချနိုင်ရန် ပြောင်း၏ အရည်အသွေးသည် ယခုထက် ပိုမိုကောင်းမွန်ရန်နှင့် ကုန်သွယ်မှုလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုသည် အာဆီယံနိုင်ငံများအနက် အလယ်အလတ်အဆင့်တွင် ရှိနေပါသည်။ မြန်မာ့ပြောင်း၏ ပြည်တွင်းဈေးကွက်သည် ထုတ်လုပ်နိုင်မှု ပမာဏနှင့် ဈေးကွက်ဝယ်လိုအားပေါ်မူတည်၍ ပြောင်းလဲမှုရှိနေသည်ကို တွေ့ရှိရပါသည်။ မြန်မာ့အစေ့ထုတ်ပြောင်း၏ လက်ကားဈေးနှုန်းသည် ထိုင်း၊ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့၏ ပြောင်းလက်ကားဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အနည်းငယ် နိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။ ထို့အတွက်ကြောင့် မြန်မာ့အစေ့ထုတ်ပြောင်းအား အခြားနိုင်ငံများနည်းတူ ဈေးကောင်းရရှိရေး လုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။ ကမ္ဘာ့ဈေးကွက်ဆိုင်ရာ ယှဉ်ပြိုင်နိုင်မှုများအနေဖြင့် ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်များ (RCA, RSCA) အရ မြန်မာ့အစေ့ထုတ်ပြောင်းသည် ကမ္ဘာ့ပြောင်းဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည့် ကုန်ပစ္စည်းတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခင်က မြန်မာနိုင်ငံသည် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် တရုတ်နိုင်ငံကိုသာ အဓိက မှီခိုအားကိုး၍ ရောင်းချခဲ့ကြသော်လည်း ယခုအခါ ထိုင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် အခြားသော နိုင်ငံများသို့ပါ ကုန်ပစ္စည်းများ တင်ပို့ရောင်းချလာနိုင်ခြင်းသည် ကောင်းမွန်သောလက္ခဏာ ဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍမှ သီးနှံများစိုက်ပျိုး၍ တင်ပို့ရောင်းချရန်အတွက် ဆောင်ရွက်ရာတွင် ဝယ်ယူမည့်နိုင်ငံမှ အလိုရှိသော သီးနှံ၏ အရည်အသွေးနှင့် ကိုက်ညီစေရန် သတိပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။[၁၈]

အိမ်နီးချင်းနိုင်ငံများတွင် အစေ့ထုတ်ပြောင်း လိုအပ်ချက် ပို၍မြင့်မားလာသောကြောင့် မြန်မာ့အစေ့ထုတ်ပြောင်းသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများမှပါ ဝယ်လိုအားမြင့်မားလျက် ရှိနေပါသည်။ ယခုကာလတွင် မြန်မာ့အစေ့ထုတ်ပြောင်း၏ အရည်အသွေးသည် ယခင်ကထက်ပို၍ တိုးတက်လာသောကြောင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိ၍ ပို့ကုန်အလားအလာကောင်းသော သီးနှံတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။ မြန်မာ့အစေ့ထုတ်ပြောင်း ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်နှင့် ပို့ကုန်လမ်းကြောင်းများ အဆင်ပြေချောမွေ့စေရန် လုပ်ဆောင်ပေးကြရမည် ဖြစ်ပါသည်။

သို့သော် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းတွင် ရာဂီမုန်တိုင်း ဝင်ရောက်မှုကြောင့် မြန်မာနိုင်ငံအတွင်း မိုးများပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုအချိန်တွင် ပြောင်းစိုက်ပျိုးရာ ဒေသများ ဖြစ်သော ရှမ်းပြည်နယ်နှင့် အခြားသောဒေသများ၌ မိုးရာသီပြောင်းကို ရိတ်သိမ်း၍ သိမ်းဆည်းသည့်အချိန်ကာလများဖြစ်သည့်အတွက်ကြောင့် ရိတ်သိမ်းထားသော အစေ့ထုတ်ပြောင်းများ ပျက်ဆီးဆုံးရှုံးမှု ဖြစ်ပေါ်စေခဲ့ပြီး ပြောင်း၏ အရည်အသွေးများပါ ထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ထို့ကြောင့် လာမည့်နှစ်အတွင်း မြန်မာနိုင်ငံမှ ပြောင်းတင်ပို့နိုင်မှုပမာဏ လျော့နည်းလာနိုင်မည်ဟု ခန့်မှန်းထားပါသည်။

မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း တင်ပို့ရောင်းချမှုတွင် ၂၀၂၃-၂၀၂၄ ခုနှစ်၌ တရုတ်နိုင်ငံသို့ နယ်စပ်မှ တင်ပို့မှုများ အဆင်မပြေခဲ့သောကြောင့် ပင်လယ်ရေကြောင်းမှ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခြင်း ပိုမိုများခဲ့ကြောင်း သိရှိရပါသည်။ ထို့ကြောင့် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် ပိုမိုအဆင်ပြေချောမွေ့လွယ်ကူစေရန်အတွက် တင်ပို့ရောင်းချ၍ရနိုင်သော နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် ပြန်လည်တင်ပို့ရောင်းချနိုင်ရေးကို စီမံဆောင်ရွက်ပေးနိုင်ပါက GACC SPS Protocol ရေးထိုးထားသော အကျိုးရလဒ်အား ပြောင်းလုပ်ငန်းရှင်ကုန်သည်များ ပိုမိုခံစားရရှိနိုင်မည် ဖြစ်ပါသည်။[၁၉]

တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များ၊ စားသောက်ကုန်များ တင်ပို့မည့်လုပ်ငန်းရှင်များကို GACC အသိအမှတ်ပြုလက်မှတ် ရရှိအောင် ဆောင်ရွက်ကြရန် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များမှ အသိပေးတိုက်တွန်းခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။ ထို့ပြင် လုပ်ငန်းရှင်များ ကြုံတွေ့နေရသော အခက်အခဲများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခြင်း၊ တရုတ်နိုင်ငံ၏ ဈေးကွက်အခြေအနေ၊ သယ်ယူပို့ဆောင်ရေးကွန်ရက်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မျှဝေပေးခြင်း စသည့် လုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။[၂၀]

[၁၈], [၁၉], [၂၀] Key Informant Interview (စီးပွားရေးသမ်ိုးများ) အစီရင်ခံစာမှ တွေ့ရှိချက်များကို သုံးသပ်၍ ရေးသားထားခြင်းဖြစ်ပါသည်။

အနာဂတ်တွင် ပြောင်းတင်ပို့ရောင်းချမှုဆောင်ရွက်ရာ၌ ပို၍ကောင်းမွန်လာစေရန် အထွက်နှုန်းကောင်း၍ ရာသီဥတုဒဏ် ခံနိုင်သည့်မျိုးများ ထုတ်လုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် မျိုးရိုးဗီဇပြုပြင်ထားသော ပြောင်းမျိုးများကို နိုင်ငံအတွင်း စိုက်ပျိုးရန် ဇီဝလုံခြုံရေး (Bio-Safety) အစီအမံများချမှတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်ပြီး စိုက်ပျိုးခွင့်ပြုမည်ဆိုပါက ပြောင်းအထွက်နှုန်းတိုး၍ ပြောင်းတင်ပို့မှုပမာဏ ပိုများနိုင်မည် ဖြစ်ပါသည်။ အရည်အသွေးကောင်းသည့် မြန်မာ့အစေ့ထုတ်ပြောင်းများ ထုတ်လုပ်နိုင်ရန် တောင်သူများအား ရိတ်သိမ်းချိန်လွန်နည်းပညာများ သင်ကြားပေးသည့် သင်တန်းများ ပို့ချပေးခြင်းနှင့် တောင်သူများလိုအပ်သည့် ပံ့ပိုးမှုများအား ထောက်ပံ့ပေးခြင်း စသည်တို့ကို အလေးထား ဆောင်ရွက်သင့်ပါသည်။ မိုးရာသီတွင် ဆိပ်ကမ်းမှ ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်သည့် အကာအကွယ်များ/ အဆောက်အဦများ ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။ ကုန်ပစ္စည်းတင်ပို့မှု လုပ်ငန်းစဉ်များကို ကျွမ်းကျင်လုပ်သားများနှင့် အချိန်မြန်စွာ ဆောင်ရွက်နိုင်ပါက သိုလှောင်ထိန်းသိမ်းမှု လုပ်ငန်းများနှင့် လေလွင့်ဆုံးရှုံးမှုများ နည်းပါးနိုင်သည့်အတွက်ကြောင့် ကျွမ်းကျင်လုပ်သားများလည်း မွေးထုတ်ပေးရန် အလေးထား ဆောင်ရွက်သင့်ပါသည်။ ငွေကြေးမူဝါဒ အပြောင်းအလဲများကြောင့် သတ်မှတ်ကာလများတွင် ကုန်ပစ္စည်းများကို လွယ်ကူလျင်မြန်ချောမွေ့စွာ တင်ပို့နိုင်ရန် အလေးပေး ဆောင်ရွက်သင့်ပါသည်။

## ၈။ မူဝါဒထောက်ခံချက်များ

**(အခြေခံအဆောက်အဦ၊ ဌာဆိုင်ရာအဖွဲ့အစည်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ မူဝါဒဖော်ဆောင်မှုနှင့် မဟာဗျူဟာနည်းလမ်းများ)**

မြန်မာ့အစေ့ထုတ်ပြောင်း၏ ပို့ကုန်အလားအလာနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားကို မြှင့်တင်နိုင်ရန်အတွက် ကျင့်သုံးသင့်သည့် မူဝါဒထောက်ခံချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### (က) အခြေခံအဆောက်အဦ

ပြည်ပနိုင်ငံများသို့ မတင်ပို့မီ ရိတ်သိမ်းထားသည့် မြန်မာ့အစေ့ထုတ်ပြောင်းများ၏ အရည်အသွေး မကျဆင်းစေရန် သေချာစွာ သိုလှောင်သိမ်းဆည်း၍ရသည့် နိုင်ငံတကာအဆင့်မီ အဆောက်အဦများ တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါသည်။ ထို့ပြင် အရည်အသွေးကောင်းမွန်သည့် ပြောင်းများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် ပြောင်း၏ အရည်အသွေးကို စစ်ဆေးပေးနိုင်သည့် ခေတ်မီစက်ကိရိယာများ လုံလောက်မှုရှိစေရန် ပံ့ပိုးလုပ်ဆောင်ပေးသင့်ပါသည်။

### ( ခ ) ဌာနဆိုင်ရာ အဖွဲ့အစည်းများ

ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ပြည်တွင်းထုတ်လုပ်နိုင်မှုစွမ်းအား (Productivity) ကို မြှင့်တင်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရက ပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့ထုတ်ကုန်များ ပိုမိုတိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်မည် ဖြစ်ပါသည်။ အနာဂတ်တွင် ပြောင်း၏ ကုန်ပစ္စည်းအရည်အသွေး၊ အရေအတွက်နှင့် ဈေးနှုန်းတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် တင်ပို့နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ အတူတကွ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

### ( ဂ ) စွမ်းဆောင်ရည်မြှင့်တင်ခြင်း

မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်များကို အများအားဖြင့် ကုန်ကြမ်းအဆင့်သာ တင်ပို့နိုင်သဖြင့် နည်းပညာများကို အသုံးပြုသည့် အရည်အသွေးပြည့်မီသော အစေ့ထုတ်ပြောင်းများကို ထုတ်လုပ်တင်ပို့မည်ဆိုပါက ယခုထက် ပိုမိုဝင်ငွေရရှိမည် ဖြစ်ပါသည်။ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရာတွင် ပြောင်းကုန်ကြမ်းထက် ကုန်ချောများ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ ကမ္ဘာ့ပြောင်းဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် ဈေးကွက်ဝင် အရည်အသွေးရှိသည့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍ ပိုမိုအဆင့်မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

### (ဃ) နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု

ယခုအခါ နိုင်ငံတကာတွင် မြန်မာနိုင်ငံအား စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ကြမ်းပစ္စည်းများကိုသာ ထုတ်လုပ်နိုင်သည့်နိုင်ငံအဖြစ် သတ်မှတ်ကြပါသည်။ အထူးသဖြင့် သီးနှံများကို ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှသာ နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်

ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရာတွင် ပြောင်းကုန်ကြမ်းအစား နိုင်ငံတကာအသိအမှတ်ပြု တိရစ္ဆာန်အစာအထိ ထုတ်လုပ်၍ တင်ပို့ရောင်းချနိုင်စေရန် နည်းပညာများနှင့် ပြည်တွင်းပြည်ပ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ စီမံဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

## ( င ) မူဝါဒဖော်ဆောင်မှု

မြန်မာနိုင်ငံသည် အဓိကအားဖြင့် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံများသို့ အစေ့ထုတ်ပြောင်းတင်ပို့နေသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ တရုတ်နိုင်ငံနှင့် GACC SPS Protocol ချုပ်ဆိုထားသော်လည်း ယခုအခါတွင် သယ်ယူပို့ဆောင်ရေး လမ်းခရီးအခက်အခဲများကြောင့် ကုန်ပစ္စည်းတင်ပို့မှုပမာဏ လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဈေးကွက်ရရှိ၍ ကုန်သွယ်မှု လျင်မြန်ချောမွေ့နိုင်ရန်အတွက် ပံ့ပိုးအားပေးသည့် အစိုးရမူဝါဒများနှင့် နည်းလမ်းများချမှတ်၍ ရေတို၊ ရေရှည်မဟာဗျူဟာနည်းလမ်းများဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

တရုတ်နိုင်ငံနှင့် GACC SPS Protocol ထပ်မံချုပ်ဆိုရန် သီးနှံ/ကုန်ပစ္စည်းများ ရွေးချယ်ရာတွင် အဆိုပါသီးနှံသည် တရုတ်နိုင်ငံတွင် ထုတ်လုပ်နိုင်စွမ်း လျော့နည်းပြီး လိုအပ်ချက်များစွာရှိသည့် သီးနှံ/ကုန်ပစ္စည်းမျိုးကို ဦးစားပေးဆောင်ရွက်ရန်၊ အခြားနိုင်ငံများမှ Protocol ချုပ်ဆိုမှုမရှိသေးသည့် သီးနှံ/ကုန်ပစ္စည်းများကို ဦးစားပေးဆောင်ရွက်ရန်၊ တရုတ်နိုင်ငံမှလိုအပ်သည့် ပမာဏအတိုင်း တင်ပို့ဆောင်ရွက်နိုင်မည့် အလားအလာရှိသည့် ကုန်ပစ္စည်းများကို ဦးစားပေး ထည့်သွင်းစဉ်းစားသင့်ပါသည်။ တောင်သူများ၊ လုပ်ငန်းရှင်များအနေဖြင့်လည်း လက်မှတ်ရေးထိုးပြီးဖြစ်သည့် သီးနှံ/ကုန်ပစ္စည်းများကို ပိုမိုတိုးချဲ့စိုက်ပျိုး၍ တရုတ်နိုင်ငံမှ စားသုံးသူများ လိုအပ်သည့်ပမာဏအတိုင်း တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိပါသည်။

## ( စ ) မဟာဗျူဟာနည်းလမ်းများ

မြန်မာ့အစေ့ထုတ်ပြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါ မဟာဗျူဟာနည်းလမ်းများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်-

(၁) နိုင်ငံတကာကုန်သွယ်မှုတွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် ကုန်ကြမ်းမှတစ်ဆင့် ပြုပြင်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊

(၂) ပို့ကုန်ကဏ္ဍတိုးမြှင့်စေရေးအတွက် အိန္ဒိယ၊ ဗီယက်နမ် စသည့် ကုန်သွယ်ဖက်နိုင်ငံများနှင့် ရေရှည် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များရရှိရေး ဆောင်ရွက်ရန်၊

(၃) ကုန်စည်ကူးသန်းရောင်းဝယ်ရေး ကြန့်ကြာမှုများနှင့် ကုန်ကျစရိတ်များ လျှော့ချနိုင်ရန် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကို ကောင်းမွန်အောင်ဆောင်ရွက်ပေးရန်၊

(၄) စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲပြီး ကမ္ဘာ့ဈေးကွက်ကို ဝင်ရောက်နိုင်ရန်အတွက် အရည်အသွေးစံနှုန်းများနှင့် ကိုက်ညီသော ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊

(၅) လက်ရှိတွင် တောင်သူအများစုသည် CP စပ်မျိုးများပေါ်တွင် မှီခိုနေရသည့်အတွက် တင်သွင်းနိုင်ငံများ၏ အရည်အသွေးလိုအပ်ချက်များနှင့် ကိုက်ညီသော မျိုးစေ့များ ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ရန်၊

(၆) အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ အစေ့ထုတ်ပြောင်း စိုက်ပျိုးခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် အရည်အသွေးထိန်းချုပ်ခြင်း စသည့် အသိပညာပေးမှုများ ဆောင်ရွက်ပေးရန်၊

(၇) လေလွင့်ဆုံးရှုံးမှုများကို အနည်းဆုံးအထိ လျှော့ချနိုင်ရန်အတွက် မိုးရာသီအတွင်း ကုန်စည်များကို ပို့ဆောင်ရာတွင် အသုံးပြုရန် အမိုးအကာနှင့် အဆောက်အဦများ စီစဉ်ပေးခြင်းနှင့် ကုန်ပစ္စည်း တင်/ချခြင်းလုပ်ငန်းများကို ကျွမ်းကျင်လုပ်သားများဖြင့် နေ့ဆိုင်း၊ ညဆိုင်း စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၈) ထုတ်လုပ်မှုနှင့် အရည်အသွေးမြှင့်တင်နိုင်ရေး ရိတ်သိမ်းချိန်လွန် နည်းပညာများ တိုးတက်စေရေးအတွက် အထွက်နှုန်းမြင့်မားပြီး ရာသီဥတုဒဏ် ကြံ့ကြံ့ခိုင်နိုင်သော မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးရန်။

# ၉။ ကိုးကားချက်များ

Agribusiness Bulletin. (2023). Maize. Agribusiness and Trade Division, Department of Planning, Ministry of Agriculture, Livestock and Irrigation, The Republic of the Union of Myanmar.

CSO. (2024). Central Statistical Organization, Myanmar Agricultural Statistics (2014-2023). Ministry of Planning and Finance. Republic of Union of Myanmar.

Department of Agricultural Research (DAR). (2019). Development of a Maize Value Chain to Enhance Income Farmers in Myanmar. Joint Research Report between Korea Rural Economic Institute (KREI), Department of Agricultural Research (DAR) and Myanmar Agriculture Network (MAN)

DOA. (2024). Market Information System. Retrieved September 28, 2024, from Corn price falls back in domestic market: https://www.doa.gov.mm/ mis/index.php?route=cms/article&article_id=268

DOP. (2022). Myanmar Agriculture Sector in Brief. Department of Planning, Ministry of Agriculture, Livestock and Irrigation, The Republic of the Union of Myanmar.

FAO. (2023). Food and Agriculture Organization of the United Nation. FAOSTAT Database: https://www.fao.org/faostat/en/#data

Global New Light of Myanmar. (2024). Myanmar exports 1.8 M tonnes of maize duty-free. Retrived September 24, 2024 from https://www.gnlm.com.mm/ myanmar-exports-1-8m-tonnes-of-maize-duty-free/#

Global New Light of Myanmar. (2024). Retrieved September 28, 2024, from Myanmar's rice, maize exports show upward trajectory: https://www.gnlm. com.mm/myanmars-rice-maize-exports-show-upward-trajectory/

IFPRI. (2023). Traders and Agri-Food Value Chain Resilience: The Case of Maize in Myanmar. STRATEGY SUPPORT PROGRAM | WORKING PAPER 46.

Mekong Business Initiative. 2017. Myanmar Corn’s Value Chain PPT. http://mekongbiz.org/

USDA (U.S. Department of Agriculture). (2024). Distribution of global corn production in 2023/24, by country. Retrieved September 19, 2024 from https://fas.usda.gov/data/production/commodity/0440000

စားသုံးသူရေးရာဦးစီးဌာန၊ (၂၀၂၂)၊ အစေ့ထုတ်ပြောင်းများ စတင်စိုက်ပျိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။ https://www.doca.gov.mm/en/node/3284

လယ်ယာစီးပွားနှင့်ကုန်သွယ်မှုဌာနခွဲ၊ (၂၀၂၂)၊ ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ တင်ပို့/ တင်သွင်းမှုနှင့် ဈေးကွက်အခြေအနေများအား လေ့လာတင်ပြခြင်း၊ စီမံကိန်းနှင့်စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

Mekong-Lancang Cooperation Special Fund Project၊ (၂၀၂၃)၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များ၏ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး စွမ်းဆောင်ရည်ဆိုင်ရာ သဘောတူညီမျှား၏ အရေးပါမှု၊ (၂၀၂၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

"အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး" စကားဝိုင်းဆွေးနွေးပွဲ အစီရင်ခံစာ၊ (၂၀၂၄)၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

လယ်ယာစီးပွားနှင့်ကုန်သွယ်မှုဌာနခွဲ၊ (၂၀၂၄)၊ ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ တင်ပို့/ တင်သွင်းမှုနှင့် ဈေးကွက်အခြေအနေများအား လေ့လာတင်ပြခြင်း၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များ၏ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး စွမ်းဆောင်ရည်နှင့် အိမ်နီးနားချင်းနိုင်ငံအချို့၏ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး စွမ်းဆောင်ရည်များအား လေ့လာတင်ပြခြင်း၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များအား အရည်အသွေးသတ်မှတ်ချက်များနှင့်အညီ ပြည်ပသို့ တင်ပို့နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ (PPT)၊ စားသုံးသူရေးရာဦးစီးဌာန။

Mekong-Lancang Cooperation

## ၁၀။ နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က)  မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် တွေ့ဆုံဆွေးနွေးမှုနှင့် အချက်အလက်ကောက်ခံခဲ့သော စာရင်းများ

| စဉ် | အကြောင်းအရာ | နမူနာအရေအတွက် (ဦးရေ) |
|---|---|---|
| ၁။ | အစိုးရအရာရှိကြီးများစာရင်း (KII နည်းလမ်း နှင့် FGD နည်းလမ်း) | ၈ |
| ၂။ | ပြောင်းအသင်းအဖွဲ့များ၏ တာဝန်ရှိသူများစာရင်း (FGD နည်းလမ်း) | ၃ |
| ၃။ | နိုင်ငံအလိုက် စီးပွားရေးသံမှူးများစာရင်း | ၁၆ |
| ၄။ | အစေ့ထုတ်ပြောင်း တင်ပို့ရောင်းချသူစာရင်း (KII နည်းလမ်း) | ၆ |
| **စုစုပေါင်း** | | **၃၃** |

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက်
Key Informant Interview (KII-Government Official) ဆောင်ရွက်ခဲ့သည့် အရာရှိကြီးများစာရင်း

| စဉ် | ရက်စွဲ | အချိန် | နေရာ | တွေ့ဆုံသည့် ပုဂ္ဂိုလ် | မေးမြန်းသည့် သုတေသနအဖွဲ့ဝင်များ |
|---|---|---|---|---|---|
| ၁။ | ၅.၈.၂၀၂၄ | နေ့လယ် (၁၂:၃၀) နာရီ | ဒုတိယဝန်ကြီး (စိုက်ပျိုးရေး) ၏ ရုံးခန်း | ဒုတိယဝန်ကြီး (စိုက်ပျိုးရေး)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်သီတာချောလှိုင်<br>ဒေါ်ထက်မာလာအေး |
| ၂။ | ၅.၈.၂၀၂၄ | နေ့လယ် (၃:၀၀) နာရီ | ညွှန်ကြားရေးမှူးချုပ် (မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်ထက်မာလာအေး<br>ဒေါ်ရွှေယမင်းအိမ် |
| ၃။ | ၂၁.၈.၂၀၂၄ | မနက် (၁၀:၀၀) နာရီ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစည်းအဝေးခန်းမ | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်ထက်မာလာအေး |
| ၄။ | ၁၆.၈.၂၀၂၄ | နေ့လယ် (၁:၄၅) နာရီ | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံကိန်းဦးစီးဌာန) ၏ ရုံးခန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်ထက်မာလာအေး |
| ၅။ | ၈.၈.၂၀၂၄ | နေ့လယ် (၃:၃၀) နာရီ | ညွှန်ကြားရေးမှူး (စားသုံးသူရေးရာဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်ထက်မာလာအေး |
| ၆။ | ၁၆.၈.၂၀၂၄ | နေ့လယ် (၁၂:၃၀) နာရီ | ညွှန်ကြားရေးမှူး (လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊ စီမံကိန်းဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး<br>သီးနှံကာကွယ်ရေးဌာနခွဲ၊<br>စိုက်ပျိုးရေးဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်ထက်မာလာအေး |

Mekong-Lancang Cooperation

| စဉ် | ရက်စွဲ | အချိန် | နေရာ | တွေ့ဆုံသည့် ပုဂ္ဂိုလ် | မေးမြန်းသည့် သုတေသနအဖွဲ့ဝင်များ |
|---|---|---|---|---|---|
| ၇။ | ၁၆.၈.၂၀၂၄ | နေ့လယ် (၃:၀၀) နာရီ | ညွှန်ကြားရေးမှူး (အစားအသောက်ဌာနခွဲ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၈။ | ၂၁.၈.၂၀၂၄ | မနက် (၁၁:၀၀) နာရီ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစည်းအဝေးခန်းမ (Focus Group Discussion) | ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက်
အုပ်စုလိုက် တွေ့ဆုံဆွေးနွေး (FGD) ခဲ့သည့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအသင်းအဖွဲ့များစာရင်း

| စဉ် | တွေ့ဆုံသည့် ပုဂ္ဂိုလ်များ | အသင်းအမည် | တွေ့ဆုံသည့် ရက်စွဲ | မေးမြန်းသည့် သုတေသန အဖွဲ့ဝင်များ |
|---|---|---|---|---|
| ၁။ | လုပ်ငန်းရှင် (၆) ဦး | မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်း | ၂၅.၇.၂၀၂၄ | ဒေါက်တာသိဂီမြင့်<br>ဒေါ်သီသီစိုး<br>ဒေါ်ထက်မာလာအေး<br>ဒေါ်ဆုမြတ်ခင်<br>ဒေါ်ရွှေယမင်းအိမ် |
| ၂။ | လုပ်ငန်းရှင် (၄) ဦး | မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်း | ၂၆.၇.၂၀၂၄ | |

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင် စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက်
အုပ်စုလိုက် တွေ့ဆုံဆွေးနွေး (FGD) ခဲ့သည့် မန္တလေးမြို့ရှိ သက်ဆိုင်ရာအသင်းအဖွဲ့များစာရင်း

| စဉ် | တွေ့ဆုံသည့် ပုဂ္ဂိုလ်များ | အသင်းအမည် | တွေ့ဆုံသည့် ရက်စွဲ | မေးမြန်းသည့် သုတေသန အဖွဲ့ဝင်များ |
|---|---|---|---|---|
| ၁။ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ (မန္တလေးတိုင်း) | ၂၃.၈.၂၀၂၄ | ဦးစိုးဝင်းမောင်<br>ဒေါက်တာသိဂီမြင့်<br>ဒေါ်ငြိမ်းငြိမ်းဖြိုး<br>ဒေါ်ထက်မာလာအေး |
| ၂။ | ဥက္ကဋ္ဌ | မန္တလေးတိုင်းဒေသကြီး ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း | | |
| ၃။ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း (မန္တလေးတိုင်း) | | |

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် ပါဝင်ဖြေကြားပေးသည့် နိုင်ငံအလိုက် စီးပွားရေးသံမှူးများ

| စဉ် | ရာထူး | နိုင်ငံ |
|---|---|---|
| ၁။ | စီးပွားရေးသံမှူး | ဝါရှင်တန်ဒီစီ၊ အမေရိကန်နိုင်ငံ |
| ၂။ | စီးပွားရေးသံမှူး | ဂျပန်နိုင်ငံ |
| ၃။ | စီးပွားရေးသံမှူး | ဒူဘိုင်းမြို့၊ U.A.E |
| ၄။ | စီးပွားရေးသံမှူး | ရုရှားနိုင်ငံ |
| ၅။ | စီးပွားရေးသံမှူး | ဆိုးလ်မြို့၊ တောင်ကိုရီးယားနိုင်ငံ |
| ၆။ | စီးပွားရေးသံမှူး | အိန္ဒိယနိုင်ငံ |
| ၇။ | စီးပွားရေးသံမှူး | ဗီယက်နမ်နိုင်ငံ |
| ၈။ | စီးပွားရေးသံမှူး | နန်နင်းမြို့၊ တရုတ်နိုင်ငံ |
| ၉။ | စီးပွားရေးသံမှူး | ဘာလင်မြို့၊ ဂျာမနီနိုင်ငံ |
| ၁၀။ | စီးပွားရေးသံမှူး | ဖိလစ်ပိုင်နိုင်ငံ |
| ၁၁။ | စီးပွားရေးသံမှူး | ဟောင်ကောင် |
| ၁၂။ | စီးပွားရေးသံမှူး | ထိုင်းနိုင်ငံ |
| ၁၃။ | စီးပွားရေးသံမှူး | ကူမင်းမြို့၊ တရုတ်နိုင်ငံ |
| ၁၄။ | စီးပွားရေးသံမှူး | စင်္ကာပူနိုင်ငံ |
| ၁၅။ | စီးပွားရေးသံမှူး | ပေကျင်းမြို့၊ တရုတ်နိုင်ငံ |
| ၁၆။ | စီးပွားရေးသံမှူး | ကော်လကတ္တာမြို့၊ အိန္ဒိယနိုင်ငံ |

Mekong-Lancang Cooperation

အစေ့ထုတ်ပြောင်း တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ KII နည်းလမ်းဖြင့် ဆွေးနွေးမေးမြန်းခြင်းတွင် ပါဝင်သည့်လုပ်ငန်းရှင်များ

| စဉ် | အမည် | တွေ့ဆုံသည့် အသင်းအမည် | တွေ့ဆုံသည့် ရက်စွဲ |
|---|---|---|---|
| ၁။ | ပြောင်းလုပ်ငန်းရှင် (၃) ဦး | မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း (ရန်ကုန်မြို့) | ၂၅.၇.၂၀၂၄ |
| ၂။ | ပြောင်းလုပ်ငန်းရှင် (၃) ဦး | မြန်မာနိုင်ငံ ပြောင်းကုန်သည်များအသင်း (ရန်ကုန်မြို့) | ၂၆.၇.၂၀၂၄ |

Mekong-Lancang Cooperation

## နောက်ဆက်တွဲ (ခ) မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်/ နိုင်ငံအလိုက် အစေ့ထုတ်ပြောင်းတင်ပို့မှုအခြေအနေ

တန်ချိန်- မက်ထရစ်တန်၊ တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| နိုင်ငံ | ၂၀၁၇-၂၀၁၈ | | ၂၀၁၈-၂၀၁၉ | | ၂၀၁၉-၂၀၂၀ | | ၂၀၂၀-၂၀၂၁ | | ၂၀၂၁-၂၀၂၂ (Mini Budget) | | ၂၀၂၂-၂၀၂၃ (ဧပြီ-ဩဂုတ်) | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ဩစတြေးလျ | - | - | - | - | ၁.၃ | ၀.၀ | ၀.၁ | ၀.၀ | - | - | - | - |
| ဘင်္ဂလားဒေ့ရှ် | - | - | - | - | ၁၃,၄၄၁.၀ | ၃.၀ | - | - | ၇၁,၈၀၀.၀ | ၁၇.၈ | ၁၈,၅၅၀.၀ | ၅.၈ |
| တရုတ် | ၁,၃၈၇,၆၉၃.၀ | ၂၈၄.၇ | ၆၈၉,၅၈၅.၆ | ၁၃၄.၆ | ၁၂၆,၀၂၀.၅ | ၁၇.၂ | ၁၀၇,၇၉၇.၄ | ၁၆.၈ | ၄၄,၆၇၅.၂ | ၇.၂ | ၂,၀၈၅.၉ | ၀.၆ |
| OVERSEA | - | - | - | - | - | - | - | - | - | - | - | - |
| BORDER | ၁,၃၈၇,၆၉၃.၀ | ၂၈၄.၇ | ၆၈၉,၅၈၅.၆ | ၁၃၄.၆ | ၁၂၆,၀၂၀.၅ | ၁၇.၂ | ၁၀၇,၇၉၇.၄ | ၁၆.၈ | ၄၄,၆၇၅.၂ | ၇.၂ | ၂,၀၈၅.၉ | ၀.၆ |
| ဟောင်ကောင် | ၅၅၂.၀ | ၀.၁ | ၁,၃၁၈.၀ | ၀.၃ | ၁,၇၄၄.၀ | ၀.၄ | - | - | - | - | - | - |
| အိန္ဒိယ | ၁၂.၅ | ၀.၀ | ၂၈,၀၄၀.၈ | ၆.၁ | ၂၄၃,၁၄၃.၇ | ၅၂.၃ | ၁,၁၅၀.၀ | ၀.၃ | ၁,၀၀၀.၀ | ၀.၂ | - | - |
| OVERSEA | - | - | ၂၇,၄၂၂.၀ | ၆.၀ | ၂၄၂,၄၁၂.၂ | ၅၂.၂ | ၁,၁၅၀.၀ | ၀.၃ | ၁,၀၀၀.၀ | ၀.၂ | - | - |
| BORDER | ၁၂.၅ | ၀.၀ | ၆၁၈.၈ | ၀.၁ | ၇၃၁.၅ | ၀.၁ | - | - | - | - | - | - |
| ဂျပန် | - | - | - | - | - | - | ၀.၃ | ၀.၀ | ၅၀၁.၀ | ၀.၁ | - | - |
| လာအို | - | - | - | - | ၄၀၀.၀ | ၀.၁ | - | - | - | - | - | - |
| OVERSEA | - | - | - | - | - | - | - | - | - | - | - | - |
| BORDER | - | - | - | - | ၄၀၀.၀ | ၀.၁ | - | - | - | - | - | - |
| မလေးရှား | ၃,၂၈၄.၁ | ၀.၅ | ၃၁၁.၉ | ၀.၁ | ၂၇၅.၈ | ၀.၁ | ၂,၁၁၇.၅ | ၀.၅ | - | - | - | - |
| နီပေါ | - | - | - | - | ၄,၉၆၇.၈ | ၁.၁ | - | - | - | - | - | - |

| နိုင်ငံ | ၂၀၁၇-၂၀၁၈ | | ၂၀၁၈-၂၀၁၉ | | ၂၀၁၉-၂၀၂၀ | | ၂၀၂၀-၂၀၂၁ | | ၂၀၂၁-၂၀၂၂ (Mini Budget) | | ၂၀၂၂-၂၀၂၃ (ဧပြီ-ဩဂုတ်) | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ဖိလစ်ပိုင် | ၁၃,၄၉၀.၇ | ၃.၁ | ၁၆၇,၅၄၇.၄ | ၃၆.၁ | ၁၈၆,၇၄၅.၉ | ၄၁.၀ | ၄၅,၆၅၁.၅ | ၁၁.၀ | ၃၅၂,၂၄၁.၁ | ၈၄.၄ | ၅၇,၅၄၄.၀ | ၁၉.၀ |
| စင်္ကာပူ | ၂,၀၉၇.၀ | ၀.၄ | ၁,၁၁၈.၀ | ၀.၂ | ၉၉၈.၀ | ၀.၂ | ၃၅၀.၈ | ၀.၁ | ၂၁၄.၅ | ၀.၁ | ၄၆.၀ | ၀.၀၂ |
| သီရိလင်္ကာ | - | - | ၄,၀၄၂.၀ | ၀.၇ | ၇,၀၂၉.၄ | ၁.၄ | - | - | - | - | - | - |
| ဆူရီနမ် | - | - | - | - | ၄၈၀.၀ | ၀.၁ | - | - | - | - | - | - |
| ထိုင်ဝမ် | ၇၂၀.၀ | ၀.၁ | ၁,၆၀၈.၀ | ၀.၃ | ၂,၃၅၂.၀ | ၀.၅ | ၁,၃၂၈.၀ | ၀.၃ | - | - | ၁၀၀ | ၀.၀၄ |
| ထိုင်း | ၁၄၇၁.၀ | ၀.၃ | ၆၃၃,၀၄၃.၁ | ၉၇.၇ | ၁,၆၂၅,၆၄၃.၁ | ၂၄၉.၀ | ၂,၂၅၀,၃၃၁.၄ | ၄၅၈.၆ | ၇၃၆,၀၈၁.၈ | ၁၇၉.၅ | ၆၀၈,၈၅၁.၃ | ၁၉၁.၉ |
| OVERSEA | - | - | ၃၃၆.၀ | ၀.၁ | ၁၂၆,၇၆၅.၇ | ၂၃.၆ | ၈,၀၃၅.၀ | ၁.၈ | ၁၄,၃၂၅.၀ | ၄.၀ | ၅၇,၇၀၀.၀ | ၁၇.၉ |
| BORDER | ၁၄၇၁.၀ | ၀.၃ | ၆၃၂,၇၀၇.၁ | ၆၇.၇ | ၁,၄၉၈,၈၇၇.၄ | ၂၂၅.၄ | ၂,၂၄၂,၂၉၆.၄ | ၄၅၆.၈ | ၇၂၁,၇၅၆.၈ | ၁၇၅.၅ | ၅၅၁,၁၅၁.၃ | ၁၇၄ |
| ယူအေအီး | - | - | ၉၂.၀ | ၀.၀ | ၅၀.၀ | ၀.၀ | - | - | - | - | - | - |
| အမေရိကန် | - | - | - | - | ၂,၀၁၆.၀ | ၀.၅ | - | - | - | - | - | - |
| ဗီယက်နမ် | ၂၈,၂၆၂.၄ | ၅.၂ | ၄၃၆၄.၀ | ၀.၉ | ၆,၆၄၆.၀ | ၁.၅ | ၂၀၄,၉၃၉.၇ | ၄၈.၇ | ၃၁၅,၄၃၂.၃ | ၇၉.၀ | ၁၃,၁၂၀.၀ | ၄.၂ |
| ယီမင် | - | - | - | - | ၇၅.၀ | ၀.၀ | - | - | - | - | - | - |
| **စုစုပေါင်း** | **၁,၄၃၇,၅၈၂.၇** | **၂၉၄.၅** | **၁,၅၃၁,၀၇၀.၇** | **၂၇၇.၁** | **၂,၂၂၂,၀၂၉.၃** | **၃၆၈.၄** | **၂,၆၁၃,၆၆၆.၆** | **၅၃၆.၃** | **၁,၅၂၁,၉၄၅.၈** | **၃၆၈.၂** | **၇၀၀,၂၉၇.၂** | **၂၂၁.၆** |

ဓာတ်မြစ်။ Agribusiness Bulletin (Maize)၊ ၂၀၂၃